ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 25 February 2020 ၉၉၃၆

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိဝင်(ဓမ္မပဒ-၁၂၂)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ကရင်ပြည်နယ် ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၄**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက မော်လမြိုင်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ကော့ကရိတ်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ကရင်ပြည်နယ်တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကော့ကရိတ်မြို့ ကရင်နှစ်သစ်ကူးကွင်း၌ ကော့ကရိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**နွေးနွေးထွေးထွေး ကြိုဆို**

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့အနေနဲ့ ကော့ကရိတ်ခရိုင်အတွင်းက ပြည်သူလူထုနဲ့တွေ့ဆုံပွဲ ပြုလုပ်နိုင်တဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်မတို့ကို နွေးနွေးထွေးထွေးနဲ့ ကြိုဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ကျွန်မတို့ ပြည်သူလူထုနဲ့ တွေ့ဆုံပွဲပြုလုပ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်က ပြည်သူလူထုနဲ့ မျှဝေချင်လို့ပါ။ မျှဝေချင်တယ်ဆိုတာ နိုင်ငံရဲ့ အကောင်းအဆိုး၊ အကြောင်းအကျိုးအားလုံးကို ကျွန်မတို့ ပြည်သူလူထုနဲ့ မျှဝေချင်လို့ဖြစ်ပါတယ်။ ကောင်းတယ်ဆိုရင်လည်း

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

**တွေ့ဆုံ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြာအင်းဆိပ်ကြီးမြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။





KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# နိုင်ငံတကာသတ်မှတ်ချက်ဖြင့် စီးပွားရေးချဲ့ထွင်

မြန်မာနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများ ကမ္ဘာ့အဆင့်မီလာစေရန်အတွက် ကုန်ပစ္စည်းများတွင် အဆင့်အတန်းနှင့်အညီ အမှတ်တံဆိပ် GS1 Myanmar Barcode အသုံးပြုခြင်းဖြင့် ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများအတွက်ပါ အကျိုးရှိစေရန်ရည်ရွယ်၍ GS1 Myanmar Barcode မိတ်ဆက်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။

ဘားကုဒ် (Barcode) ဆိုသည်မှာ ထုတ်ကုန်များတွင်ပါရှိသည့် အမှတ်အသားများဖြစ်သည်။ ယခုအခါ ကုန်ပစ္စည်းအမျိုးမျိုးတွင် ဒေါင်လိုက်မျဉ်းကြောင်းများနှင့် နံပါတ်များပါသည့် အမှတ်အသားများကို မြင်တွေ့ကြရမည်ဖြစ်သည်။ ဘားကုဒ်များတွင် ရှေ့ဆုံးခြောက်လုံးသည် manufacturer identification number ဖြစ်ပြီး နောက်ငါးလုံးသည် item number ဖြစ်သည်။ မိမိဝယ်ယူသည့် ကုန်ပစ္စည်းတစ်မျိုးကို မည်သည့်နိုင်ငံက ထုတ်လုပ်သည်ကိုသိလိုလျှင် ပထမရှေ့ဆုံးသုံးလုံးကို ဖတ်ကြည့်ရုံဖြင့် သိနိုင်သောအမှတ်အသားဖြစ်သည်။

နိုင်ငံတကာမှ ထုတ်လုပ်သောထုတ်ကုန်ပစ္စည်းတိုင်းတွင် ဘားကုဒ် အမှတ်အသားများပါရှိပြီး ပြည်တွင်း ပြည်ပ၌ တွင်ကျယ်စွာဖြန့်ချိနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံမှထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာနှင့်အတူ ရင်ပေါင်တန်းနိုင်ရန်အတွက် ထုတ်လုပ်သော ကုန်ပစ္စည်းများတွင် ပြည်ပမှ ဘားကုဒ်များအသုံးပြု၍ ထုတ်လုပ်ခဲ့ရသည်။ ယခုအခါ ဘယ်လ်ဂျီယံနိုင်ငံတွင် အခြေစိုက်သည့် GS1 Global တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ပြီး Myanmar Barcode Association (MBA) ဖွဲ့စည်းကာ မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများတွင် ဘားကုဒ် အမှတ်အသားများထည့်သွင်းပြီး ပြည်တွင်းသာမက ပြည်ပသို့ပါ နိုင်ငံတကာအဆင့်အတန်းမီ တရားဝင်တင်ပို့ ဖြန့်ချိနိုင်ပြီဖြစ်သည်။

GS1 Myanmar Barcode ကို တရားဝင်သုံးစွဲနိုင်သောကြောင့် Supply Chain တစ်လျှောက် မည်သည့်နေရာဒေသတွင်မဆို ကုန်ပစ္စည်းနှင့် ပတ်သက်သောအချက်အလက်များကို တိကျမြန်ဆန်စွာသိရှိနိုင်ခြင်း၊ ကုန်ပစ္စည်းများ လေလွင့်ပျက်စီးဆုံးရှုံးမှုများကို လျှော့ချနိုင်ခြင်း၊ ကုန်ပစ္စည်း ဖြန့်ဖြူးခြင်းနှင့် သိုလှောင်ခြင်းတို့တွင် စနစ်တကျထိန်းချုပ်နိုင်ခြင်းနှင့် GS1 Myanmar Barcode များကို တစ်ကမ္ဘာလုံး လက်ခံသုံးစွဲသည့်အတွက် မိမိတို့၏ကုန်ပစ္စည်းများကို ပြည်တွင်းရှိ မည်သည့်လက်လီဆိုင်များတွင်မဆို ရောင်းချနိုင်သည့်အပြင် အခြားနိုင်ငံများသို့ တင်ပို့ရောင်းချရာတွင်လည်း အဆင်ပြေလွယ်ကူသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အထူးဦးစားပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ယခင်ကာလက ထုတ်ကုန်ငယ်များကိုပင် ပြည်ပအပေါ် မှီခိုအားထားလာခဲ့ရာမှ ယခုအခါတွင် ပြည်တွင်းထုတ်ကုန်များကို နိုင်ငံတကာနှင့်တန်းတူ အရည်အသွေးမီအောင်၊ အဆင့်အတန်းမီအောင် ကြိုးပမ်းထုတ်လုပ်လာနိုင်သောကြောင့် နိုင်ငံတကာအသိအမှတ်ပြု ဘားကုဒ်အမှတ်အသားများကို ထိရောက်စွာအသုံးပြုဖို့ လိုအပ်လာပြီဖြစ်သည်။

သို့ဖြစ်ရာ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းမှာသာမက ပြည်ပသို့ပါ ထိုးဖောက်တင်ပို့နိုင်ရေးအတွက် အရည်အသွေးမီ၊ အဆင့်အတန်းမြင့် ကုန်ပစ္စည်းများတွင် GS1 Myanmar Barcode များကို တွင်ကျယ်စွာ အသုံးပြုခြင်းအားဖြင့် နိုင်ငံတကာအထိ စီးပွားရေးဈေးကွက်ထိုးဖောက် နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၂၀ ပြည့်နှစ်၊ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရေး။

(၃) နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်ပြီး ခုနစ်မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးအောင်ဇော်သိန်းနှင့် ဦးမျိုးဝင်းတို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်ပြီး ခုနစ်မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ထိုင်းနိုင်ငံ NEDA ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ထိုင်းနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန Neighbouring Countries Economic Development Cooperation Agency (NEDA) ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံသည်။



**ဆွေးနွေး**

တွေ့ဆုံစဉ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် NEDA တို့အကြား Loan Agreement on Third GMS Sub-region Corridor Towns Development Project (Water Supply and Solid Waste Management in Myawaddy) သဘောတူစာချုပ် လက်မှတ်ရေးထိုးရေးဆိုင်ရာကိစ္စ၊ မြောက်ဥက္ကလာပနှင့် မြောက်ဒဂုံမြို့နယ်တို့တွင် ဆောင်ရွက်မည့် The Power System Development in Yangon City Project ကိစ္စ၊ ထားဝယ် အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမည့်ကိစ္စ၊ မြန်မာ-ထိုင်း နယ်စပ်ဂိတ် (ထီးခီး-ဖူနာရွန်) အကြား ဆက်သွယ်ထားသည့် နှစ်လမ်းသွားကားလမ်းဖောက်လုပ်ရေး စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၄-၂-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၁,၆၀၄ | ၁၉,၂၄၈,၀၀၀ |
| MTSH | ၃,၉၅၀ | ၄,၀၀၀ | ၃,၃၆၇ | ၁၃,၃၆၆,၆၀၀ |
| MCB | ၈,၇၀၀ | ၈,၇၀၀ | ၁၀ | ၈၇,၀၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၇၂ | ၁,၆၂၀,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၉၄ | ၂၇၂,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ရန်ကုန်(ရွှေဈေး) ၁၂၆၀၀၀၀ မန္တလေး(ရွှေဈေး) ၁၂၆၀၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၀၀/၈၆၅ ကျပ် | ၈၅၀/၈၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၆၀/၉၀၀ ကျပ် | ၉၁၀/၉၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၀/၇၈၀ ကျပ် | ၈၀၀/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၀/၈၈၀ ကျပ် | ၈၆၅/၈၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၃၀/၇၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၀/၇၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၉၅/၇၀၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၄၇.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၆၈.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၅.၉၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၅.၇၁၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၂.၅၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၁၅၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၉၉.၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈.၈၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၄.၈၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၃၂.၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၁၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့ကရိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။

❐ ရှေ့ဖုံးမှ

ကောင်းတာတွေကို မျှဝေချင်လို့ပါ။ ဆိုးတာဆိုရင်လည်း ဆိုးတာတွေကို မျှဝေပြီး အတူခံမယ်၊ အတူစံမယ်။ ဒါနိုင်ငံသူ နိုင်ငံသားတွေရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်ပါ။

**အမြဲတစေ ထိတွေ့မှုလိုအပ်**

ကိုယ်တိုင် စံရတယ်ဆိုတာက ကိုယ့်ရဲ့အခွင့်အရေး၊ ခံရတယ်ဆိုတာက ကိုယ့်ရဲ့ တာဝန်ပါ။ ကျွန်မတို့ တစ်တိုင်းပြည်လုံးမှာ ပြည်သူလူထုနဲ့ တွေ့ဆုံပွဲတွေ လုပ်တယ်ဆိုတာ ဒီရည်ရွယ်ချက်နဲ့ ဖြစ်ပါတယ်။ ပြည်သူတွေပါဝင်ပြီး တာဝန်ယူစောင့်ရှောက်ပေးနိုင်တဲ့၊ အကာအကွယ်စောင့်ရှောက်မှုလည်း ပေးနိုင်တဲ့ အစိုးရမျိုးကို ကျွန်မတို့ ထူထောင်ချင်ပါတယ်။ ဒီလိုအစိုးရမျိုး ထူထောင်ချင်တယ်ဆိုရင် အစိုးရနဲ့ ပြည်သူကြားမှာ အမြဲတစေ ထိတွေ့မှုလိုအပ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ဒီလိုတွေ့ဆုံပွဲတွေ လုပ်တာပါ။

အဲဒီလို တွေ့ဆုံပွဲတွေ လုပ်တဲ့အခါမှာ ပြည်သူတွေရဲ့ အသံကိုလည်း ကြားချင်တယ်။ ကျွန်မတို့ရဲ့ အဖြေတွေကိုလည်း ပြည်သူတွေက ပြန်ပြီး ကြားစေချင်ပါတယ်။ ကျွန်မတို့ တစ်တိုင်းပြည်လုံးထဲကနေပြီး တချို့နေရာတွေက ပိုပြီးအရေးကြီးပါတယ်။ ဥပမာ ကော့ကရိတ်လိုနေရာမျိုးဆို ပိုပြီးအရေးကြီးတယ်လို့ ကျွန်မတွေးမိပါတယ်။ ဘာဖြစ်လို့ ပိုပြီးအရေးကြီးတယ်လို့ သတ်မှတ်ရလဲဆိုရင် ကျွန်မတို့ရဲ့ နိုင်ငံသူနိုင်ငံသားတွေကို တစ်နေရာက ပိုပြီးအရေးပါတယ်။ တစ်နေရာက ပိုပြီးအရေးမပါဘူးဆိုပြီး အဲဒီလိုခွဲခြားဆက်ဆံဖို့ မဟုတ်ပါဘူး။

သမိုင်းကြောင်းအရ ကရင်ပြည်နယ်ဟာ ပြည်တွင်းစစ်ရဲ့ဒဏ်တွေကို ကောင်းကောင်းခံစားခဲ့ရတဲ့ ပြည်နယ်လည်း ဖြစ်ပါတယ်။ အခုဆိုရင် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်တွေကြောင့် တချို့နေရာတွေမှာ အေးချမ်းသွားတဲ့အခါ အရင်တုန်းက ငြိမ်းချမ်းရေးမရှိခင်တုန်းက အတွေ့အကြုံနဲ့ ငြိမ်းချမ်းရေးရပြီးတဲ့ အတွေ့အကြုံ နှစ်မျိုးစလုံးကို ကရင်ပြည်နယ်က ပြည်သူပြည်သားတွေ သိကြပါတယ်။ ဒါကြောင့် ကျွန်မတို့ နိုင်ငံအတွက် အရေးကြီးတယ်လို့ ပြောတာပါ။

ပြည်တွင်းစစ်ကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့တဲ့ ကိစ္စတွေကိုလည်း ကျွန်မတို့ ပြန်ပြင်ဖို့လိုပါတယ်။ ပြည်သူတွေ ချမ်းသာလာဖို့နဲ့ လုံခြုံလာဖို့ ဒီဟာတွေလုပ်ဖို့ ကြိုးစားတဲ့နေရာမှာ ပြည်သူတွေပါမှ ကျွန်မတို့လည်း အောင်မြင်နိုင်မှာပါ။ ကျွန်မ စောစောကပြောသလို ငြိမ်းချမ်းရေးရှိခြင်းနဲ့ မရှိခြင်းရဲ့ အကျိုးဆက်တွေကို ငြိမ်းချမ်းရေးရှိခြင်းကိုလည်း သိတယ်။ မရှိခြင်းကိုလည်း ခံစားခဲ့ရတဲ့ ပြည်သူတွေသာ နားလည်ပါတယ်။

**အများကြီးလုပ်ယူရ**

ကျွန်မ ပထမဦးဆုံးအကြိမ် လူငယ်တွေနဲ့လုပ်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ဆိုရင် ကရင်ပြည်နယ်က လူငယ်တွေ ပြောသွားတဲ့စကားကို ကျွန်မအခုထက်ထိ မှတ်မိနေပါတယ်။ ဒီကလေးတွေဟာ ၂၀ ကျော်ကျော်လေးတွေ၊ ၂၀ ကျော်တွေဆိုတော့ အပစ်အခတ်ရပ်စဲရေး မရခင်တုန်းက အချိန်နဲ့ ရပြီးတဲ့အချိန်တွေကို သိပါတယ်။ ဒီတော့ ကျွန်မမေးပါတယ်။ ဘယ်လိုကွာခြားသလဲ၊ ခံစားမှုရှိသလားဆိုတော့ ဘယ်လိုအကျိုးရှိတယ်ဆိုတာကို သူတို့က လူငယ်တွေဆိုတော့ ရိုးရိုးရှင်းရှင်းပဲပြောပါတယ်။ လမ်းတွေသိပ်ကောင်းလာတယ်၊ သွားရေးလာရေး သိပ်အဆင်ပြေလာတယ်လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်မရှင်းပြပါတယ်။ သူတို့အတွက် သွားရေးအဆင်ပြေတယ်ဆိုတာ လမ်းကောင်းရုံတင်မဟုတ်ပါဘူး၊ အလုပ်လုပ်ရတာ၊ စာသင်ရတာ၊ စီးပွားရေးလုပ်ရတာနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပိုပြီးလွယ်လာပါတယ်။ ဒါက ဒီလမ်းလေးကောင်းလာတာနဲ့ အများကြီး အကျိုးဆက်တွေ ရှိပါတယ်။ ဒီလမ်းတွေကောင်းဖို့ဆိုတာ ကျွန်မတို့က အများကြီးလုပ်ယူရပါတယ်။

**ငြိမ်းချမ်းရေးက အရေးကြီး**

ထိုနည်းလည်းကောင်းပဲ လျှပ်စစ်ဓာတ်အား မရှိတဲ့နေရာနဲ့ ရှိတဲ့နေရာက အခြေအနေသိပ်ကွာပါတယ်။ ဘာဖြစ်လို့ ဒီလိုအခြေအနေကွာလဲဆိုရင် လျှပ်စစ်ဓာတ်အားရှိတယ်ဆိုရင် ကိုယ့်အလုပ်ကို လုပ်ချင်သလောက် လုပ်လို့ရပါတယ်။ ကိုယ်ကြိုက်သလို ကိုယ့်ရဲ့နေ့ကို ကိုယ်ကနေပြီး စီစဉ်လို့ရပါတယ်။ အဲဒီလို အကျိုးဆက်တွေဖြစ်ဖို့ ငြိမ်းချမ်းရေးက အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးရှိမှ ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိနိုင်မှာပါ။ မြန်မာနိုင်ငံရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းထဲမှာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဟာ ဘယ်လိုမှ ခွဲခြားလို့မရဘူးဆိုတာ သေသေချာချာ အသိအမှတ်ပြုထားပါတယ်။ ငြိမ်းချမ်းမှ ဖွံ့ဖြိုးမယ်။ ဖွံ့ဖြိုးမှ ငြိမ်းချမ်းရေးကို ဆက်ပြီး ခိုင်မာအောင် လုပ်နိုင်မယ်။ ဒါကို ကရင်ပြည်နယ်မှာရှိတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေ အားလုံးက ဝိုင်းပြီး ကြိုးစားပေးစေချင်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ နောက်ဆုံး ကိုယ့်စိတ်ထဲက စတာပါ။ မငြိမ်းချမ်းတဲ့နေရာနဲ့ ပုဂ္ဂိုလ်တွေဟာ စိတ်ထဲက စတာပါ။ ငြိမ်းချမ်းနိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဖို့ ပထမလိုပါတယ်။ ဒါကြောင့် ယုံကြည်မှုတည်ဆောက်ရေးလို့ ကျွန်မ ထပ်တလဲလဲ ပြောပါတယ်။ ယုံကြည်မှုတည်ဆောက်နိုင်မှ ငြိမ်းချမ်းနိုင်မယ်။ ယုံကြည်မှုတည်ဆောက်တယ်ဆိုတာ ပထမဆုံး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတည်ဆောက်ရမယ်။ ငါဟာ ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်တဲ့လူဆိုတာကို ယုံကြည်မှုရှိရမယ်။ ငါဟာ ငြိမ်းချမ်းရေးကို လက်ကိုင်ပြီး နိုင်ငံငြိမ်းချမ်းရေးကို သွားသင့်သွားထိုက်တဲ့ နေရာကိုသွားအောင်လို့ လုပ်နိုင်တဲ့လူမျိုးဆိုတာကို လက်ခံနိုင်ရမယ်။ ငါဟာ ငြိမ်းချမ်းရေးလက်နက်ကလွဲလို့ ဘာတခြားနည်းကိုမှ မလိုဘူးဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေရှိလာရမယ်။ အဲဒီလို ယုံကြည်မှုတွေ ပြည်သူပြည်သားတွေရဲ့ကြားထဲမှာ ကလေးဘဝကတည်းက တစ်ခါတည်း ထည့်ပေးစေချင်ပါတယ်။ ဒီလို စိတ်ဓာတ်တွေရှိရမယ်။ ကိုယ့်ရဲ့အရည်အချင်း အပေါင်းလက္ခဏာဆောင်တဲ့ အရည်အချင်းတွေ၊ မေတ္တာစေတနာတွေကို အခြေခံပြီး ကိုယ်လိုချင်တဲ့ ပန်းတိုင်ရောက်အောင်သွားနိုင်တယ်ဆိုတဲ့ ယုံကြည်ချက်ကို အားလုံးရဲ့စိတ်ထဲမှာရှိဖို့ လိုအပ်ပါတယ်။

ပြည်သူတွေအနေနဲ့ ယုံကြည်ချက်ရှိဖို့ဆိုတာ အစိုးရကလည်း အများကြီး ကူညီဆောင်ရွက်ပေးရမယ်။ အစိုးရရဲ့ အဓိကဦးတည်ချက်တွေထဲမှာ တရားဥပဒေစိုးမိုးရေးဆိုတာ ပါပါတယ်။ တရားဥပဒေစိုးမိုးရေးကို တချို့က ဘယ်လိုထင်လဲဆိုတော့ တရားဥပဒေစိုးမိုးရေးဆိုတာ ရဲတွေ၊ တရားရုံးတွေနဲ့ဆိုင်တဲ့ကိစ္စလို့ မြင်ကြပါတယ်။ တရားဥပဒေစိုးမိုးရေးကို ကျဉ်းကျဉ်းလေးမြင်ကြပါတယ်။

ကျွန်မပြောချင်တဲ့ တရားဥပဒေစိုးမိုးရေးဆိုတာ ပြည်သူလူထုတွေကို လုံခြုံမှုပေးတဲ့ တရားဥပဒေစိုးမိုးရေးကို ပြောတာပါ။ လုံခြုံမှုဆိုတာ ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုပါ။ တရားဥပဒေစိုးမိုးရေး ရှိတာကို ကျွန်မအနေနဲ့ ပြည်သူတွေကို ရိုးရိုးလေးပြောရမယ်ဆိုရင် အိပ်နိုးချမ်းသာပါ။ အိပ်တဲ့အခါကျရင် စိတ်ချမ်းချမ်းသာသာနဲ့ အိပ်နိုင်တယ်။ နိုးလာတဲ့အခါကျရင်လည်း စိတ်ချမ်းချမ်းသာသာနဲ့ နိုးနိုင်တယ်။ ညအိပ်တဲ့အခါမှာ ငါ့အိမ်က လုံခြုံတယ်။ ငါ့ဝင်းက လုံခြုံတယ်။ ငါဘာမှ စဉ်းစားစရာ မရှိဘူး။ လုံခြုံရေး ရှိလား/မရှိလား စဉ်းစားဖို့ မလိုပါဘူးဆိုတဲ့ စိတ်ဓာတ် ပြည်သူတွေထဲမှာ ဖြစ်ပြီဆိုရင် တရားဥပဒေစိုးမိုးရေး ရှိလို့ပါ။ ကိုယ့်ရဲ့ အိမ်ထဲမှာ လုံခြုံမှုရှိတဲ့အပြင် အိမ်အပြင်ထွက်ပြီး အလုပ်လုပ်တဲ့အခါ၊ ကျောင်းသွားတဲ့အခါ၊ ဈေးသွားတဲ့အခါ လုံခြုံတယ်ဆိုတဲ့စိတ်က တရားဥပဒေစိုးမိုးရေးရှိလို့ပါ။ ဒါတွေကို ကျွန်မတို့ ဦးတည်ပါတယ်။

**ပူးပေါင်းဆောင်ရွက်**

ဒီလို ဦးတည်တဲ့အခါမှာ ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုကတော့ အဓိကပါပဲ။ ဘယ်အစိုးရမှ ဘယ်လောက်ကောင်းတယ်၊ တော်တယ် ပြောပြော ပြည်သူလူထုရဲ့ ထောက်ခံမှု၊ ပူးပေါင်းဆောင်ရွက်မှု မရှိဘဲနဲ့ တကယ့်ကြီးကျယ်တဲ့ စီမံကိန်းကြီးတွေကို အောင်မြင်အောင် မလုပ်နိုင်ပါဘူး။ အစိုးရတွေက ပြည်သူတွေ မလိုဘူး၊ ငါတို့ဘာသာ ငါတို့လုပ်နိုင်တယ်ဆိုတဲ့ အစိုးရတွေဟာ ဒီမိုကရေစီအစိုးရလည်း မဟုတ်ဘူး။ ရေရှည်မှာလည်း အောင်မြင်မယ့် အစိုးရမဟုတ်ဘူး။ ပြည်သူရဲ့ ထောက်ခံမှုမရှိဘဲနဲ့၊ ပြည်သူရဲ့ ပူးပေါင်းဆောင်ရွက်မှုမရှိဘဲနဲ့ ရေတိုမှာ အောင်မြင်နိုင်မယ်၊ ရေရှည်မှာ ဘယ်တော့မှ မအောင်မြင်နိုင်ပါဘူး။

**နိုင်ငံအတွက် အဓိကကျ**

ဒါကြောင့် ပြည်သူတွေဟာ နိုင်ငံအတွက် အဓိကကျပါတယ်။ ပြည်သူလူထုရဲ့ အရည်အချင်းဟာ နိုင်ငံရဲ့ အရည်အချင်းပါ။ ပြည်သူလူထုရဲ့ တန်ဖိုးဟာ နိုင်ငံရဲ့တန်ဖိုးပါ။ ဒါကြောင့် ကျန်းမာရေး၊ ပညာရေးကို အလေးထားတယ်ဆိုတာ ကျွန်မတို့ရဲ့ ကလေးတွေကို တန်ဖိုးရှိတဲ့လူကြီးတွေဖြစ်အောင်လို့ပါ။ ကျွန်မတို့ ကလေးတွေဟာ ကျန်းမာတယ်ဆိုရင် ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးပြည့်တာပါ။ ပညာရှိတယ်ဆိုရင် စိတ်ပိုင်းဆိုင်ရာ တန်ဖိုးပြည့်တာပါ။ ပညာရှိတယ်ဆိုတဲ့နေရာမှာ တက္ကသိုလ်ဘွဲ့ရတာတွေ ပြောနေတာ မဟုတ်ပါဘူး။ ပညာရှိတယ်ဆိုတာ ဘဝပြဿနာတွေကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ အရည်အချင်းတွေကို ဆိုလိုတာပါ။ ဒါကြောင့် အသက်မွေးဝမ်းကျောင်း ပညာကို ကျွန်မ အလွန်အားပေးပါတယ်။ တစ်ကမ္ဘာလုံးကို ပြန်ကြည့်လိုက်ရင် ဖွံ့ဖြိုးတဲ့နိုင်ငံ၊ အဖွံ့ဖြိုးဆုံးနိုင်ငံတွေမှာ တက္ကသိုလ်ပညာရထားပြီး အလုပ်မရတဲ့ ပုဂ္ဂိုလ်တွေ၊ သူတို့ကြိုက်တဲ့ အလုပ်ကို ကျေကျေနပ်နပ်နဲ့ လုပ်နိုင်တဲ့ အလုပ်မရသူတွေရဲ့ နှုန်းဟာ များများလာတယ်ဆိုတာ တွေ့ရပါတယ်။

ဒါကြောင့် တိုးတက်တဲ့နိုင်ငံတွေမှာ အသက်မွေးဝမ်းကျောင်းပညာကို ပိုပြီး အလေးထားရမယ်ဆိုတာကို နားလည်လာပါပြီ။ ကျွန်မတို့ရဲ့ နိုင်ငံက ပညာရေးအရ အနောက်မှာ ကျန်ရစ်ခဲ့တဲ့ နိုင်ငံဆိုတော့ တခြားသူတွေရဲ့ အမှားတွေနဲ့ ပြဿနာတွေကို ကြည့်ပြီး သင်ခန်းစာယူနိုင်ပါတယ်။ ဒါကြောင့် ပညာရေးစနစ်ကို ထူထောင်တဲ့အခါမှာ တက္ကသိုလ်ပညာရေးနဲ့ အသက်မွေးဝမ်းကျောင်း ပညာရေး နှစ်ခုစလုံးကို တန်းတူယှဉ်တွဲပြီး ကျွန်မတို့က ဖော်ဆောင်ဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ အဲဒီမှာ ပြည်သူလူထု နားလည်ပြီး ကျွန်မတို့နဲ့ ပူးပေါင်းဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ပြည်သူတွေက အခုဆိုရင် အသက်မွေးဝမ်းကျောင်းသင် ကျောင်းတွေ ဖွင့်ပေးဖို့နဲ့ ပညာသင်ယူနိုင်အောင်

**စာမျက်နှာ ၄ သို့** ❐



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့ကရိတ်မြို့ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူလေးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

စာမျက်နှာ ၃ မှ ❒

အခွင့်အရေးတွေ ပေးဖို့ဆိုပြီး တောင်းဆိုလာတာကို ကျွန်မတို့ မြင်ရပါတယ်။ ဒါတက္ကသိုလ်ပညာသာလျှင် ပညာမဟုတ်ဘူးဆိုတာကို ပြည်သူတွေက လက်တွေ့ကျကျ ကိုယ့်ဘဝကိုယ် ကြည့်မြင်နေပြီလို့ ပြောလို့ရပါတယ်။

**နီးကပ်မှုရှိအောင်**

ဒါနိုင်ငံရဲ့ ဖွံ့ဖြိုးမှုနောက်ကျခြင်း အကျိုးတစ်ခုပါ။ ဖွံ့ဖြိုးမှုနောက်ကျခြင်းရဲ့ ဆိုးကျိုးတွေကို အားလုံးသိကြပါတယ်။ ဒါပေမယ့် ကောင်းကျိုးတွေလည်း ရှိတယ်ဆိုတာကို နားလည်စေချင်ပါတယ်။ ကျွန်မ ဒီကိုလာတဲ့အခါမှာ ပြည်သူလူထုတွေဆီက မေးခွန်းတွေမေးဖို့နဲ့ ပြောချင်တဲ့အချက်တွေကိုတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။ ဒီလိုလုပ်ရတဲ့အကြောင်းက ပြည်သူနဲ့အစိုးရ နီးကပ်မှုရှိအောင်လို့ပါ။ ဒါဒီမိုကရေစီအရ ပြည်သူကနေ ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရဖြစ်တာကြောင့် ပြည်သူနဲ့ ဘယ်တော့မှ ကင်းကွာလို့မဖြစ်ပါဘူး။

ပြည်သူလူထုရဲ့အသံနဲ့ ကင်းကွာဖို့ဆိုတာလည်း မဖြစ်ပါဘူး။ ဒါကြောင့် ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေမှာ ဘာစိုးရိမ်ကြောင့်ကြမှုတွေရှိသလဲ၊ ဘာပြဿနာတွေရှိသလဲ၊ ဘာမျှော်လင့်ချက်တွေရှိသလဲဆိုတာကို သိအောင်လုပ်ရပါတယ်။ ဒီစိုးရိမ်ကြောင့်ကြမှုတွေ ပျောက်ကွယ်သွားအောင် ကျွန်မတို့ ဘယ်လိုလုပ်ပေးနိုင်မလဲ၊ မျှော်လင့်ချက်တွေကို ဘယ်လိုပုံစံနဲ့ ဖြည့်ဆည်းပေးနိုင်မလဲဆိုတဲ့ အဖြေကိုရှာဖို့အတွက် ကျွန်မတို့က မေးခွန်းတွေနဲ့ တင်ပြချက်တွေကို ဖိတ်ခေါ်ရခြင်း ဖြစ်ပါတယ်။

ဒီလိုဖိတ်ခေါ်တဲ့အခါမှာ တစ်နေရာနဲ့တစ်နေရာ မတူဘူးဆိုတာကို ကျွန်မသတိပြုမိပါတယ်။ တချို့ပရိသတ်တွေက အင်မတန်မှ စည်းကမ်းရှိတယ်။ ပေးထားတဲ့အခွင့်အရေးကို လေးလေးစားစား မှန်မှန်ကန်ကန် သူတို့ သုံးပါတယ်။ ဒါဟာ နိုင်ငံက တကယ့်ကို စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်နိုင်တဲ့ နိုင်ငံဖြစ်နေပြီ၊ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု တစ်ခုကို ထူထောင်နိုင်တဲ့ ပြည်သူတွေဖြစ်နေပြီလို့ ကျွန်မစိတ်ထဲမှာ ဖြစ်ပါတယ်။

တချို့ကတော့ တစ်ခါတလေ ပေးထားတဲ့အခွင့်အရေးကို အလွဲသုံးစားလုပ်ချင်ပါတယ်။ စည်းနဲ့ကမ်းနဲ့ မလုပ်ချင်ဘူး။ ဥပမာ မဲမပေါက်ပေမယ့်လည်း ပြောချင်တယ်ဆိုပြီး အတင်းပြော၊ အတင်းတောင်းဆိုတာတွေကို ကျွန်မတို့ မြင်ခဲ့ရပါတယ်။ နောက်ပြီး ကျွန်မတို့တွေ ခဏခဏပြောပါတယ်။ အများအတွက် အကျိုးဖြစ်မယ့် မေးခွန်းတွေကို မေးပါ။ အများအတွက် အကျိုးဖြစ်မယ့် တင်ပြချက်တွေ တင်ပြကြတာကို ကျွန်မ အားရပါတယ်။ ဒါပေမယ့် တချို့တလေ အနည်းစုက သူတို့အတွက် ပုဂ္ဂိုလ်ရေးကိစ္စတွေ၊ နောက်ပြီး နည်းနည်းတိုက်ချင်ခိုက်ချင်တဲ့ ကိစ္စတွေကို ဦးစားပေးပြီး မလုပ်ပါနဲ့လို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ တကယ်တိုးတက်တဲ့ နိုင်ငံဖြစ်ချင်ရင် အများအတွက် စဉ်းစားနိုင်ရမယ်လို့ ကျွန်မ ခဏခဏပြောပါတယ်။ ပရဟိတ၊ အတ္တဟိတ နှစ်ခုစလုံးရှိရမယ်ဆိုတာ အတ္တဟိတဆိုတာ ကိုယ့်အတွက်၊ ပရဆိုတာ အခြားသူတွေအတွက်လည်း စဉ်းစားနိုင်ရမယ်။ အခြားသူတွေအတွက် စဉ်းစားနိုင်ရမယ်ဆိုတာ ကလေးတွေ ငယ်ငယ်ကတည်းက ကိုယ့်အိမ်မှာ၊ ကိုယ့်ရဲ့မိသားစုထဲမှာ ကြီးလာကတည်းက နားလည်ရမယ့်ကိစ္စပါ။ မိသားစုဆိုကတည်းက တစ်ယောက်တည်း မဟုတ်ဘူး။ တစ်ယောက်တည်းဆို မိသားစုမဟုတ်ပါဘူး။ မိသားစုဆိုကတည်းက မိဘတွေ၊ အဘိုးအဘွားတွေ၊ ညီအစ်ကိုမောင်နှမတွေ၊ ဒေါ်ကြီး၊ ဘကြီးတွေနဲ့ အတူနေတာပါ။ အစကတည်းက အခြားသူတွေနဲ့နေရင် အခြားသူတွေရဲ့ အကျိုးကိုလည်း စဉ်းစားတန်ဖိုးထားတတ်ရမယ်။ ဒါကြောင့် ကလေးတွေကို ငယ်ငယ်ကတည်းက ကိုယ့်အကျိုးရှိသလို တခြားသူတွေလည်း အကျိုးရှိရမယ်။ အခြားသူတွေရဲ့ အကျိုးရှိမှလည်း ကိုယ့်အကျိုးကို အောင်မြင်နိုင်မယ်ဆိုတာကို မိဘတွေက သင်ပေးရမယ့်အပြင် ကိုယ်တိုင်လည်း လုပ်ပြစေချင်ပါတယ်။

**ကိုယ်ကိုယ်တိုင်**

ကျွန်မရဲ့ အတွေ့အကြုံအရ မိဘတွေအနေနဲ့ ကလေးတွေကို သင်ပြပေးရင် "ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့ဆိုပြီး" ပြောလို့မရပါဘူး။ ကိုယ်တိုင်က လုပ်ပုံ၊ ကိုင်ပုံမမှန်လို့ရှိရင် ကလေးတွေက သွန်သင်ဆုံးမလို့ရမှာ မဟုတ်ဘူး။ ကိုယ်ကနေပြီး ကလေးတွေကို ဖြောင့်မတ်စေချင်ရင် ကိုယ်ကိုယ်တိုင်ဖြောင့်မတ်ပါ။ ကိုယ့်ကလေးတွေကို ကြိုးစားစေချင်ရင် ကိုယ်ကိုယ်တိုင်ကြိုးစားပါ။ ကိုယ်က ကလေးတွေကို ယဉ်ကျေးစေချင်တယ်ဆိုရင် ကိုယ်ကိုယ်တိုင် ယဉ်ကျေးပါ။ အဲဒီလိုနည်းနဲ့ ကလေးတွေကို သင်ပေးတာ အထိရောက်ဆုံးပဲလို့ ကျွန်မအနေနဲ့ ပြောချင်ပါတယ်။

အခု ကျွန်မတို့ကို တင်ပြကြတဲ့ မေးခွန်းတွေကို ပထမ ကျွန်မဖြေပါမယ်။ ဒါလည်း ကျွန်မ ခဏခဏပြောတဲ့ကိစ္စပါ။ မေးခွန်းတွေ မေးတဲ့သူတွေက တိုတိုနဲ့လိုရင်းမေးဖို့လိုသလို ဖြေတဲ့ အစိုးရဘက်က ပုဂ္ဂိုလ်တွေကလည်း တိုတိုနဲ့လိုရင်းဖြေဖို့ လိုပါတယ်။

ကျွန်မတို့ အစိုးရအဖွဲ့တွေမှာ တာဝန်ရှိပါတယ်။ မေးခွန်းတစ်ခု မေးတယ်ဆိုတာ အဖြေတစ်ခု လိုချင်လို့ပါ။ အဲဒီတော့ အဖြေကို ရှင်းရှင်းလင်းလင်းနဲ့ တိတိကျကျဖြေစေချင်ပါတယ်။ အစိုးရအဖွဲ့တွေကို မေတ္တာရပ်ခံချင်ပါတယ်။ လုပ်ပေးနိုင်တယ်ဆိုရင် လုပ်ပေးနိုင်တယ်လို့ ပြောပါ။ ဘယ်လောက်အချိန် အတွင်းမှာ လုပ်ပေးနိုင်တယ်လို့ ပြောပါ။ မလုပ်ပေးနိုင်ဘူးဆိုရင် ဘာဖြစ်လို့ မလုပ်ပေးနိုင်ဘူးလို့ပြောပါ။ အခု မလုပ်ပေးနိုင်ဘူး နောက်ကြာမှ လုပ်ပေးနိုင်မယ်ဆိုရင် ဘယ်လောက်ကြာမှ လုပ်ပေးနိုင်မယ်၊ ဘယ်လို အခြေအနေမှာ လုပ်ပေးနိုင်မယ်ဆိုတာကို ရှင်းရှင်းလင်းလင်းပြောစေချင်ပါတယ်။ တစ်ဆက်တည်းမှာ ပြည်သူလူထု နားလည်သင့်၊ နားလည်ထိုက်တဲ့ အစိုးရရဲ့မူဝါဒ၊ စည်းမျဉ်း စည်းကမ်းတွေကိုလည်း တိုတိုနဲ့လိုရင်းပဲ ရှင်းပြသွားစေချင်ပါတယ်။ အခုထုံးစံအတိုင်းပဲ ပထမဦးဆုံးရေးပြီး တင်ထားတဲ့ မေးခွန်းတွေကို ကျွန်မတို့ ဖြေပါမယ်။ ဖြေပြီးမှ မဲနှိုက်ပြီး မဲပေါက်တဲ့သူတွေရဲ့ မေးခွန်းတွေနဲ့ တင်ပြချက်တွေကို ကျွန်မတို့ ဖိတ်ခေါ်ပါမယ်။ ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြ မေးမြန်းထားသည့် ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်မှ ဦးမောင်မာ၏ အမှတ်(၇)ရပ်ကွက် နတ်စင်မြောင်းမကြီးအား အုတ်စီရေမြောင်းပြုလုပ်ပေးရေး၊ ထီးဟူးသံကျေးရွာမှ ဦးစောကျော်လွင်၏ ထီးဟူးသံ-မိခွမ်း ကျေးရွာလမ်းအား ကတ္တရာလမ်းခင်းပေးနိုင်ရေး၊ ခရင်းကျေးရွာမှ ဦးစောလေးမင်း၏ ဝင်းက - ပီကုန်း - မူးဝါ - ဝင်သလွဲ- အုန်းနှစ်ပင်-လှိုင်သ မြေသားလမ်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန်၊ ကော့ပေါက်ကျေးရွာမှ ဦးတင်အေးထွန်း၏ ကော့ဘိန်း တိုက်နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာ အတွက် လျှပ်စစ်မီးရရှိရေးအတွက် ဓာတ်အားခွဲရုံ တည်ဆောက်ပေးရေး၊ ကော့ပေါက်ကျေးရွာမှ ဦးကျော်စိုး၏ ကျုံဒိုး-ကမ်းနီ မြစ်ကူးတံတား တည်ဆောက်ပေးရေး၊ ကော့ပေါက်ကျေးရွာမှ ဦးမောင်မောင်၏ ကော့ဘိန်း တိုက်နယ်ဆေးရုံတွင် ဓာတ်မှန်ဆောင်နှင့် ဒစ်ဂျစ်တယ် ဓာတ်မှန်စက် ဆောင်ရွက်ပေးရေး၊ နဘူးကျေးရွာမှ ဦးသက်ဦး၏ နဘူးနှစ်ခြားကျေးရွာ လျှပ်စစ်မီးရရှိရေး၊ တံတားကျိုး-မြပတိုင်၊ နဘူး-ညောင်ကုန်း ကတ္တရာလမ်းအား လမ်းတိုးချဲ့ပေးရေးနှင့် ကော့ကရိတ်-နဘူး-ပိုင်ကျိုးလမ်းပေါ်ရှိ နဘူးတံတားအား ကွန်ကရစ်တံတား တည်ဆောက်ပေးရေး၊ အမှတ်(၁)ရပ်ကွက်မှ ဦးစောမြတ်လေး၏ ကော့ကရိတ် အမှတ် (၁)ရပ်ကွက် လမ်းဆုံ၌ အချက်ပြမီးတပ်ဆင်ပေးရေး၊ အမှတ်(၂)ရပ်ကွက်မှ ဦးထွန်းညွန့်၏ ကော့ကရိတ် ပြည်သူ့ဆေးရုံကြီး၌ အထူးဆရာဝန်များ ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးရုံသုံးပစ္စည်းများ ပြည့်ဝစွာရရှိရေးနှင့် ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်းများ ဖွဲ့စည်းပုံအပြည့်ခန့်ထားပေးနိုင်ရေး မေးခွန်းများနှင့်စပ်လျဉ်း၍လည်းကောင်း။

**ရှင်းလင်းပြောကြား**

တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများထဲမှ မေးခွန်းမေးမြန်းလိုသူ ၂၉ ဦးအနက် မဲပေါက်သူ ခုနစ်ဦးဖြစ်သည့် အမှတ်(၂)ရပ်ကွက်မှ ဒေါ်ခင်ထွေးမော်၏ အမှတ်(၂)ရပ်ကွက်ရှိ ပိတ်သိမ်းထားသော သင်္ချိုင်းမြေအား ပြန်လည်ခွင့်ပြုပေးရန်၊ ခရာအတွင်းကျေးရွာမှ ဦးငွေလှိုင်၏ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေး၊ ဇာသပြင်ကျေးရွာမှ ဦးတင်လှ၏ သိမ်းဆည်းခံလယ်ယာမြေများပြန်လည်ရရှိရေး၊ ကော့ကရိတ်မြို့ ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ဦးစောကျော်ဝင်း၏ ကရင်စာပေနှင့် ယဉ်ကျေးမှုခန်းမ ဆောင်ရွက်ပေးနိုင်ရေး၊ အမှတ် (၃) ရပ်ကွက်မှ ဒေါ်ချိုချိုထိုက်၏ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေး၊ ကော့ကရိတ်မြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်သန်း၏ ကော့ကရိတ်မြို့နယ် သာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့အတွက် ရုံးမြေနေရာ၊ အဆောက်အဦနှင့် မော်တော်ယာဉ်လိုအပ်ချက်အား ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး၊ ကျုံဖဲကျေးရွာမှ ဦးရဲထွန်း၏ ကျုံဖဲကျေးရွာအား လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ရေးမေးခွန်းများကိုလည်းကောင်း မေးမြန်းတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ချက်ချင်း ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့်အခြေအနေများ၊ စိစစ်ဆောင်ရွက်ပေးသွားရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုတွေ့ဆုံပွဲတွင် မေးမြန်းတင်ပြကြသူများအနေဖြင့် တိတိကျကျမေးမြန်းတင်ပြခဲ့သည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ တွေ့ဆုံပွဲတွင် ကိစ္စ သုံးခုတင်ပြခဲ့ကြပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် လယ်ယာမြေကိစ္စတို့ဖြစ်ပါကြောင်း၊ လယ်ယာမြေကိစ္စနှင့်ပတ်သက်ပြီး လွှတ်တော်က ဥပဒေများ ပြဋ္ဌာန်းပြီးနောက်ပိုင်း ပိုင်ဆိုင်မှုကိစ္စများ ထပ်တလဲလဲ တစ်နိုင်ငံလုံးတွင် ဖြစ်နေပါကြောင်း၊ ယင်းကိစ္စမှာ အမွေဆိုးများဖြစ်ပါကြောင်း၊ အမွေဆက်ခံရာတွင် အကောင်းသာယူပြီး အဆိုးကို ဖယ်ထား၍မရပါကြောင်း၊ မိမိတို့ ရွေးချယ်ပိုင်ခွင့်မရှိပါကြောင်း၊ ပြည်သူများအနေဖြင့် နားလည်ပေးစေလိုကြောင်း၊ တစ်နိုင်ငံလုံး၌ မိမိတို့ ပြည်သူများအနေဖြင့် ညီညွတ်ကြပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ ဒေသအတွက်၊ နိုင်ငံအတွက် ဆောင်ရွက်နိုင်သည်ဆိုသည့် စိတ်ဓာတ်ကို မွေးမြူကြစေလိုကြောင်း၊ ပြည်သူများအနေဖြင့်လည်း မိမိတို့တာဝန်ကို ကျေပွန်ကြစေလိုကြောင်း၊ ပြည်သူများအနေဖြင့် ရွေးချယ်ပိုင်ခွင့်ကို မှန်မှန်ကန်ကန် အသုံးချစေလိုကြောင်း၊ ထို့ပြင် မိမိအတွက်သာမက အခြားသူများအတွက်ပါ ရွေးချယ်ကြစေလိုကြောင်း၊ ပြည်သူများကို ယခုလိုတွေ့ဆုံသည်မှာ မိမိ၏အသိ၊ ခံစားချက်များကို မျှဝေလို၍ဖြစ်ပါကြောင်းပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**ကြိုဆိုနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ကော့ကရိတ်မြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ကြာအင်းဆိပ်ကြီးမြို့သို့ ရောက်ရှိကြရာ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကရင်ရိုးရာဒုံးယိမ်းအကအဖွဲ့နှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် ကြာအင်းဆိပ်ကြီးမြို့တွင်း လမ်းမတစ်လျှောက်၌ ဒေသခံ တိုင်းရင်းသား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကြာအင်းဆိပ်ကြီးမြို့နယ်ခန်းမ၌ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ပြည်သူတွေနဲ့ ဆွေးနွေးပွဲတွေ လုပ်ခြင်းက ပြည်သူတွေရဲ့အသံတွေကို ကြားချင်လို့ပါ။ ကျွန်မတို့ရဲ့ အမြင်တွေကိုလည်း သိစေချင်လို့ပါ။ စောစောတုန်းက ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ပြီး မေးချင်တဲ့ မေးခွန်းတွေရှိတယ်။ မမေးဖို့ ပြောရမလားလို့ မေးပါတယ်။ ကျွန်မက မမေးဖို့ မပြောပါနဲ့လို့ ပြန်ပြောလိုက်ပါတယ်။ ပြည်သူတွေအနေနဲ့ မေးပိုင်ခွင့်၊ သိပိုင်ခွင့်လည်း ရှိပါတယ်။ ဘာတွေကို သိချင်တာလဲဆိုတော့ အဓိကလွှတ်တော်တွေထဲမှာ တပ်မတော်ကိုယ်စားလှယ်တွေ ၂၅ ရာခိုင်နှုန်းပါတဲ့ကိစ္စနဲ့ ၅၉(စ)ကိစ္စကို သိချင်ပါတယ်လို့ ပြောပါတယ်။ ဒါတွေကို ကျွန်မတို့ ပြန်ဖြေပါ့မယ်။ ဒါဟာ ပြည်သူအားလုံးနဲ့ဆိုင်တဲ့ ကိစ္စဖြစ်ပါတယ်။

**ပြည်သူအားလုံးနဲ့ဆိုင်တဲ့ကိစ္စ**

ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုတာ ပြည်သူအားလုံးနဲ့ဆိုင်တဲ့ ကိစ္စဖြစ်ပါတယ်။ တခြားဘယ်တွေ့ဆုံပွဲမှာမှ ဒီလိုမျိုး မမေးပါဘူး။ ပြည်သူလူထုတွေအကြား ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်လို့ စိတ်ဝင်စားတာ ကြိုက်ပါတယ်။ မေးချင်တာကို ကျွန်မသဘောကျပါတယ်။ ဒီလို ပြည်သူတွေက ကိုယ့်ရဲ့နိုင်ငံမှာ ဘာတွေဖြစ်နေသလဲဆိုတာ စိတ်ဝင်စားပြီးသိချင်မှ ကျွန်မတို့နိုင်ငံဟာ တိုးတက်နိုင်မှာဖြစ်ပါတယ်။

စာမျက်နှာ ၅ သို့ ❒



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကော့ကရိတ်မြို့မှ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

❒ စာမျက်နှာ ၄ မှ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာအားလုံး သိတဲ့အတိုင်း နိုင်ငံတစ်နိုင်ငံရဲ့ အခြေခံဥပဒေဖြစ်ပါတယ်။ နိုင်ငံဟာ ဘယ်လိုနိုင်ငံမျိုးဖြစ်မယ်ဆိုတာ အဓိကဆုံးဖြတ်တာ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုပြီး ရယူခဲ့ပါတယ်။ အဲဒီကတည်းက ကျွန်မတို့ရဲ့လွတ်လပ်ရေး ခေါင်းဆောင်ကြီးတွေဟာပြည်ထောင်စုဆိုတဲ့ အတွေးအခေါ်ကို လက်ခံထားပါတယ်။ ပြည်ထောင်စုနိုင်ငံတစ်ခုကို လိုလားတောင့်တပြီး တန်ဖိုးထားတယ်ဆိုတာ အင်မတန်မှရှင်းပါတယ်။

ကျွန်မတို့နိုင်ငံက ပြည်ထောင်စုဖြစ်ပါတယ်။ နိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ ပြည်ထောင်စုသားချင်းတွေဖြစ်တယ်ဆိုတာကို နှလုံးသွင်းပါဆိုပြီး ကျွန်မ ခဏခဏ သတိပေးပါတယ်။ ဘာဖြစ်လို့ အဲဒီလို ပြောရသလဲဆိုရင် ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံပါ။ ဒီလို နိုင်ငံတစ်ခု တည်တံ့ခိုင်မြဲဖို့၊ တိုးတက်ဖို့၊ အေးချမ်းဖို့ဆိုရင် ပြည်ထောင်စုစိတ်ဓာတ်ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ရှိမှ ကျွန်မတို့နိုင်ငံဟာ တကယ်ကို တောင့်တင်းခိုင်မာမှာပါ။

ပြည်ထောင်စုစိတ်ဓာတ် ဆိုတာ ညီညွတ်တဲ့စိတ်ဓာတ်ပါ။ ညီညွတ်ခြင်း၊ သွေးစည်းခြင်းဆိုတာ တစ်စိတ်တည်း၊ တစ်ဝမ်းတည်းရယ်လို့ အားလုံးက မဟုတ်ပါဘူး။ တစ်သွေး၊ တစ်သံ၊ တစ်မိန့် မဟုတ်ပါဘူး။ သွေးစည်းတယ်၊ ညီညွတ်တယ်ဆိုတာ မတူတဲ့ သဘောထားတွေ ညှိနှိုင်းနိုင်တဲ့ အရည်အချင်းတွေအပေါ်မှာ အခြေခံပါတယ်။ ကျွန်မတို့အားလုံးဟာ တစ်ယောက်နဲ့တစ်ယောက် မတူတဲ့ သဘောထားတွေရှိတယ်။ ဒီမတူတဲ့ သဘောထားတွေကြောင့် တစ်ယောက်နဲ့တစ်ယောက် ရန်ပြုနေမယ်၊ သတ်ဖြတ်နေမယ်ဆိုရင် နိုင်ငံဟာ ဘယ်တော့မှ မအေးချမ်းနိုင်ပါဘူး။

မတူတဲ့သဘောထားတွေကို ညှိနှိုင်းနိုင်တဲ့ အရည်အချင်းရှိဖို့က ပြည်ထောင်စုသားအားလုံးရဲ့ လိုအပ်ချက်တစ်ခုပါ။ ဒါကို ကြီးငယ်မရွေး သဘောပေါက်စေချင်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ မတူတဲ့ စိတ်ဓာတ်တွေကို ညှိနှိုင်းတာ၊ ဘယ်သူကမှ ငါလိုချင်တာကို တစ်ရာရာခိုင်နှုန်းရမှဖြစ်မယ်ဆိုတဲ့ စိတ်ဓာတ်ကို မကိုင်စွဲထားပါနဲ့။ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းဟာ ငါလိုချင်တာကိုပဲ တစ်ရာရာခိုင်နှုန်း ရမယ်ဆိုတဲ့ စိတ်ဓာတ်ကို ကိုင်စွဲထားရင် ကျွန်မတို့နိုင်ငံ ဘယ်တော့မှ တည်ငြိမ်နိုင်မှာ၊ တိုးတက်နိုင်မှာ မဟုတ်ပါဘူး။ ဥပမာ ဒီခန်းမထဲမှာ အားလုံးက ရှေ့တန်းကနေ ထိုင်ရမှ ကျေနပ်မယ်ဆိုရင် ကျွန်မတို့ ဘယ်အခမ်းအနားကိုမှ ပြုလုပ်နိုင်မှာ၊ ကျင်းပနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် အပေးအယူဆိုတာ ရှိရပါတယ်။ ညှိယူရပါတယ်။ ကလေးတွေကို ရှေ့မှာထားတာက ကျွန်မတို့တွေ့ဆုံပွဲတွေမှာ အစဉ်အလာလို ဖြစ်လာပါတယ်။

**ကလေးတွေရဲ့ပါဝင်မှု**

တချို့နေရာတွေမှာဆိုရင် ကလေးတွေကလည်း ပါချင်တယ်။ နေရာကလည်း မရှိတဲ့အခါ ကလေးတွေကို ရှေ့မှာခေါ်ပြီး ဒီလိုပဲ ထိုင်ခိုင်းပါတယ်။ တချို့က ထင်ကြပါတယ်။ ကလေးတွေက ဘာမှလည်း စိတ်ဝင်စားတာ မဟုတ်ဘူး။ နားလည်တာလည်း မဟုတ်ဘူး။ ဒါပေမယ့် ကျွန်မအနေနဲ့ ငယ်ငယ်ကတည်းက ကလေးတွေကို နိုင်ငံရေးကို စိတ်ဝင်စားအောင်လို့ လုပ်ပေးရမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ကလေးတွေရဲ့ပါဝင်မှုကို အားပေးတာဖြစ်ပါတယ်။

ကြာအင်းဆိပ်ကြီးက ပြည်သူတွေကနေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်လို့ သိချင်တာကို ကျွန်မ သဘောကျကြိုဆိုပါတယ်။ ပြည်သူတွေသိချင်တဲ့ အချက်နှစ်ချက်ကို ကျွန်မပြောပါ့မယ်။ ပထမတစ်ချက်က လွှတ်တော်တွေထဲမှာ ၂၅ ရာခိုင်နှုန်း တပ်မတော်သား ကိုယ်စားလှယ်ပါတဲ့ ကိစ္စပါ။ ဒုတိယကိစ္စက ၅၉ (စ)ကိစ္စပါ။ ဒီနှစ်ခုမှာ ကျွန်မတို့ လွှတ်တော်ထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်လို့ လုပ်ဆောင်နေတယ်ဆိုတာကို တချို့သိရင်လည်း သိမယ်။ မသိရင်လည်း မသိဘူး။ သိတဲ့သူတွေကလည်း ဒီဟာကို လေ့လာပြီး ဘာတွေဖြစ်နေသလဲ၊ ဘာတွေပြောနေသလဲဆိုတာကို သေချာသတင်းစာထဲမှာ ဖတ်ထားလို့ဖြစ်မှာပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးကို ဘာဖြစ်လို့ ကျွန်မတို့အစိုးရက လုပ်နေသလဲဆိုရင် လွယ်လွယ်ပြောရရင် ပြည်သူတွေကို ပေးခဲ့တဲ့ ကတိကဝတ်ပါ။ ကျွန်မတို့ ရွေးကောက်ပွဲဝင်ပြိုင်တုန်းက ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးကို လုပ်မယ်ဆိုတာ ကတိကဝတ်တစ်ခုဖြစ်ပါတယ်။ အလွယ်ဖြေလိုက်တာ မဟုတ်ပါဘူး။ ဘာကြောင့် ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းချင်တာလဲဆိုတာက ပိုပြီး အရေးကြီးပါတယ်။ ဒါကို ပြည်သူတွေ နားလည်ဖို့ လိုအပ်ပါတယ်။ အတိုင်းအတာတစ်ခုအထိ နားလည်တယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဘာဖြစ်လို့ ဒီလိုပြောရသလဲဆိုတော့ ၅၉(စ) ပြုပြင်ပြောင်းလဲရေးနဲ့ ပတ်သက်လို့ ကရင်ပြည်နယ်ကို လာခဲ့တဲ့အခါတုန်းက ကျွန်မတို့ အံ့အားသင့်ရလောက်အောင် ရွာကကလေးတွေကပါ ဒီကိစ္စကို စိတ်ဝင်စားပြီး ထောက်ခံကြတာကို တွေ့ခဲ့ရပါတယ်။

**ဒီမိုကရေစီဖက်ဒရယ်နိုင်ငံဖြစ်**

ကရင်ပြည်နယ်ဘက်မှာ သာမန်ရွာသူရွာသားတွေက နိုင်ငံ့ရဲ့အရေးကို စိတ်ဝင်စားတယ်ဆိုတာကို ပြတာပါ။ ကျွန်မတို့က ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲချင်တယ်ဆိုတာ ရည်ရွယ်ချက်မရှိဘဲ လုပ်တာမဟုတ်ပါဘူး။ နိုင်ငံကို စစ်မှန်တဲ့ဒီမိုကရေစီဖက်ဒရယ်နိုင်ငံဖြစ်စေချင်လို့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲချင်တာပါ။ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံဖြစ်ဖို့ လိုတဲ့အချက်အလက်တွေကို ကျွန်မတို့က ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ပါဝင်စေချင်တာဖြစ်ပါတယ်။

ဒီလို လုပ်နေတဲ့အချိန်မှာ မမေ့ဘဲ ဦးတည်ဆောင်ရွက်နေတာက အမျိုးသားရင်ကြားစေ့ရေးဖြစ်တယ်ဆိုတာကို ကျွန်မတို့ ဘယ်တော့မှ မမေ့ပါဘူး။ ဒါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ထူထောင်ကတည်းက အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဦးတည်မယ်ဆိုပြီး ကျွန်မတို့ ပြောထားတာပါ။ အဲဒီတုန်းက အမျိုးသားရင်ကြားစေ့ရေးဆိုပြီး ပြောတာက ဘာကို ပြောတာလည်းဆိုရင် ဒီမိုကရေစီကို ယုံကြည်တဲ့ အသိုင်းအဝိုင်းတွေနဲ့ ဒီမိုကရေစီကို မယုံကြည်တဲ့ အသိုင်းအဝိုင်းတွေကြားထဲမှာ ရင်ကြားစေ့ရေးကို ကျွန်မတို့ အဓိကပြောခဲ့တာပါ။

ဘာဖြစ်လို့လဲဆိုတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၁၉၈၈ ခုနှစ် ဒီမိုကရေစီလှုပ်ရှားမှုကနေ ပေါက်ဖွားလာတာပါ။ အဲဒီတုန်းကတည်းက ကျွန်မတို့ဟာ ဒီမိုကရေစီကို ယုံကြည်တယ်။ ဒီမိုကရေစီကို ယုံကြည်ရတဲ့ အကြောင်းကလည်း ရိုးရိုးလေးပါ။ ဒီမိုကရေစီဆိုတာကို အားလုံးသိတယ်လို့ ကျွန်မထင်ပါတယ်။

ဒီမိုကရေစီဆိုတာ ပြည်သူရဲ့ အုပ်ချုပ်ရေးလို့ အဓိပ္ပာယ်သက်ရောက်ပါတယ်။ ပြည်သူရဲ့အုပ်ချုပ်ရေးဆိုပြီး အဓိပ္ပာယ်သက်ရောက်တဲ့အတွက် ပြည်သူတွေကနေ တကယ်ပဲ တစ်နိုင်ငံလုံးကို အုပ်ချုပ်နိုင်မှာလားဆိုတာ လက်တွေ့ကျကျ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကိုယ်စားပြုဒီမိုကရေစီဆိုပြီး ပြည်သူတွေကနေ ရွေးချယ်တင်မြှောက်လိုက်တဲ့ ပုဂ္ဂိုလ်တွေနဲ့ အစိုးရဖွဲ့တာဖြစ်ပါတယ်။

လူသားတွေဟာ ခြောက်ပစ်ကင်းသဲလဲစင် မဟုတ်ပါဘူး။ လူသားတွေဟာ အပြစ်အနာအဆာတွေ ရှိပါတယ်။ ဒီတော့ လူသားတွေ ဖန်တီးတဲ့စနစ်တစ်ခုဟာလည်း အပြစ်အနာအဆာတွေရှိမှာဖြစ်ပါတယ်။ ဘယ်လိုမှ ချောချောမွေ့မွေ့နဲ့ အပြစ်အနာအဆာ ကင်းတယ်ဆိုတာ မဖြစ်နိုင်ဘူး။ ဒါပေမယ့် ကမ္ဘာကျော်နိုင်ငံရေးသုခမိန်ကြီး တစ်ဦးပြောခဲ့သလို ဒီမိုကရေစီဟာ အပြစ်အနာအဆာရှိပေမယ့် လူတွေထွင်ခဲ့တဲ့ စနစ်တွေထဲမှာ အခုထိ အကောင်းဆုံးပါ။ လူတွေထွင်ခဲ့တဲ့ နိုင်ငံရေးစနစ်တွေထဲမှာ ဒီမိုကရေစီက အကောင်းဆုံးဆိုပေမယ့် အပြစ်မဲ့တယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ ဒါကို ကျွန်မ လက်ခံပါတယ်။ အပြစ်မဲ့မဟုတ်ပါဘူး၊ ဒီမိုကရေစီမှာ အားနည်းချက်ရှိပါတယ်။

**ဒီမိုကရေစီစနစ်က အကောင်းဆုံး**

ဒါပေမယ့် လူသားတွေ ထွင်ခဲ့တဲ့ နိုင်ငံရေးစနစ်တွေ အားလုံးထဲမှာ ဒီမိုကရေစီစနစ်က အကောင်းဆုံးပါ။ ဘာဖြစ်လို့ အကောင်းဆုံးဆိုပြီး ကျွန်မပြောရသလဲဆိုရင် ပြည်သူကို လေးစားတန်ဖိုးထားရတဲ့ စနစ်မို့ပါ။ ပြည်သူကို တန်ဖိုးထားတယ်၊ ပြည်သူကို လေးစားတယ်ဆိုတာကို ရှင်းရှင်းလေးပြောရရင် အများကို လေးစားတယ်၊ အများကို တန်ဖိုးထားတယ်ဆိုတာပါ။ ဒီမိုကရေစီစနစ်ကို ပိုပြီး အနှစ်သာရရှိအောင် ဘယ်လို ထည့်ပြောသလဲဆိုရင် အများရဲ့ဆန္ဒအရ ဖြစ်ရမယ်၊ အနည်းစုရဲ့ အခွင့်အရေးတွေကိုလည်း ကာကွယ်ရမယ် ဒါဒီမိုကရေစီပါ။ ရှင်းရှင်းလေးပြောရရင် ဘာလို့ကျွန်မတို့ဒီစနစ်ကို လိုချင်သလဲ။ အများရဲ့ဆန္ဒအရ နိုင်ငံတစ်နိုင်ငံကို အုပ်ချုပ်တဲ့စနစ်ဖြစ်ပြီး လူနည်းစုရဲ့ အခွင့်အရေးတွေကို ကာကွယ်ပေးတဲ့ စနစ်လည်း ဖြစ်ပါတယ်။ ဒါအခုအထိ လူသားတွေ ထွင်ခဲ့တဲ့စနစ်တွေထဲမှာ အကောင်းဆုံးစနစ်ဆိုပြီး ကျွန်မတို့ယူဆလို့ ဒီမိုကရေစီကို ထောက်ခံတာပါ။

**ရင်ကြားစေ့ရေး**

ဒီမိုကရေစီကို မထောက်ခံတဲ့ လူတွေနဲ့ အားမပေးတဲ့လူတွေ ရှိပါတယ်။ ဒီမိုကရေစီဆိုတာ ဒီနိုင်ငံက ပေါက်ဖွားလာတာ မဟုတ်ပါဘူး။ တိုင်းတစ်ပါးက ပေါက်ဖွားလာတဲ့ စနစ်ဖြစ်တယ်ဆိုပြီး မြင်တဲ့သူတွေ ရှိပါတယ်။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံကြီးနောက်ပိုင်းကို တိုတိုနဲ့ ပြောရမယ်၊ ရှင်းအောင်ပြောရမယ်ဆိုရင် ဒီမိုကရေစီကို ယုံကြည်တဲ့ သူတွေနဲ့ ဒီမိုကရေစီကို မယုံကြည်တဲ့ သူတွေဆိုပြီး အဲဒီလို အင်အားစုနှစ်ခုက ကျွန်မတို့ရဲ့နိုင်ငံအတွင်းမှာ ပေါ်နေပါတယ်။ ဒါကြောင့် အမျိုးသားရင်ကြားစေ့ရေးဆိုပြီး အဲဒီတုန်းက ကျွန်မတို့ ပြောတာက ဒီမိုကရေစီကို မလိုလားတဲ့ အင်အားစုနဲ့ ဒီမိုကရေစီကို လိုလားတဲ့အင်အားစုတွေကြားမှာ ရင်ကြားစေ့ရေးဖြစ်ပါတယ်။ အားလုံးက ကျွန်မတို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေပါ။

ပြည်ထောင်စုဖွား သားချင်းတွေ အားလုံးကြားထဲမှာ ရင်ကြားစေ့ရေးကို ဦးတည်မယ်ဆိုပြီး ကျွန်မတို့မူအဖြစ်နဲ့ ကိုင်ခဲ့တာဖြစ်ပါတယ်။ အခုနောက်ပိုင်း အမျိုးသားရင်ကြားစေ့ရေးဆိုတာ ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေနဲ့လည်း ဆက်စပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်ပြီးပြင်မယ်ဆိုရင် ၅၉ (စ)နဲ့ပတ်သက်ပြီး ဒီကိုလာပြီး စည်းရုံးရေးဆင်းတဲ့ အချိန်ကာလတုန်းက ပြောထားတဲ့အတိုင်း ကျွန်မ ပြောပါမယ်။ ၅၉ (စ)ဆိုတာ ကိုယ့်ရဲ့ခင်ပွန်းဖြစ်ဖြစ်၊ သားသမီးတွေဖြစ်ဖြစ် တခြားနိုင်ငံသားအဖြစ် ခံယူထားလို့ရှိရင် ဒုသမ္မတတို့၊ သမ္မတတို့ အဆင့်ကို မလုပ်နိုင်ပါဘူး။ ခပ်တိုတိုပဲ ပြောရရင် အများက ကျွန်မကို ရည်ရွယ်ပြီး ထည့်ထားတယ်ဆိုတာ သဘောပေါက်မှာပါ။ ကျွန်မလည်း အဲဒီလို နည်းနည်းသဘောပေါက်ပါတယ်။

**ပုဂ္ဂိုလ်ရေးအရမဟုတ်**

၅၉ (စ)ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ကန့်ကွက်ခဲ့တာက ပုဂ္ဂိုလ်ရေးအရ မဟုတ်ဘူး ဒီမိုကရေစီမူအရပါ။ ဒီမိုကရေစီမူအရဆိုတာ လူတိုင်းလူတိုင်း၊ တစ်ယောက်ချင်း တစ်ယောက်ချင်းရဲ့ ရပိုင်ခွင့်တန်ဖိုးနဲ့ အခွင့်အရေးတွေကို ကျွန်မတို့အလေးထားရမယ်၊ တန်းတူညီမျှထားရမယ်။ အဲဒီလို လုပ်တဲ့အခါမှာ ကျွန်မတို့ရဲ့ အခြေခံဥပဒေတွေထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောတာမဟုတ်ပါဘူး။ ကျွန်မတို့ ကျင့်သုံးနေတဲ့တည်ဆဲဥပဒေထဲမှာ လူတစ်ယောက်ဟာ အသက် ၁၈ နှစ်ကျော်သွားရင် လူလားမြောက်ပါပြီ။ လူလားမြောက်သွားလို့ရှိရင် သူ့ရဲ့ကံကြမ္မာအတွက် သူက တာဝန်ယူရပါမယ်။

အသက် ၁၈ နှစ်အောက် ကလေးတစ်ယောက်လုပ်တဲ့ကိစ္စကို မိဘတွေက တာဝန်ယူရပါမယ် တာဝန်ရှိပါတယ်။ ဒါပေမယ့် သူဟာ အသက်ပြည့်သွားလို့ရှိရင် မိဘတွေက တာဝန်မရှိတော့ပါဘူး။ မိဘတွေအနေနဲ့ ဒီကလေးတွေရဲ့ လုပ်ရပ်အတွက်ကို တာဝန်ယူစရာလဲ မလိုပါဘူး။ အဲဒီကလေးက ပြဿနာဖြစ်လို့ရှိရင် မိဘတွေကို ဒီကလေးတွေကြောင့်ဆိုပြီး အပြစ်ပေးလို့လည်း မရပါဘူး။ ဒါကို ရှင်းရှင်းပြောရမယ်ဆိုရင် လူလားမြောက်လာတဲ့ ကလေးတွေရဲ့ ဘဝနဲ့ မိဘရဲ့ဘဝနဲ့ ဒွန်တွဲပြီး ဥပဒေတစ်ခုလုပ်တယ်ဆိုတာက အခြေခံစံနှုန်းစံထားတွေနဲ့ မကိုက်ညီပါဘူး။ ဒါကြောင့် အခြေခံဒီမိုကရေစီမူနဲ့ မကိုက်ညီဘူးဆိုပြီး ကျွန်မတို့က ကန့်ကွက်တာဖြစ်ပါတယ်။ ကျွန်မကို ဦးတည်လို့ မဟုတ်ပါဘူး။

**လွှမ်းမိုးနိုင်ခွင့်မရှိ**

ဒုတိယကိစ္စဖြစ်တဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း လွှတ်တော်တွေထဲမှာ ရှိတယ်ဆိုတာကို ကျွန်မတို့က တပ်မတော်ရယ်လို့ မဟုတ်ပါဘူး။ ဒီမိုကရေစီစနစ်ကို တကယ်ကျင့်သုံးတဲ့နိုင်ငံမှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်တဲ့ ကိုယ်စားလှယ်မဟုတ်တဲ့ပုဂ္ဂိုလ်၊ ဘယ်အဖွဲ့အစည်းကလာလာ လွှတ်တော်ကို လွှမ်းမိုးနိုင်ခွင့်မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုကရေစီဆိုတာ ပြည်သူကနေပြီး အုပ်ချုပ်တဲ့စနစ်၊ ပြည်သူရွေးချယ်တင်မြှောက်တဲ့ ကိုယ်စားလှယ်တွေကသာ စိုးမိုးရမယ်၊ ဩဇာရှိရမယ်။ ပြည်သူရွေးချယ်တင်မြှောက်ခြင်းမရှိတဲ့ ကိုယ်စားလှယ်တွေ မပါဘူးလားဆိုတော့ ပါနိုင်ပါတယ်။

သို့သော် သူတို့ရဲ့လုပ်ပိုင်ခွင့်တွေက အကန့်အသတ်နဲ့ပါ။ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အဲဒီလို လိုအပ်တဲ့ အကန့်အသတ်တွေ မရှိပါဘူး။ ဒါကြောင့် ဒီကိစ္စကိုပြောင်းရမယ်လို့ ကျွန်မတို့ ပြောတာပါ။ ကျွန်မတို့က တပ်မတော်ကို ရည်ရွယ်တာ မဟုတ်ပါဘူး။ တခြား အဖွဲ့အစည်းတွေကိုလည်း ဒီလိုအခွင့်အရေးပေးရင် ကျွန်မတို့ ကန့်ကွက်မှာပါ။ ဘယ်အဖွဲ့အစည်းမဆို ဒီမိုကရေစီကို ယုံကြည်လို့ရှိရင် ဒီမိုကရေစီမူတွေနဲ့ မကိုက်ညီတဲ့အခွင့်အရေးတွေကို မယူသင့်ပါဘူး။ ဒါတွေကို ကျွန်မတို့ ကန့်ကွက်မှာ ဖြစ်ပါတယ်။

ဒါကို ၂၀၁၅ ခုနှစ်မတိုင်ခင် ၂၀၁၄ ခုနှစ်ကဆိုရင် ကျွန်မတို့ လွှတ်တော်ထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်လို့ အခြေအတင်ပြောတုန်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ဒီကိစ္စကို ပြောင်းလဲချင်တဲ့ အချက်အနေနဲ့ တင်ပြခဲ့ပါတယ်။ ဒါကို ကျွန်မတို့ ခိုးကြောင်ခိုးဝှက်နဲ့လုပ်တာ မဟုတ်ဘူး။ အားလုံးကို အသိပေးပြီး ကျွန်မတို့ ပွင့်ပွင့်လင်းလင်းနဲ့ လုပ်တဲ့ကိစ္စဖြစ်ပါတယ်။ လက်ရှိအချိန်အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်ပြီး ကျွန်မတို့ လွှတ်တော်ထဲမှာ တင်ပြလိုတဲ့ကိစ္စလည်း ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ရှင်းပြဖို့ ကျွန်မ ဝန်မလေးပါဘူး။ ဒါကို ကျွန်မတို့က တပ်မတော်ကို ကပ်ချင်တဲ့စိတ်၊ ရန်လိုချင်တဲ့စိတ်နဲ့ လုပ်တာမဟုတ်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တကယ်စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတစ်ခုနဲ့ ကိုက်ညီအောင် ပြောင်းလဲရမယ်ဆိုပြီး ကျွန်မတို့ အဲဒီလို ခံယူချက်နဲ့လုပ်တာ ဖြစ်ပါတယ်။ ဒီလိုလုပ်တဲ့အထဲမှာ ကျွန်မတို့က နိုင်ငံရဲ့ တည်ငြိမ်ရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်ပြီး တစ်ဆင့်ပြီး တစ်ဆင့် လုပ်သွားမယ်ဆိုပြီး လုပ်တာပါ။ လက်ရှိမှာ ၂၅ ရာခိုင်နှုန်းနဲ့ပတ်သက်ပြီး တစ်ဆင့်ပြီးတစ်ဆင့် လျှော့ဖို့ ကျွန်မတို့အနေနဲ့ အဆိုပြုတာပဲ ရှိပါတယ်။ ကျွန်မတို့ ဒီမိုကရေစီနိုင်ငံရေး လုပ်တယ်ဆိုရင် အလျှော့အတင်းဆိုတာရှိရမယ်။

စာမျက်နှာ ၆ သို့ ❒



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြာအင်းဆိပ်ကြီးမြို့ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်တွင်းရေးရာ

❒ စာမျက်နှာ ၅ မှ

နိုင်ငံတည်ငြိမ်ရေးအတွက်၊ ပြည်သူတွေ အေးချမ်းဖို့အတွက် ကျွန်မတို့ရဲ့ နိုင်ငံလွတ်လပ်ရေးနဲ့ ညီညွတ်ရေးအတွက် အလျှော့အတင်းဆိုတာ လုပ်ရပါတယ်။ ငါလိုချင်တာရမှ၊ ငါ့အဖွဲ့လိုချင်တာရမှ အဲဒီလိုမျိုးစိတ်တွေနဲ့ဆိုရင် ကျွန်မတို့ရဲ့နိုင်ငံဟာ ဘယ်လိုမှ အေးချမ်းနိုင်မှာ မဟုတ်ပါဘူး။ မအေးချမ်းရင် မတိုးတက်ဘူး၊ မတိုးတက်ရင် မအေးချမ်းပါဘူး၊ ဒီသံသရာမှာ ကျွန်မတို့ ဆက်လည်နေမှာပါ။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ရင် ဒီနှစ်ချက်ကို ကြာအင်းဆိပ်ကြီးက ပြည်သူတွေက သိချင်တာ၊ စိတ်ဝင်စားတာကို ကျွန်မ သဘောကျပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြာအင်းဆိပ်ကြီးမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသားလူငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

### နှလုံးသွင်းစေချင်

ကျွန်မတို့ရဲ့နိုင်ငံဟာ ဘယ်အခြေအနေမှာ ရောက်နေသလဲ၊ ဘယ်ခရီးတွေ သွားနေသလဲဆိုတာကို စိတ်ဝင်စားကြပါ။ တစ်ယောက်နဲ့တစ်ယောက် ဆွေးနွေးကြပါ။ ကိုယ်ဖြစ်စေချင်တာတွေ၊ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို တတ်နိုင်သမျှ ဝန်းရံကြပါ။ တချို့က အစိုးရအားလုံးလုပ်ပါစေ၊ အစိုးရက ဟိုဟာမလုပ်ဘူးလား၊ ဒီဟာမလုပ်ဘူးလားဆိုပြီး ပြောကြပါတယ်။ အစိုးရလုပ်ငန်းတွေ အောင်မြင်အောင်လို့ ပြည်သူလူထုရဲ့ ပံ့ပိုးမှုကအရေးကြီးတယ်ဆိုတာကို နှလုံးသွင်းစေချင်ပါတယ်။ ကိုယ့်ရဲ့တန်ဖိုးကို လျှော့မတွက်ပါနဲ့၊ လူတစ်ဦးချင်းစီမှာ တန်ဖိုးရှိတယ်ဆိုတာကို ကျွန်မ မမေ့စေချင်ပါဘူး။

ဒါကို နောက်ဆုံးဘာနဲ့ ပြလဲဆိုရင် ရွေးကောက်ပွဲနဲ့ ပြရပါမယ်။ ရွေးကောက်ပွဲမှာ ပြည်သူတစ်ယောက်ချင်းစီက မဲတစ်ပြားစီ ရပါတယ်။ ဒါက တစ်ယောက်ချင်း တစ်ယောက်ချင်းမှာ တန်ဖိုးရှိတယ် ဆိုတာကိုပြတာပါ။ ရွေးကောက်ပွဲမှာ နိုင်ငံတော်သမ္မတကလည်း မဲတစ်ပြားပဲ ရပါတယ်။ တခြားသာမန်မဲပေးပိုင်ခွင့်ရှိတဲ့ပြည်သူတွေကလည်း မဲတစ်ပြားပဲရပါတယ်။ နောက်ဆုံးကျတော့ ကိုယ့်တန်ဖိုးဟာ အဲဒီနေရာမှာ ကြည့်လိုက်လို့ရှိရင် နိုင်ငံတော်အထွတ်အထိပ်ရဲ့ တန်ဖိုးနဲ့ အတူတူဖြစ်သွားပါတယ်။

ဒါကြောင့် ဒီမိုကရေစီစနစ်အောက်မှာ ပြည်သူတိုင်း၊ ပြည်သူတိုင်းက တန်ဖိုးရှိပါတယ်။ ကိုယ့်တန်ဖိုးကို မှန်မှန်ကန်ကန် သုံးပါ၊ ကိုယ့်အတွက်လည်းသုံးပါ၊ ကိုယ့်နိုင်ငံအတွက်လည်း သုံးပါ၊ ကိုယ့်ရဲ့ပြည်နယ်အတွက်လည်း သုံးပါ။ ဒီလိုစိတ်တွေနဲ့ လုပ်မယ်ဆိုရင် အများကြီး တိုးတက်မှာဖြစ်ပါတယ်။ ပြည်သူတွေအတွက် လိုအပ်ချက်တွေ အများကြီး ရှိသေးတယ်ဆိုတာကို ကျွန်မတို့ သိပါတယ်။ အဲဒီလိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ဖို့အတွက်လည်း ဝိုင်းဝန်းပြီး အားလုံးက ကူညီကြပါ။ ကျွန်မတို့ဘက်ကလည်း ကြိုးစားမယ်၊ ပြည်သူတွေဘက်ကလည်း ကြိုးစားပါ။ တိုးတက်တဲ့ ဘယ်နိုင်ငံမဆို ပြည်သူတော်လို့ တိုးတက်တာပါ။ အစိုးရတော်လို့ တိုးတက်တယ်ဆိုတာ မရှိပါဘူး။

### ပြည်သူတွေရဲ့အရည်အချင်း

အစိုးရ ဘယ်လောက်တော်တော် ပြည်သူက မပါလို့ရှိရင် မတိုးတက်နိုင်ပါဘူး။ ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်းမှာ ထိပ်ဆုံးထိ တိုးတက်သွားတဲ့နိုင်ငံတွေရှိပါတယ်။ စစ်ရှုံးတဲ့နိုင်ငံတွေလည်းပါတယ်။ စစ်နိုင်တဲ့ နိုင်ငံတွေလည်းပါတယ်။ နောက်ဆုံး အရှုံးအနိုင်ဆိုတာ တခဏပါ။ ဒီအရှုံးအနိုင်ကို ရေရှည်မှာပြန်ပြီး ကိုယ့်ရဲ့တိုးတက်မှုတစ်ခု၊ အောင်မြင်မှုတစ်ခုဖြစ်အောင် လုပ်ဖို့ဆိုတာ ပြည်သူတွေရဲ့ အရည်အချင်းပါ။

ပြည်သူတွေ အရည်အချင်းရှိရင် ဘယ်နှခါရှုံးရှုံး ပြန်ပြီးနိုင်မှာပါ။ နောက်ဆုံး အရှုံးထက် အနိုင်ကများပြီး အောင်မြင်မှုကိုရမှာပါ။ ဒါကြောင့် ကျွန်မအနေနဲ့ ကြာအင်းဆိပ်ကြီးကို ခင်မင်ရတာက အရင်တုန်းက ခက်ခက်ခဲခဲနဲ့ လာခဲ့ရတဲ့ဒေသဖြစ်တဲ့အတွက် သံယောဇဉ် ရှိနေတာပါပါတယ်။ နိုင်ငံတိုးတက်ရေးနဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေး ရဖို့အတွက် အားလုံးက ဝိုင်းဝန်းပြီး ပူးပေါင်းဆောင်ရွက်ကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

### ကြိုတင်တင်ပြမေးမြန်း

ယင်းနောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၅)ရပ်ကွက်မှ ဦးသိန်းဇော်ဦး၏ ကြာအင်းဆိပ်ကြီးမြို့ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် ဇမိမြစ်ရေတင်စီမံကိန်းအား အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး၊ အမှတ်(၆)ရပ်ကွက်မှ ဦးမောင်မောင်ညွန့်၏ ကူးတို့ဆိပ်ကျေးရွာသို့ ဆက်သွယ်မည့် ဇမိမြစ်ကူးတံတား ဆောင်ရွက်ပေးရေး၊ နတ်ချောင်းကျေးရွာမှ ဦးလှဝင်း၏ ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူ ကားလမ်းပေါ်ရှိ တံတားဦးချောင်းကူးသစ်သားတံတား အဆင့်မြှင့်တင်ပေးရေး၊ အမှတ် (၂) ရပ်ကွက်မှ ဦးအောင်သွင်လှိုင်၏ ချောင်းဝချောင်းကူးတံတားနှင့် ချဉ်းကပ်လမ်း အဆင့်မြှင့်တင်ပေးရေး၊ အမှတ်(၄) ရပ်ကွက်မှ ဦးထိန်လင်း၏ ကြာအင်းဆိပ်ကြီး - ချောင်းနှစ်ခွ ကားလမ်းအား အဆင့်မြှင့်တင်ပေးရေး၊ အမှတ်(၃)ရပ်ကွက်မှ ဦးငြိမ်းမင်း၏ ကြာအင်းဆိပ်ကြီးမြို့ စားသုံးသူရေးရာ ဦးစီးဌာနပိုင်မြေမှာ လုပ်ငန်းများ ဆောင်ရွက်ခြင်း မရှိသည့်အတွက် အာဇာနည်နေ့အခမ်းအနားကျင်းပနိုင်ရန်နေရာအဖြစ် ဆောင်ရွက်ခွင့်ပြုရေး၊ အမှတ်(၃)ရပ်ကွက်မှ ဦးဟိန်းမိုးဦး၏ ကြာအင်းဆိပ်ကြီး ခုတင် ၅၀ ဆံ့ ဆေးရုံအား ခုတင် ၁၀၀ ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ အမှတ်(၂)ရပ်ကွက်မှ ဦးသန်းစိုးမြင့်၏ ကြာအင်းဆိပ်ကြီး - မဲသရောလမ်း (ကြာအင်းဆိပ်ကြီးမြို့အပိုင်းအပိုင်း) အား အဆင့်မြှင့်တင်ပေးရေး၊ ကော့ကသောင်ကျေးရွာမှ ဦးလှရွှေ၏ ကော့ကသောင်ကျေးရွာနှင့် ဝင်ကကျေးရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်ပေးရေး၊ အမှတ်(၆) ရပ်ကွက်မှ ဦးစောညွန့်၏ ကျိုက်ဒုံမြို့ တောင်ကလေးကျေးရွာ အုပ်စုရှိ လျာထားမြေနေရာ၌ ခနောက်စိမ်းသတ္တုရိုင်း အသေးစားခွတ်သတ္တု စမ်းသပ်တိုင်းတာခွင့်လုပ်ငန်းလိုင်စင် ချထားပေးရေး၊ အမှတ်(၂)ရပ်ကွက်မှ ဦးသောင်းတင်၏ ဘုရားသုံးဆူ-သံဖြူဇရပ်လမ်းပိုင်းအနက် ၂၅ မိုင် ၅ ဖာလုံအား အဆင့်မြှင့်တင်ပေးရေး၊ ဘုရားသုံးဆူမြို့ အမှတ်(၁) ရပ်ကွက်၌ မြန်မာ-ထိုင်းနယ်စပ်ဂိတ်အား ပြန်လည်ဖွင့်လှစ်ပေးရေး၊ ကရင်စုရပ်ကွက်မှ ဦးစောသိန်းမြိုင်၏ ဘုရားသုံးဆူမြို့အား လျှပ်စစ်မီးရရှိရန် ဆောင်ရွက်ပေးရေး၊ အမှတ်(၁)ရပ်ကွက်မှ ဦးကျော်ခိုင်ထွေး၏ ဘုရားသုံးဆူမြို့ဆေးရုံ၌ ဆရာဝန်တစ်ဦး ထပ်မံခန့်ထားပေးရေး၊ အမှတ်(၆)ရပ်ကွက်မှ ဒေါ်ကြည်စိန်၏ ကျိုက်ဒုံမြို့အဝင် ဟောင်သရောမြစ်ကူးတံတားအား ကွန်ကရစ်တံတား တည်ဆောက်ပေးရေး၊ အမှတ်(၄)ရပ်ကွက်မှ ဦးအောင်ကျော်ဆန်း၏ ကျိုက်ဒုံမြို့အား လျှပ်စစ်မီးရရှိရန် ဆောင်ရွက်ပေးရေး၊ အဇင်းကျေးရွာမှ ဦးစိုးနိုင်၏ ကျိုက်ဒုံ- အဇင်း- ဂျိုးဖြူ-တောင်ကလေးလမ်းပိုင်း ကျန် ၁၅ မိုင်အား ကတ္တရာခင်းပေးနိုင်ရေးနှင့် KPF/BGF ကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှ စောဒေါဒေါက ကျိုက်ဒုံ-ကော့ကရိတ်လမ်းအရှည် ၄၃ မိုင် ၁ ဖာလုံအနက် ၂၃ မိုင် ၁ ဖာလုံအား ကွန်ကရစ်လမ်း ဆောင်ရွက်ပေးနိုင်ရေး မေးခွန်းတို့နှင့်စပ်လျဉ်း၍ လည်းကောင်း။

### ရှင်းလင်းပြောကြား

တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများထဲမှ မေးခွန်းမေးမြန်းလိုသူ ၁၁ ဦးအနက် မဲပေါက်သူ ငါးဦးဖြစ်သည့် ကြာအင်းဆိပ်ကြီး အမှတ်(၆)ရပ်ကွက်မှ ဒေါ်သန်းအေး၏ လွှတ်တော်များတွင် ပါဝင်နေသည့် တပ်မတော်သား ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းအား လျှော့ချလိုခြင်းကိစ္စ၊ အမှတ်(၆)ရပ်ကွက်မှ ဒေါ်သီတာလွင်၏ တိုင်းရင်းသားဒေသများအတွက် ဖက်ဒရယ်ပေးနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၆၁)အား ပြင်ဆင်ရန် မည်သည့်အတွက်ကြောင့် ကြန့်ကြာနေခြင်းကိစ္စ၊ အမှတ်(၄) ရပ်ကွက်မှ ဒေါ်သီတာချို၏ ဘုရားသုံးဆူမြို့ လမ်းများ ပြုပြင်ပေးနိုင်ရေးနှင့် လျှပ်စစ်မီးရရှိရေး၊ ထီးမံထိုးကျေးရွာမှ ဦးစောလှမိုး၏ ထိမံထိုး-ထိဖိုးနိုင်းလမ်းအား အဆင့်မြှင့်တင်ပေးနိုင်ရေး၊ အမှတ်(၆) ရပ်ကွက်မှ ဒေါ်ရီရီဝင်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ (စ) အား မည်သည့်အတွက်ကြောင့် ပြင်ဆင်လိုခြင်းကိစ္စ မေးခွန်းတို့ကို လည်းကောင်း မေးမြန်းတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဒေါက်တာမြင့်ထွေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ချက်ချင်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများ၊ စိစစ်ဆောင်ရွက်ပေးသွားရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့လက်ထက်တွင် နောင်လာ နောက်သားများအတွက် ကောင်းမွန်သည့်အမွေများကို ချထားပေးခဲ့လိုပါကြောင်း၊ ထို့အတွက် မိမိတို့ ပြည်သူများအနေဖြင့် နောင်လာ နောက်သားများအတွက် တန်ဖိုးရှိသည့် အမွေများကို သေချာထိန်းသိမ်းပြီး အလေးထားရမည့် အမွေများကို ထားခဲ့နိုင်အောင် ဝိုင်းဝန်းကူညီကြစေလိုကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူ တိုင်းရင်းသား တိုင်းရင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

### ထောက်ပံ့ငွေများပေးအပ်

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကြာအင်းဆိပ်ကြီးမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသားလူငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ကျောင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စိတ်ဝင်စားသည့် ဘာသာရပ်များနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းကာ ကျောင်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စာကြည့်တိုက်၊ သင်တန်းကျောင်းသားအိပ်ဆောင်နှင့် စားရိပ်သာတို့ကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ကြာအင်းဆိပ်ကြီးမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် မော်လမြိုင်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မော်လမြိုင်မြို့ Strand Walking Street သို့ ရောက်ရှိပြီး ဈေးဆိုင်ခန်းများ ရောင်းချနေမှုကို ကြည့်ရှုအားပေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး Culture Show ၌ မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မော်လမြိုင်မြို့ Strand Walking Street ရှိ Culture Show ၌ မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ IPU မှ နိုင်ငံတကာလူသားချင်းစာနာမှု ဥပဒေအားလေးစားမှုမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဟန်ဂေရီလွှတ်တော်ကိုယ်စားလှယ် Dr. Agnes Vadai နှင့် နိုင်ငံတကာကျွမ်းကျင်သူများ၊ AIPA ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

★ ကျောဖုံးမှ

နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေအား လေးစားမှုမြှင့်တင်ရေး ကော်မတီဥက္ကဋ္ဌ ဟန်ဂေရီလွှတ်တော်ကိုယ်စားလှယ် Dr. Agnes Vadai၊ နိုင်ငံတကာပါလီမန်များ အဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ၊ လွှတ်တော်ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စု လွှတ်တော်နာယက ဦးတီခွန်မြတ်က ငြိမ်းချမ်းရေး ဖော်ဆောင်မှုနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိသည့် နိုင်ငံတကာမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများနှင့် မြန်မာ့လွှတ်တော်ကိုယ်စားလှယ်များ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေကြသည့် သက်ဆိုင်သူများအကြား အပြုသဘောဆောင်သည့်အမြင်များ အပြန်အလှန်ဖလှယ်နိုင်ရန်၊ ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်ရန်စသည့် ရည်ရွယ်ချက်ကောင်းများနှင့် ယခုဆွေးနွေးပွဲကို ကျင်းပရခြင်း ဖြစ်ပါကြောင်း။

**အပြန်အလှန်နားလည်မှု**

ဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) နှင့် မြန်မာလွှတ်တော်တို့အကြား အပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်နိုင်မှုများက အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံအတွင်း နယ်မြေဒေသအချို့တွင် လက်နက်ကိုင်ပဋိပက္ခများ၏ နောက်ဆက်တွဲအခြေအနေများကြောင့် တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးမှုများ ပျက်စီးဆုံးရှုံးလျက်ရှိပါကြောင်း၊ ပဋိပက္ခဖြစ်ပွားခဲ့သည့် နယ်မြေဒေသအချို့တွင် ဖွံ့ဖြိုးတိုးတက်ရေးလမ်းစများ မှေးမှိန်ထိခိုက်လျက်ရှိပြီး နိုင်ငံသားပြည်သူများ၏ ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေးများပါ နစ်နာဆုံးရှုံးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာရေးအတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အဓိကဦးစားပေးပြီး မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း။

မိမိတို့နိုင်ငံတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ အခြေခိုင်စေရန် အားထုတ်ကြိုးပမ်းလျက်ရှိသည့် ယခုအချိန်တွင် ပြင်ပဖိအားများကြောင့် ပေါ်ပေါက်လာသည့် အကြမ်းဖက်မှုနှင့် ထိပ်တိုက်တွေ့မှုများ၊ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် လူ့အခွင့်အရေး ချိုးဖောက်ကြောင်း စွပ်စွဲမှုများသည် မိမိတို့၏ အားထုတ်မှုအပေါ် ထိခိုက် ယုတ်လျော့စေလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အတွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကြိုးစားရယူပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးရည်မှန်းချက်နှင့် နိုင်ငံရေးဆွေးနွေးမှုဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစုပင်လုံနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

**အားထုတ်ကြိုးပမ်း**

ထိုသို့ဆောင်ရွက်ရာတွင် စစ်မှန်သည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးမှတစ်ဆင့် ပြည်သူများ၏ နေ့စဉ်လူမှုဘဝ ဖြတ်သန်းမှုများတွင် ပကတိငြိမ်းချမ်းမှုကို ရရှိခံစားနိုင်စေမည့် ပြုပြင်ပြောင်းလဲအကောင်အထည်ဖော်မှုများကို အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အားလုံးပါဝင်ပြီး ငြိမ်းချမ်းသည့် ဒီမိုကရေစီမူဝါဒများကို မြှင့်တင်ပေးခြင်း၊ ငြိမ်းချမ်းရေးအသိများကို မိမိတို့မဲဆန္ဒနယ်မြေများတွင် ပြန်လည်မွေးမြူထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် လွှတ်တော်၏ အခန်းကဏ္ဍကို ပါဝင်ဆောင်ရွက်ရာ ရောက်ပါကြောင်း။

လွှတ်တော်အတွင်း အမုန်းစကားပြောဆိုမှုများကိုရှောင်ကြဉ်ပြီး အမုန်းစကား (hate speech)နှင့် ဆက်နွယ်သည့် ပြဿနာများကို ဖြေရှင်းရာတွင်လည်း ပါဝင်ကူညီရန် တိုက်တွန်းလိုပါကြောင်း၊ “ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်”ဆိုသည့် လွှတ်တော်ဆောင်ပုဒ်နှင့်အညီ လွှတ်တော်၏ မူဝါဒရေးရာ ချမှတ်သည့် လုပ်ငန်းစဉ်များ၊ ပြည်သူကို အကာအကွယ်ပေးသည့် ဥပဒေပြုခြင်း လုပ်ငန်းစဉ်များတွင် ပြည်သူကို အမှန်တကယ် ကိုယ်စားပြုဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းအဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယခုဆွေးနွေးပွဲမှတစ်ဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းသည့် ပြည်တွင်းနှင့် နိုင်ငံတကာအခြေအနေ ရှုမြင်သုံးသပ်မှုများ၊ လက်တွေ့ဆောင်ရွက်နိုင်မည့် အသိပညာစွမ်းရည်နှင့် နည်းလမ်းတို့ကို ပိုမိုသိရှိနားလည်လာနိုင်ရန် မျှော်လင့်ပါကြောင်း။

ဥပဒေပြု လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို မြှင့်တင်ဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ လွှတ်တော်များသည် ထိရောက်မှု၊ လုပ်ရှားတက်ကြွမှု၊ ပွင့်လင်းမြင်သာမှုတို့ရှိပြီး ပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ပြည့်စုံရေးကို ဖြည့်ဆည်းပေးနိုင်မှသာလျှင် ဒီမိုကရေစီစနစ်သည် ရှင်သန်ဖွံ့ဖြိုးနိုင်မည်ဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိစေရန်အတွက် လူ့အဖွဲ့အစည်းများအကြား ကွဲပြားမှုများကို ဆွေးနွေးညှိနှိုင်း ဖြေရှင်းနိုင်ကြပါစေကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် IPU မှ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေအား လေးစားမှုမြှင့်တင်ရေး ကော်မတီဥက္ကဋ္ဌ ဟန်ဂေရီလွှတ်တော်ကိုယ်စားလှယ် Dr. Agnes Vadai နှင့် နိုင်ငံတကာ ပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ IPU မှနိုင်ငံတကာလူသားချင်းစာနာမှု ဥပဒေအားလေးစားမှုမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဟန်ဂေရီလွှတ်တော်ကိုယ်စားလှယ် Dr. Agnes Vadai နှင့် နိုင်ငံတကာကျွမ်းကျင်သူများ၊ AIPA ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ အတွင်းရေးမှူး ဒေါ်ထုမေ၊ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း၊ အတွင်းရေးမှူး ဦးဘိုဘိုဦးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ၊ နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်း ကော်မတီဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်တို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် “ပဋိပက္ခဆိုးမွေနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ”ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲစကားဝိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ၊ နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်း ကော်မတီဝင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ တောင်အာဖရိက လွှတ်တော်ကိုယ်စားလှယ်ဟောင်း Mr. Roelf Petrus Meyer၊ ထိုင်းလွှတ်တော်ကိုယ်စားလှယ်ဟောင်း Ms. Tuenjai Deetes၊ ဖိလစ်ပိုင်လွှတ်တော်ကိုယ်စားလှယ်ဟောင်း Mr. Neri Colmenares နှင့် Equality Myanmar မှ Executive Director ဦးအောင်မျိုးမင်းတို့က ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းခြင်းနှင့် ဆွေးနွေးပွဲစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသူများက ပြန်လည်ရှင်းလင်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် IPU မှ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေအား လေးစားမှုမြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌ ဟန်ဂေရီလွှတ်တော် ကိုယ်စားလှယ် Dr. Agnes Vadai က ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် လွှတ်တော်များ၏ အရေးပါမှုနှင့် စပ်လျဉ်းသည့် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)က ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။

ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် လွှတ်တော်၏ အခန်းကဏ္ဍ ဆွေးနွေးပွဲနှင့် အပြန်အလှန်ဆွေးနွေးမှုများကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ဝန်ကြီးဌာနများမှတာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ကတိဖြစ်မေးခွန်းများနှင့်စပ်လျဉ်း၍ မေးခွန်းရှင်များ၊ နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင်အမှတ် (I-20) အပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးသို့ ကွင်းဆင်းစိစစ်ခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့နောက် မေးခွန်းရှင်များ၊ ကော်မတီအဖွဲ့ဝင်များက ကွင်းဆင်းလေ့လာစိစစ်တွေ့ရှိချက်များကို တင်ပြခဲ့ပြီး၊ နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြန်လည်ရှင်းလင်းတင်ပြမှုများအပေါ် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

သတင်းစဉ်



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပ

**နေပြည်တော်   ဖေဖော်ဝါရီ   ၂၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၏ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်နှင့် အခြားအရင်းအမြစ်များ တင်ပြတောင်းခံရန်နှင့် ပြည်ထောင်စုအစိုးရက ပံ့ပိုးပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က တစ်နိုင်ငံလုံး၏ တရားရုံးများအတွက် ခွဲဝေချထားပေးသည့် ရန်ပုံငွေစာရင်းအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်သည် တစ်ပြည်လုံးအသုံးစရိတ်၏ သုည ဒသမ ၁၃၁ ရာခိုင်နှုန်းဖြစ်ပြီး သာမန်အသုံးစရိတ်၏ သုည ဒသမ ၁၀၆ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တစ်ပြည်လုံးအသုံးစရိတ်၏ သုည ဒသမ ၁၁၄ ရာခိုင်နှုန်းနှင့် သာမန်အသုံးစရိတ် သုည ဒသမ ၀၉၅ ရာခိုင်နှုန်းကို ခွဲဝေရရှိပါကြောင်း၊ ရရှိသည့်ရန်ပုံငွေအပေါ် မူတည်၍ ဝန်ထမ်းအင်အားတိုးချဲ့ခြင်းနှင့် လိုအပ်သည့်အထောက်အကူပစ္စည်းများကို ဖြည့်တင်းလျက်ရှိပါကြောင်း။

## တောင်းခံရရှိသည့် ရန်ပုံငွေအလိုက် ဝန်ထမ်းအင်အား ဖြည့်ဆည်းခြင်းနှင့် လိုအပ်သည့်အထောက်အကူပြု အရင်းအမြစ်များကို ဖြည့်ဆည်းသွားမည်ဖြစ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ခေတ်မီသည့်အထောက်အကူပစ္စည်းအရင်းအမြစ်များနှင့် ခေတ်မီသည့်နည်းပညာများကို သုံးစွဲခြင်းဖြင့် လိုအပ်သည့် ဝန်ထမ်းအင်အားကို လျှော့ချနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်နှင့်အညီ နှစ်စဉ်ရန်ပုံငွေကို တောင်းခံလျက်ရှိပါကြောင်းနှင့် တောင်းခံရရှိသည့် ရန်ပုံငွေအလိုက် ဝန်ထမ်းအင်အားဖြည့်ဆည်းခြင်းနှင့် လိုအပ်သည့်အထောက်အကူပြုအရင်းအမြစ်များကို ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆော့လော်မဲဆန္ဒနယ်မှဦးလာမာလေး၏ကချင်ပြည်နယ်တရားလွှတ်တော် အဆောက်အဦအသစ် သီးခြားဆောက်လုပ်နိုင်ရန် မြေနေရာရရှိရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ပိုင်မြေကွက်အား ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က ကချင်ပြည်နယ် တရားလွှတ်တော်အဆောက်အဦသစ် သီးခြားဆောက်လုပ်နိုင်ရန် မြစ်ကြီးနားမြို့နယ် မန်ခိန်ရပ်ကွက် ကွင်းအမှတ်(၄/ ယောရင်ကွင်း)၊ ဦးပိုင်အမှတ်(၃၅/၂-င) ဧရိယာပေ(၂၀၀ x ၇၀၀) (၃ ဒသမ ၂၂၄)ဧကရှိ မြေနေရာရရှိရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနသို့ တင်ပြတောင်းခံထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အဆိုပါမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ကချင်ပြည်နယ်တရားလွှတ်တော်ရုံးမှ အဆောက်အဦသစ် သီးခြားဆောက်လုပ်နိုင်ရန် မြေနေရာရရှိရေးတင်ပြတောင်းခံမှုနှင့်စပ်လျဉ်း၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)ပိုင် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် ကွင်းအမှတ်(၄)ယောရင်ကွင်း ဦးပိုင်အမှတ် (၃၅/ ၂-င) ဧရိယာ ၃ ဒသမ ၂၂၄ ဧကရှိ မြေကွက်တွင် ကချင်ပြည်နယ် တရားလွှတ်တော်ရုံးအဆောက်အဦအသစ် ဆောက်လုပ်ခွင့်ကို ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ယင်းမြေနေရာကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)အမည်ပေါက်အတိုင်းသာ ဆက်လက်ထားရှိ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ကျောက်ပါးစပ်ကျေးရွာအား တရားဝင်အမည်ပေါက်ကျေးရွာအဖြစ် သတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်၏ ဝန်းသိုမြို့နယ် တောင်ကုန်းကျေးရွာအုပ်စု ကျောက်ပါးစပ်ကျေးရွာအား ပြည်ထဲရေးအမည်ပေါက်ကျေးရွာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က ကျောက်ပါးစပ်ကျေးရွာအား တရားဝင်အမည်ပေါက်ကျေးရွာအဖြစ် သတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရရှိပါက သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းပြီး ကျေးရွာသစ်ဖွဲ့စည်းခြင်း အမှုတွဲအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။


ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်


ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး


ဒုတိယဝန်ကြီး ဦးတင်မြင့်


ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်


ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း


ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်

ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ်၏ ဖလမ်းမြို့နယ် သီးဆင်ကျေးရွာအုပ်စု ဝေဠုဝန်စခန်းကို ဒေသခံပြည်သူများ၏အခေါ်အဝေါ်နှင့် ကိုက်ညီသော ဗားလုံ (Valung) ကျေးရွာအဖြစ် ပြောင်းလဲပြင်ဆင်ပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က ဖလမ်းမြို့နယ် သီးဆင်ကျေးရွာအုပ်စု ဝေဠုဝန်စခန်းအား ဗားလုံကျေးရွာအဖြစ် ကျေးရွာအမည်ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် လက်ရှိအချိန်တွင် ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲပြုစုဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အမှုတွဲတည်ဆောက်ပြီး တင်ပြလာပါက ဗားလုံကျေးရွာအဖြစ် စိစစ်တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၏ ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများလျှပ်စစ်ဓာတ်အားရရှိရေးအတွက် လက်ဆည်ကျေးရွာနှင့် ညောင်နီချောင်းကျေးရွာတို့တွင် (၆၆/၁၁ KVA)(5MVA) ဓာတ်အားခွဲရုံ နှစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာ ၈၆ ရွာအနက်မှ ကျေးရွာ ၅၀ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၃၂ ကေဗွီ တညောင်ပင်မဓာတ်အားခွဲရုံမှ လက်ဆည်ကျေးရွာသို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၁၇ မိုင်နှင့် လက်ဆည်ကျေးရွာတွင် ၆၆/ ၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျန် ၃၆ ရွာ မီးလင်းရေးအတွက် ၁၃၂ ကေဗွီ တညောင်ပင်မဓာတ်အားခွဲရုံမှ ညောင်နီချောင်းကျေးရွာသို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၃၇ မိုင်နှင့် ညောင်နီချောင်းကျေးရွာတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံတို့ကို တည်ဆောက်ပေးရမည်ဖြစ်ပါကြောင်း။

လက်ဆည်ကျေးရွာကို သွယ်တန်းမည့် ၆၆ ကေဗွီ ၁၇ မိုင်နှင့် ၅ အမ်ဗွီအေ ခွဲရုံတစ်ရုံတည်ဆောက်ရန်အတွက် လိုအပ်မည့်ကုန်ကျစရိတ်သည် ခန့်မှန်းငွေကျပ် ၄၃၅၄ ဒသမ ၈၀၆ သန်းနှင့် ညောင်နီချောင်းကျေးရွာသို့ ၆၆ ကေဗွီလိုင်း ၃၇ မိုင် နှင့် ၅ အမ်ဗွီအေ ခွဲရုံတစ်ရုံတည်ဆောက်ရန်အတွက် လိုအပ်သည့် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၆၆၀၂ ဒသမ ၃၃၄ သန်းတို့ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရန် စီမံချက်ရေးဆွဲထားပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ ပြည်သူများ လျှပ်စစ်သုံးစွဲမှုပိုမိုကောင်းမွန်စေရန်၊ ဝန်ဆောင်မှုများအဆင်ပြေစေရန်၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရန်နှင့် အလေအလွင့်မဖြစ်စေရန်အတွက် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ပြီး YESC (ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း)၊ MESC(မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း)၊ ESE တို့အား ပြုပြင်ပြောင်းလဲရန်အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့် ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၏ ဖားဆောင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် လစ်လပ်နေသော လျှပ်စစ်ဝန်ထမ်းများအား အမြန်ဆုံးခန့်အပ်ပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက် ၈၄ ချက်နှင့် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၁၀၉ ချက်တို့ကို တင်ပြခြင်း၊ ပြင်ဆင်ချက်နှစ်ချက်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီနှင့် ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းတို့က ဆွေးနွေးခြင်းတို့ဆောင်ရွက်ကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏သဘောထားရယူ၍ လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကျင်းပမည့် ရက်နှင့်အချိန်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော်   ဖေဖော်ဝါရီ   ၂၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့တွင် ထားဝယ်တက္ကသိုလ် ဥပဒေပညာဌာနမှ ဒေါက်တာစိမ်းလဲ့လဲ့အောင် (ပါမောက္ခ၊ ဌာနမှူး) ဦးဆောင်သည့် ကြီးကြပ်သူဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၁၀ တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အဦများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်နေ့ရက်မှ ယနေ့အထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ပြည်တွင်းဧည့်သည် ၆၁၅၇၅ ဦးနှင့် ပြည်ပဧည့်သည် ၂၄၈၁ ဦး စုစုပေါင်းဧည့်သည် ၆၄၀၅၆ ဦးရှိပြီဖြစ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်သို့လာရောက်လေ့လာလိုပါက ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်တို့ထံ လိပ်မူပြီး အစိုးရရုံးပိတ်ရက်များမပါ သုံးရက်ကြိုတင်ပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

○ ဂျပန်-အာဆီယံ ယူ -၁၉ မှ

အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် မလေးရှား၊ လာအို၊ ဂျပန်၊ ကာဂိုရှီမာ လက်ရွေးစင်ယူ-၁၈ အသင်း၊ အုပ်စု (ခ) တွင် ကမ္ဘောဒီးယား၊ တီမော၊ မြန်မာနှင့် ကာဂိုရှီမာယူနိုက်တက်အသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကာဂိုရှီမာယူနိုက်တက်အသင်း၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် တီမောအသင်း၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သည့်အပြင် ဂျပန်-အာဆီယံချစ်ကြည်ရေး အထိမ်းအမှတ်ဖြစ်သောကြောင့် အုပ်စုပွဲများကို ဆက်တိုက်ကစားရမည်ဖြစ်ပြီး ဖိုင်နယ်ပွဲမရှိဘဲအုပ်စုပွဲစဉ်များအပြီးတွင် တစ်ဖက်အုပ်စုမှ အဆင့်တူရပ်တည်သည့်အသင်းနှင့်သာ ပြန်လည်ကစားရမည်ဖြစ်သည်။ မြန်မာယူ-၁၉ အသင်းသည် ယခုနှစ်အတွင်း ကျင်းပမည့် ၂၀၂၀ အာဆီယံယူ-၁၉ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပြိုင်ပွဲများ ယှဉ်ပြိုင်လျက်ရှိပြီး Juniror Lions အသင်းအမည်ဖြင့် ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သော MNL-2 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာယူ-၁၉အသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ဖေဖော်ဝါရီ ၂၃ ရက်က ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ


ဒုတိယဝန်ကြီး
ဗိုလ်ချုပ်သန်းထွဋ်


ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း


ဒုတိယဝန်ကြီး
ဦးလှကျော်


ကချင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးဇယ်ခေါင်


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၁)မှ ဦးကျော်သောင်း


အမျိုးသားလွှတ်တော်ဥပဒေကြမ်း
ကော်မတီဝင် ဒေါ်နန်းနီနီအေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နည်းဥပဒေနှစ်ခုတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ဝိုင်းမော်မြို့နယ်ရှိ စင်ကြိုင် - ဂူခန် ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် စီမံကိန်းလျာထားချက်တွင် အဆိုပြုထည့်သွင်းလျာထားပြီးဖြစ်

အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဇယ်ခေါင်၏ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ စင်ကြိုင် – ဂူခန် ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် လာမည့်ဘဏ္ဍာနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဝိုင်းမော်မြို့နယ် စင်ကြိုင် – ဂူခန် ကျေးရွာချင်းဆက်လမ်းအား လမ်းသားချဲ့ခြင်းနှင့် ကျောက်ချောခင်းခြင်း (၈)မိုင်၊ ကွန်ကရစ်တံတားပေ ၅၀ တစ်စင်း၊ ပေ ၄၀ တစ်စင်း၊ ၁၀ ပေ တစ်စင်း၊ Box Culvert ၁၁ စင်းနှင့် Pipe Culvert သုံးစင်းတို့အား ဆောင်ရွက်ပေးရန် လွှတ်တော်ကိုယ်စားလှယ် ဦးဇယ်ခေါင်က စီမံကိန်းအဆိုပြုလွှာဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနသို့ တင်ပြလာခဲ့ပါကြောင်း၊ ယင်းတင်ပြချက်နှင့်ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် စီမံကိန်းလျာထားချက်တွင် အဆိုပြုထည့်သွင်း လျာထားပြီးဖြစ်ပါကြောင်းနှင့် ၎င်းလုပ်ငန်းများအား ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းဦးစားပေးအစီအစဉ်အရသာ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် လေးတောင်မြို့ ဇရပ်ပြင် အခြေခံပညာအထက်တန်းကျောင်း၏ နှစ်ထပ်ကျောင်းဆောင်သည် အန္တရာယ်ရှိသော ကျောင်းဆောင်အဖြစ် ရောက်ရှိနေပါသဖြင့် ဆောက်လုပ်ရန် လိုအပ်လျက်ရှိသည့် ကျောင်းဆောင်များအား နှစ်အလိုက် ဦးစားပေးပြီး လာမည့်ဘဏ္ဍာနှစ်တွင် အခြေခံပညာအထက်တန်းကျောင်းနှင့် ကိုက်ညီသည့် ပေ(၁၅၀ x ၃၀) သို့မဟုတ် စံကိုက်နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဦးစားပေးအဖြစ် သတ်မှတ်ပြီး ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရမ်းဗြဲမြို့နယ် ဇရပ်ပြင် အခြေခံပညာအထက်တန်းကျောင်းတွင် ပေ(၁၅၀ x ၃၀) RC နှစ်ထပ်ဆောင် တစ်ဆောင် ဆောက်လုပ်ပေးရန်အတွက် လိုအပ်သောရန်ပုံငွေကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေခေါင်းစဉ်အောက်တွင် မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်ထည့်သွင်း လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ စစ်ကိုင်းမြို့နယ် ကာဘိုးဆည် ရေလှောင်တကတ်(၅) တူးမြောင်း ရေဖျားသောက်လယ်ကွင်းများအား မူးမြစ် မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မူးမြစ် မြစ်ရေတင်စီမံကိန်းအသစ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြေပြင်တိုင်းတာခြင်း၊ အသေးစိတ်တိုင်းတာခြင်းနှင့် ပုံထုတ်ခြင်း၊ စီမံကိန်းတည်ဆောက်ခြင်း အစရှိသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်မှစတင်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေတွင်ထည့်သွင်း လျာထားဆောင်ရွက်သွားရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၏ ၂၀၁၉ – ၂၀၂၀ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ပြင်ဆင်ပြီးခဲ့သော မြန်မာနိုင်ငံ တံဆိပ်ခေါင်းခွန်ဥပဒေများအရ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခွန် ရာခိုင်နှုန်းများ လျှော့ချပြင်ဆင်ခဲ့သည့်အပေါ် ယနေ့အချိန်ထိ ရရှိသော ပုံမှန်ဝင်ငွေခွန်၊ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်များ ရရှိမှုအခြေအနေနှင့် သက်ဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာနတို့က အခွန်တိမ်းရှောင်မှုအပေါ် ဥပဒေပြဋ္ဌာန်းပြီးသည်မှ ယနေ့အချိန်ထိ အရေးယူဆောင်ရွက်မှုအရေအတွက်နှင့် အခြေအနေတို့ကို သိရှိလိုခြင်းမေးခွန်းတို့နှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပုံမှန်ဝင်ငွေခွန် ကောက်ခံရရှိမှုနှင့်စပ်လျဉ်း၍ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေမှအပ ကျန်ဝင်ငွေခေါင်းစဉ်များမှ ယခင်နှစ် ပထမ သုံးလတွင် ငွေကျပ်သန်းပေါင်း ၅၇၂ ဒသမ ၈၆၈ ဘီလီယံ ကောက်ခံရရှိခဲ့ပြီး ယခုနှစ် ပထမသုံးလတွင် ငွေကျပ်သန်းပေါင်း ၅၉၈ ဒသမ ၀၉၄ ဘီလီယံ ကောက်ခံရရှိခဲ့သည့်အတွက် ငွေကျပ်သန်းပေါင်း ၂၅ ဒသမ ၂၂၆ ဘီလီယံတိုးတက်ကောက်ခံရရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ တိုးတက်မှုရာခိုင်နှုန်းအနေဖြင့် ၄ ဒသမ ၄၀၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

ထို့ပြင် ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၂၅ (က) တွင် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ကျသင့်မည့် အခွန်နှုန်းထားများကို လျှော့ပေါ့သက်သာခွင့်ပေးခဲ့သဖြင့် အဆိုပါနှုန်းထားများဖြင့် အခွန်ပေးဆောင်လျက်ရှိပါကြောင်း၊ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ပထမသုံးလတွင် စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ် အခွန်ထမ်းဦးရေအားဖြင့်သော်လည်းကောင်း၊ အခွန်ပေးဆောင်မှု ပမာဏအားဖြင့်သော်လည်းကောင်း၊ ၎င်းနှင့်ဆက်စပ်၍ တံဆိပ်ခေါင်းခွန် ပေးဆောင်သည့် ပမာဏအားဖြင့်သော်လည်းကောင်း တိုးတက်ပေးဆောင်လာသည်ကို တွေ့ရှိရပါကြောင်းနှင့် ဥပဒေပြဋ္ဌာန်းပြီးသည့်အချိန်မှ ယနေ့အချိန်အထိ အခွန်တိမ်းရှောင်မှုများ ပေါ်ပေါက်မှု မရှိသေးပါကြောင်း ဖြေကြားသည်။

အလားတူ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘွဲခိန်း၏ ချင်းပြည်နယ် ထန်တလန်မြို့နယ် ဘုန်တလန်ကျေးရွာတွင် သောက်သုံးရေရှားပါးသည့်အတွက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် သောက်သုံးရေသန့် သွယ်ယူပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေ၏ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဒေါဖုကျေးရွာအုပ်စုအတွင်းရှိ ဒေါဖု–ဘိုးလျားကျေးရွာချင်းဆက် မြေသားလမ်းအား ၁၂ ပေအကျယ် ကျောက်ချောလမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်ကလည်းကောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက်၏ ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့ အမှတ်(၂)ရပ်ကွက်ရှိ လိပ်ကုန်း(၂) အခြေခံပညာအလယ်တန်းကျောင်းတွင် ပေ(၁၃၀ x ၃၀) RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် ပန်လုံမြို့တွင် နွေရာသီကာလ သောက်သုံးရေ သိုလှောင်နိုင်မည့် ရေဂါလန် ၃၃ သိန်းဆံ့ ကြာကန် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် ရေဂါလန် ရှစ်သိန်းဆံ့ ကျောက်စီရေလှောင်ကန်တစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ကွန်းတောင်းကျေးရွာရှိ ရေတင်စက် ရေပိုက်များနှင့် ဝက်ရှုကျေးရွာရှိ စက်ရေတွင်းအား ပြန်လည်ပြင်ဆင်မွမ်းမံပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ထွေး၏ SME ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးရနှင့် JICA၊ KFW အစရှိသော နိုင်ငံတကာအဖွဲ့အစည်းများမှ ချေးငွေများကို ထိရောက်စွာအသုံးချနိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် ချေးငွေပမာဏ မည်မျှကိုစီမံထား၍ SME များသို့ ထုတ်ချေးပြီး ပမာဏမည်မျှရှိသည်ကို သိရှိလိုခြင်းမေးခွန်း။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း၏ ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ ကျေးလက်နေ တောင်သူလယ်သမားများအတွက် "ဝ" ဥစိုက်ပျိုးရေး ချေးငွေထုတ်ချေးပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ နိုင်ငံတော်အစိုးရအနေဖြင့် ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ သို့မဟုတ် နုတ်ထွက်သည့်အခါ စုဆောင်းငွေတစ်ရပ် ရရှိရန် General Provident Fund (GPF) ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နှစ်စဉ် တစ်လတစ်ကြိမ် ၁ ရက်နေ့တိုင်း ဖွင့်လှစ်ပေးနေသည့် အောင်ဘာလေဆုမဲများကို ထီကံစမ်းထားသည့် အများပြည်သူ ထီပေါက်ခွင့် (ကံထူးခွင့်) အခွင့်အလမ်းများ ပိုမိုလာစေရန် ယခုလက်ရှိ ဖွင့်လှစ်ပေးနေသည့် ဆုမဲများမှ ထပ်ဆောင်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊မရှိမေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးက ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများနှင့် အမှုတွဲ မိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို မတ် ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း–အောင်ရဲသွင်(သတင်းစဉ်)**
**ဓာတ်ပုံ – စိုးဝင်းထွန်း**

ဒသမအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ
The 10th Traditional Medicine Research Congress
၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၆–၂၇ ရက်နေ့

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊၈ / ၂၀၂၀**
၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

**“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** သို့ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ တပ်ကုန်းကျေးရွာနေ ခင်မောင်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၂-၂၀၂၀ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ တပ်ကုန်းကျေးရွာနေ ခင်မောင်ဝင်း(၄၉)နှစ်၊ (ဘ)ဦးပွားအောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်) မယ(ပ)၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ တပ်ကုန်းကျေးရွာနေ ထွန်းထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၂-၂၀၂၀ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ တပ်ကုန်းကျေးရွာနေ ထွန်းထွန်း(၄၅)နှစ်၊ (ဘ)ဦးအောင်သောင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မော်လိုက်) မယ(ပ)၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ နောင်ပတ်ကျေးရွာနေ ကတုံးသည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၂-၂၀၂၀ ရက်နေ့တွင် ဗန်းမောက်မြို့နယ်၊ နောင်ပတ်ကျေးရွာနေ ကတုံး(ခ)ကျော်ကျော်အောင် (၂၄)နှစ်၊ (ဘ) ဦးသန်းထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ကံထူး(ခ) ကံမောင် (၃၁) နှစ်၊ (ဘ) ဦးအောင်စိန်တို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မံစီကြီး)မယ (ပ)၈/ ၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သရောင်းကျေးရွာနေ စိုးမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၂-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သရောင်းကျေးရွာနေ စိုးမြင့်(၄၁)နှစ်၊ (ဘ)ဦးအောင်သိန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်) မယ (ပ)၂၇/ ၂၀၂၀၊ မူး/ စိတ်ပုဒ်မ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ တဲမကျေးရွာနေ မြင့်ကိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၂-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ တဲမကျေးရွာနေ မြင့်ကို(၄၅)နှစ်၊ (ဘ)ဦးအောင်သန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ) ၃၂/ ၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ပန်းကောက်ကျေးရွာနေ ဒေါ်ညိုညိုဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၂-၂၀၂၀ ရက်နေ့တွင် မင်းကင်းမြို့နယ်၊ ပန်းကောက်ကျေးရွာနေ ဒေါ်ညိုညိုဝင်း(၃၂)နှစ်၊ (ဘ)ဦးဘတင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မောက္ကတော်)မယ(ပ) ၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာ(၁)(၂)(၃) (၄)(၅)လမ်းတို့တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၃)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၃)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၁-၂-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာ(၁)လမ်းပေါ်၌ နှင်းဆီ(၁) လမ်းနေ ငြိမ်းချမ်းမင်း(၁၇)နှစ်၊ (ဘ)ဦးဇော်မင်းလတ်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း)မယ(ပ)၂၅/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့်လည်းကောင်း၊ ဆက်လက်၍ ၎င်းနှင့်အတူ ရွှေဝါထွန်း(၂)လမ်းနေ အောင်ကိုလတ်(ခ)အငယ်လေး(၂၃)နှစ်၊ (ဘ)ဦးဝင်းရွှေအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ငြိမ်းချမ်းမင်းထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ကော့သောင်း) မယ(ပ) ၂၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးရပ်ကွက်နေ ကျော်မင်းထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၂-၂၀၂၀ ရက်နေ့တွင် ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့်(၃၂)လမ်းထိပ်၌ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးရပ်ကွက်နေ ကျော်မင်းထွန်း (ခ)ရိဒ်ဝါးန်(၂၀)နှစ်၊ (ဘ)ဦးမျိုးမင်းထွန်း(ခ)ဗလအား စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပန်းဘဲတန်း)မယ(ပ)၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်း တိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၂-၂-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၉၉၀)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၂၇၃)ဦး၊ မ(၂၅၂)ဦး၊ ပေါင်း(၁၅၂၅)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၆၅၀.၈၈၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၀၃၃၉.၀၂၁၆၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၁.၂၇)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၄၂.၇၆)ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၅၀၃၆၃၉)ပြား၊ ဆေးခြောက်(၁၀၃၁၁.၄၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၅၅.၄၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၄)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီး အရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

## ကာမိုင်းမြို့အနီး၌ အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု ထပ်မံလှုပ်

ကာမိုင်း ဖေဖော်ဝါရီ ၂၄

ယနေ့ မြန်မာစံတော်ချိန် နံနက် ၂ နာရီ ၃ မိနစ် ၂၅ စက္ကန့်အချိန်တွင် မြစ်ကြီးနားမြေငလျင်စခန်းမှ အနောက်ဘက် ၄၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း ကာမိုင်းမြို့၏ အရှေ့မြောက်ဘက် ၆ မိုင်ခန့်အကွာ၊ မြောက်လတ္တီတွဒ် ၂၅ ဒသမ ၅၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၇၉ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဖွဲ့သူရအောင် (ပြန်/ဆက်)






# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် GMS Corridor Towns Development Project အတွက် NEDA ချေးငွေရယူမည့် အစီအစဉ်နှင့်စပ်လျဉ်းသည့် လက်မှတ်ရေးထိုးခြင်းအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မဟာမဲခေါင်ဒေသခွဲ စကြံ်လမ်းတစ်လျှောက်ရှိ မြို့ဖြစ်သည့် မော်လမြိုင်၊ ဘားအံ၊ မြဝတီမြို့များအနက် မြဝတီမြို့၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးအတွက် GMS Corridor Towns Development Project ကို Neighbouring Countries Economic Development Cooperation Agency(NEDA)ထံမှ ချေးငွေရယူမည့်အစီအစဉ်နှင့်စပ်လျဉ်းသည့် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။



**အကြိုလေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်**

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မဟာမဲခေါင်ဒေသခွဲ အရှေ့အနောက် စီးပွားရေးစကြံလမ်းတစ်လျှောက်ရှိ စီးပွားရေးအရ အရေးပါသောမြို့များဖြစ်သည့် မော်လမြိုင်မြို့၊ ဘားအံမြို့၊ မြဝတီမြို့များ၏ မြို့ပြဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ အကူအညီဖြင့် အကြိုလေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊

အဆိုပါ ဆန်းစစ်လေ့လာမှုများအရ မော်လမြိုင်မြို့၊ ဘားအံမြို့နှင့် မြဝတီမြို့များ၏ မြို့ပြဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ ချေးငွေအကူအညီ အမေရိကန်ဒေါ်လာသန်း ၈၀ နှင့် NEDA ချေးငွေ အမေရိကန် ဒေါ်လာ ၂၄ ဒသမ ၃ သန်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

**စတင်လုပ်ဆောင်နေ**

(ADB)ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်မည့် စီမံကိန်းမှာ မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ကရင်ပြည်နယ် ဘားအံမြို့နေပြည်သူများအတွက် မြို့ပြအခြေခံဝန်ဆောင်မှုလိုအပ်ချက်များဖြစ်သည့် ရေကောင်းရေသန့်ရရှိရေး၊ စနစ်တကျအမှိုက်စွန့်ပစ်ရေး၊ ပြည်သူ့ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများပေးခြင်း၊ မော်လမြိုင်မြို့ ရေးဟောင်းအဆောက်အဦ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ ဘားအံစက်မှုဇုန်စီမံကိန်း ရေးဆွဲခြင်းနှင့် မြဝတီ-မဲဆောက် Joint Spatial Development Plan ရေးဆွဲခြင်းလုပ်ငန်းတို့ ပါဝင်မည်ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်မည့် အကြံပေးအဖွဲ့(FCG Consultant)နှင့် လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုပြီး စီမံကိန်းအကောင်အထည်ဖော်ခြင်းလုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊

**ပါဝင်မည်**

NEDA ချေးငွေစီမံကိန်းမှာ ကရင်ပြည်နယ် မြဝတီမြို့၏ အိမ်ထောင်စု ၁၄၀၀၀ အတွက် ရေကောင်းရေသန့်ရရှိရေး၊ ၉၈ ရာခိုင်နှုန်းအထိ လွှမ်းခြုံနိုင်မည့် စနစ်တကျ အမှိုက်သိမ်းဆည်းစွန့်ပစ်ရေးနှင့် ပြည်သူ့ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများပေးခြင်းတို့ ပါဝင်မည်ဖြစ်ပါကြောင်း၊

GMS Project အတွက် စီမံကိန်းကြီးကြပ်ရေးလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက Executing Agency (EA)အဖြစ် ဆောင်ရွက်မှာဖြစ်ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်မှ အစိုးရအဖွဲ့များက Implementing Agency (IA)များအဖြစ် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ခြင်းနှင့် ချေးငွေပြန်လည်ပေးဆပ်နိုင်ရေးအတွက်လည်း သက်ဆိုင်ရာ PIU (Project Implementation Unit)များက PMU များ Consultant များနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

**အထောက်အကူဖြစ်စေ**

ယခု ချေးငွေစီမံကိန်းများသည် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစကြံလမ်းတစ်လျှောက်ရှိ ပြည်နယ်မြို့ကြီးများ၏ လူမှုစီးပွားနှင့် အခြေခံအဆောက်အဦကဏ္ဍအား တိုးတက်မြင့်မားစေပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်နံပါတ် ၁၁ ပါ မြို့ပြများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူဖြစ်စေသည့် စီမံကိန်းဖြစ်ပါကြောင်း၊

မြန်မာနိုင်ငံ၏ အဓိကနယ်စပ်ကုန်သွယ်ရေးမြို့ဖြစ်သော မြဝတီမြို့၏ မြို့ပြဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးစီမံကိန်းကို လုပ်ဆောင်ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာခြင်း၊ စီးပွားရေးအခြေအနေများ ပိုမိုကောင်းမွန်လာခြင်းစသော အကျိုးကျေးဇူးများအပြင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊

ယင်းစီမံကိန်းမှတစ်ဆင့် မြန်မာနိုင်ငံအတွင်း GMS Corridor ကို တိုးချဲ့ပြီး စီးပွားရေးအရ အရေးပါသောတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ မြို့ပြနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆင့်ပွားလုပ်ဆောင်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စစ် ဆူဖက်ထရာဆရီမိုင်းသရီဖိတပ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ NEDA မှ Chairperson Ms. Chularat Suteethom တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် မဟာမဲခေါင်ဒေသခွဲ စကြံလမ်းတစ်လျှောက်ရှိ မြို့ဖြစ်သော မြဝတီမြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအတွက် ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံးနှင့် NEDA မှ President ဖြစ်သူ Mr. Perames Vudthitornetiraks တို့က လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

**တိုးတက်လာမည်**

ယနေ့ ကျင်းပသည့် ချေးငွေစီမံကိန်းသည် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစကြံလမ်းတစ်လျှောက်ရှိ ပြည်နယ်မြို့ကြီးများ၏ လူမှုစီးပွားနှင့် အခြေခံအဆောက်အဦကဏ္ဍအား တိုးတက်မြင့်မားစေပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်နံပါတ် ၁၁ ပါ မြို့ပြများရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူဖြစ်စေသည့် စီမံကိန်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ အဓိကနယ်စပ်ကုန်သွယ်ရေးမြို့ဖြစ်သော မြဝတီမြို့၏ မြို့ပြဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးစီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာခြင်း၊ စီးပွားရေးအခြေအနေများ ပိုမိုကောင်းမွန်လာခြင်းစသည့် အကျိုးကျေးဇူးများအပြင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ရေးရာမူဝါဒနှင့် အခြေခံလူမှုရေး သုတေသနနည်းစနစ်သင်တန်း ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်သူ့ရေးရာမူဝါဒ(Public Policy)နှင့် အခြေခံလူမှုရေးသုတေသနနည်းစနစ်(Basic Social Research Methodology)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**အရေးကြီး**

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယနေ့ပို့ချမည့် ပြည်သူ့ရေးရာမူဝါဒ (Public Policy)နှင့် အခြေခံလူမှုရေး သုတေသနနည်းစနစ် (Basic Social Research Methodology)တို့သည် ရာထူးအဆင့်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအတွက် အများပြည်သူနှင့်သက်ဆိုင်သည့် မူဝါဒများချမှတ်ရာတွင် အလွန်အရေးကြီးပါကြောင်း၊ မူဝါဒဟုဆိုရာတွင် ဆောင်ရန်၊ ရှောင်ရန်ကိစ္စရပ်များ ပါဝင်ပါကြောင်း၊ မူဝါဒမှန်ကန်စေရန်အတွက် နည်းစနစ်မှန်ကန်စွာဖြင့် သုတေသနလုပ်ကိုင်တတ်ရန် အရေးကြီးပါကြောင်း၊ သုတေသနမှရရှိလာသည့် ရလဒ်များကို သုံးသပ်ပြီး ကာလဒေသအခြေအနေအချိန်အခါနှင့် သင့်လျော်ကိုက်ညီပြီး မှန်ကန်ကောင်းမွန်သည့် မူဝါဒများကို ချမှတ်ရပါကြောင်း၊ ထို့ကြောင့် သင်တန်းသား သင်တန်းသူများအနေဖြင့် ယခုသင်တန်းကို စိတ်ပါဝင်စားစွာဖြင့် တက်ရောက်သင်ယူပြီး သင်တန်းမှ ရရှိရလာမည့် အဖိုးတန်အသိပညာ၊ ဗဟုသုတများကို ဌာနအတွက်၊ နိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင် ထိထိရောက်ရောက် အသုံးချပြီး သင်တန်းတက်ရောက်ခွင့်မရရှိသည့် လုပ်ဖော်ကိုင်ဖက်များကိုလည်း ထပ်ဆင့်မျှဝေစေလိုပါကြောင်း ပြောကြားသည်။



ဆက်လက်၍ The Asia Foundation မှ အထူးစီမံကိန်းများ ယူနစ်မန်နေဂျာ ဒေါ်မီကီကျော်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်တန်းကို ဖေဖော်ဝါရီ ၂၈ ရက်အထိ ငါးရက်တာဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၃၁ ဦး တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာနှင့် ခာတ်ပုံပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၂၀၁၉ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာနှင့် ခာတ်ပုံပြိုင်ပွဲများ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ်လအတွင်း အားကစားနှင့် ကာယပညာဦးစီးဌာန နေပြည်တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာနှင့် ခာတ်ပုံပြိုင်ပွဲများသို့ ဆောင်းပါး ၈၃ ပုဒ်၊ ဝတ္ထုတို ၄၆ ပုဒ်၊ ကဗျာ ၆၈ ပုဒ်နှင့် ခာတ်ပုံ ၄၂၇ ပုံ ပေးပို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆောင်းပါးပြိုင်ပွဲတွင် ဒေါ်ရွှေရွှေမြင့်(ရွှေလေညင်း)က ရောဂါကင်းလို့ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြပါစို့ဖြင့် ပထမ၊ မာလာဦးက ရောဂါကင်းလို့ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြပါစို့ဖြင့် ဒုတိယ၊ မို့မို့အောင်သန်း(ဥပဒေ)က နိုင်ငံ့အားကစားမြှင့်တင်ရန် လူထုအားကစားကို အခြေခံဖြင့် တတိယရရှိကြပြီး ဇော်မင်းဌေး(ထားဝယ်)၊ ဒေါ်ခင်အုန်းမြင့်(မယ်မွှေး-ပညာရေး)၊ ဒေါ်မေနှင်းသန့်(နှင်းပွင့်ဖြူ)၊ ဦးဝင်းတင်(မဟော်ဂနီ)နှင့် ရောမောင်တို့က နှစ်သိမ့်ဆုကိုလည်းကောင်း၊

ဝတ္ထုတိုပြိုင်ပွဲတွင် ဦးဇော်လင်း(လင်းထက်-အင်းတော်ကြီး)က ပီတိစား၍အားရှိသည်ဖြင့် ပထမ၊ ခင်လပြည့်ဝန်းက နှင်းပုံရိပ်လွှာဖြင့် ဒုတိယ၊ ဒေါ်မေစိမ်းဝင်း(ကောင်းကင်မေ-စီးပွားရေးတက္ကသိုလ်)က ပန်းနုရောင်ဝေ့ါကင်းရှူးလေးဖြင့် တတိယရရှိကြပြီး ဒေါ်သဇ္ဇာမိုး(သဇ္ဇာလှိုင်-လားရှိုး)၊ ဦးထိန်လင်း(လင်းအရုဏ်ဦး-ပဲခူး)၊ ဦးစိုးမိုးကျော်(နွေကုံကော်-မြို့လှ)၊ ဦးမြင့်မောင်(မောင်စူးရှ-အနောက်ရိုးမ)နှင့် တင်မိုးအေးတို့က နှစ်သိမ့်ဆုကိုလည်းကောင်း၊

ကဗျာပြိုင်ပွဲတွင် ဒေါ်မြင့်မြင့်သန်း(မြင့်-ရွှေဘို)က နိုင်ငံ့အားကစားမြှင့်တင်ရန် လူထုအားကစားကိုအခြေခံဖြင့် ပထမ၊ မဆောင်းသဇင်(သမီးပျို)က ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးဖြင့် ဒုတိယ၊ ဦးဌေးလှိုင်(ခန့်ကျော်ထင်လှိုင်-လှိုင်ကော်)က ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲမှသည်ဖြင့် တတိယရရှိကြပြီး ဦးခင်မောင်ထွန်း(မင်းသွေးနွယ်-ဇီးကုန်း)၊ ဦးမျိုးဝင်း (ဘိုမျိုး-ရွှေဘို)၊ ဦးညိုဝင်း(မောင်မိုးလှိုင်-သစ္စာမြေ)၊ ဦးကျော်နိုင်(လုလင်-မှော်ဝန်းမြေ)နှင့် ဦးထွန်းအောင်ကျော်(စွမ်းဝေ-ဇီးကုန်း)တို့က နှစ်သိမ့်ဆုကိုလည်းကောင်း၊

ခာတ်ပုံပြိုင်ပွဲတွင် ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)က ပထမ၊ ဌေးဝင်း(ရမ္မာဝတီ)က ဒုတိယ၊ Dr. မြတ်ဇော်ဟိန်းတို့က တတိယရရှိကြပြီး အောင်ကျော်ထွန်း (ပုသိမ်ကြီး)က နှစ်သိမ့်ဆုတစ်ဆုနှင့် နှစ်သိမ့်ဆုနှစ်ဆု၊ မျိုးမင်းကြွယ်(ရွှေတောင်ကြား)က နှစ်သိမ့်ဆု သုံးဆု၊ အထူးဆုများအဖြစ် မျိုးမင်းကြွယ်(ရွှေတောင်ကြား)၊ စိုင်းအောင်မြတ်(တောင်ကြီး)၊ သန်းလှိုင်ဦး၊ Dr.မြတ်ဇော်ဟိန်း၊ နိုင်ထူးအောင်၊ အောင်မြတ်မင်း(ပြန်/ဆက်)နှင့် အောင်ကျော်ထွန်း(ပုသိမ်ကြီး)တို့ကလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

ဆုပေးပွဲကျင်းပမည့်ရက်အား ဆုရရှိသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇ - ၈၁၀၄၃၃၄၊ ၀၆၇ - ၈၁၀၄၃၃၅၊ ၀၉ - ၂၀၀၂၁၉၆ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဝင်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် မန္တလေးစွမ်းဟိုတယ်၌ တွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဒေသတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်ပေါ်နေသည့် အခက်အခဲများကို ဝိုင်းဝန်းအဖြေရှာ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ယခုဖြစ်ပေါ်နေသော 2019 Novel Coronavirus အဆုတ်ရောင်ရောဂါနှင့် ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗိုင်းရပ်စ် အလွန်ကာလတွင် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် အနောက်နိုင်ငံအချို့ကို ဆိုက်ရောက်ဗီဇာရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ "Quality Tourism" ခရီးသွားလုပ်ငန်းဖြစ်ပေါ်လာစေရန်၊ အရေအတွက်ထက် အရည်အသွေးကို ဦးစားပေးသည့် ခရီးသွားလုပ်ငန်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြား သည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်တို့က မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။



**တက်ရောက်**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဒုတိယဝန်ကြီး ဦးတင်လတ်တို့သည် နေပြည်တော်ရှိ Hilton Hotel ၌ ပြုလုပ်သည့် Essence of Myanmar Travel & Tour Co.,Ltd. ၏ စီစဉ်မှုဖြင့် ဘယ်လ်ဂျီယမ်နိုင်ငံသား ၄၄ ဦး ပါဝင်သော ခေတ်ဟောင်းမော်တော်ယာဉ် ၂၂ စီးဖြင့် မြန်မာနိုင်ငံခရီးစဉ်ဒေသများကို ကိုယ်တိုင်မောင်းနှင်လှည့်ပတ်သည့် ခရီးစဉ်၏ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြပြီး ခရီးသွားဧည့်သည်များအား တွေ့ဆုံနှုတ်ဆက်သည်။

ထို့အပြင် ဒုတိယဝန်ကြီး ဦးတင်လတ်သည် ယင်းနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ Mandalay Region Chamber of Commerce & Industry (MRCCI)တွင် ကျင်းပသော "Visit Nepal Year 2020" အခမ်းအနားသို့ တက်ရောက်ပြီး မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးခန်းတွင် ပြုလုပ်သည့် မန္တလေးလမ်းလျှောက်သကြိန်အား မြန်မာ့ရိုးရာယဉ်ကျေးမှုများနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားကာ ညနေပိုင်းတွင် ပြင်ဦးလွင်မြို့သို့ သွားရောက်၍ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ စိမ်းလန်းပြင်ဦးလွင်အဖွဲ့၊ May Myo Heritage Trust အဖွဲ့တို့နှင့် ပြင်ဦးလွင်မြို့ ဟိုတယ်ရွှေနန်းထိုက်၌ တွေ့ဆုံပြီး ၂၀၁၈ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ လုပ်ပိုင်ခွင့်ခွဲဝေဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာန၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးစဉ်ဒေသသစ်များ ဖော်ဆောင်ရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ပေါင်းစပ်ဆောင်ရွက်မှုများ၊ သက်ဆိုင်ရာဒေသအလိုက် ခရီးစဉ်စီမံခန့်ခွဲမှုအဖွဲ့(DMO)များ ဖွဲ့စည်းဆောင်ရွက်ရေးဆိုင်ရာများ၊ 2019 Novel Coronavirus အဆုတ်ရောင်ရောဂါ တားဆီးကာကွယ်ရေးဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ အမျိုးသားအမွေအနှစ်အဖြစ် သတ်မှတ်ရေးတင်ပြမည့် ၁၉၀၀ ပြည့်နှစ်က တည်ဆောက်ခဲ့သော ပြည်သူ့ဆေးရုံကြီးနှင့် ၁၉၁၂ ခုနှစ်က တည်ဆောက်ခဲ့သည့် သန့်ရှင်းသူအပေါင်း ဘုရားကျောင်း(All Saint Church)သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုပ်ရှင်ဇာတ်ကားများအား ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထိန်းသိမ်းခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရုပ်ရှင်ဇာတ်ကားများအား ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထိန်းသိမ်းခြင်းအလုပ်ရုံဆွေးနွေးပွဲ(Film Digital Restoration Workshop)ကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ်(၅၀) အနုပညာ ရုပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(FDC) သင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၄ ရက် မှ ၂၈ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး သင်တန်းတွင် Digital Scan ဖတ်ထားသည့် ယခင်ခေတ်ကာလက ဖလင်ဖြင့် ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ဝင်တေးတစ်ပုဒ်အား ပြုပြင်ထိန်းသိမ်းနည်း၊ အရောင်ချိန်ညှိနည်းများ အပါအဝင် ရုပ်ရှင်ဇာတ်ကားများအား ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထိန်းသိမ်းနည်းပညာများကို ဂျပန်နိုင်ငံ Imagica Lab အဖွဲ့မှ ပညာရှင်များက စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းစီစဉ်သူ Save Myanmar Film ပရောဂျက် ဒါရိုက်တာ ကိုဥက္ကာက "အရင်တုန်းက ရုပ်ရှင်ဖလင်နဲ့ရိုက်ခဲ့တဲ့ဇာတ်ကားတွေကို ဒစ်ဂျစ်တယ်နည်းနဲ့ ထိန်းသိမ်းတဲ့သင်တန်းပါ။ အရင်တုန်းက ရုပ်ရှင်ဖလင်နဲ့ရိုက်ခဲ့တဲ့ကားတွေကို ဒစ်ဂျစ်တယ်ပြောင်းပြီးတဲ့အခါမှာ ပြုပြင်ထိန်းသိမ်းနည်းတွေ၊ အရောင်ချိန်ညှိတာတွေနဲ့ ပတ်သက်ပြီး လက်တွေ့ သင်ကြားပေးသွားမှာဖြစ်ပါတယ်" ဟု သင်တန်းနှင့်ပတ်သက်၍ ပြောသည်။

ဂျပန်နိုင်ငံ Imagica Lab မှ ညှိနှိုင်းရေးမှူး ဆာတိုကို ဆာကေးဂူချိက "မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်ပွဲတော်မှာ ပြသမယ့် ဂျပန့်ရင်သွေးရုပ်ရှင်ဇာတ်ကားဟာဆိုရင် ၁၉၃၅ ခုနှစ်မှာ ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ အဲဒီလိုပဲ မြန်မာ့ခေတ်ဟောင်း ရုပ်ရှင်ဇာတ်ကားတွေလည်း အများကြီးကျန်ရှိဦးမယ်လို့ ထင်ပါတယ်။ ကျန်ရှိတဲ့ ရုပ်ရှင်ဇာတ်ကားတွေကို ဆက်ပြီးထိန်းသိမ်းနိုင်ဖို့အတွက် အခုအလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်တာပါ။ ထိန်းသိမ်းနည်းပညာတွေကို နောက်မျိုးဆက်သစ်တွေကို ဝေမျှခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်" ဟု ပြောသည်။

သင်တန်းသား ကိုထူးတေဇာက "ကျွန်တော်က ဓာတ်ပုံရိုက်တာပါ။ ဖလင်တွေလည်း ကိုယ်တိုင်ဆေးတော့ စိတ်ဝင်စားလို့ လာတက်တာပါ။ ဖလင်နဲ့ပတ်သက်ပြီး အခုလို ထိန်းသိမ်းတဲ့ သင်တန်းတွေ မကြုံဖူးပါဘူး။ ရှေးခေတ်က ပုံတွေကို ပြုပြင်ထိန်းသိမ်းနည်းတွေလည်း သေချာသင်ပေးမှာဆိုတော့ ပညာတွေ အများကြီးရမယ်လို့မျှော်လင့်တယ်။ ဒီကရတဲ့ပညာနဲ့ ဓာတ်ပုံဖလင်တွေနဲ့ ရှေးခေတ်ကပုံတွေကို ပြန်လည်ထိန်းသိမ်းဖို့စဉ်းစားထားတယ်။ အခွင့်ကြုံရင် မြန်မာ့ရုပ်ရှင်ဖလင်တွေကို ပြုပြင်ထိန်းသိမ်းမှုတွေမှာ ပါဝင်သွားဖို့ စိတ်ကူးထားတယ်" ဟု ပြောသည်။

အဆိုပါ သင်တန်းကို ပြန်ကြားရေးဝန်ကြီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ဂျပန်နိုင်ငံ ယဉ်ကျေးမှု၊ အနုပညာနှင့် အားကစားဆိုင်ရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ Save Myanmar Film၊ ဝဿန်ရုပ်ရှင်ပွဲတော်အဖွဲ့၊ ဂျပန်နိုင်ငံမှ Imagica Lab တို့၏ ပူးပေါင်းမှုနှင့်အတူ B2HD Computer, Gaming PC and High End Workstation မှ နည်းပညာပိုင်းဆိုင်ရာ စက်စွဲသည်းများ ပံ့ပိုးကူညီမှုတို့ဖြင့် ပို့ချခြင်းဖြစ်သည်။

ယခင်ခေတ်ကာလက ဖလင်ဖြင့် ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားဟောင်းများကို ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် ရည်ရွယ်ကာ အဆိုပါသင်တန်းကို ပြုလုပ်ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံမှ ရိုက်ကူးခဲ့သော "ဂျပန့်ရင်သွေး" ရုပ်ရှင်ဇာတ်ကားအား မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့်ပွဲတော်တွင် ပြသနိုင်ရေးအတွက် စတင်ကြိုးစားခဲ့ရာမှ အခြေပြုဖြစ်ပေါ်လာသည့် သင်တန်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**

## COVID-19 လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

(၂၄-၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုင်းဒေသကြီး/ပြည်နယ်များတွင် (၂၃-၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၂-၂၀၂၀) ရက်နေ့၊ ည(၈:၀၀)နာရီအချိန်အထိ Coronavirus Disease 2019 (COVID-19) ရောဂါနှင့်ပတ်သက်၍ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ကုသသည့် လူနာသစ်မရှိပါ။

၃။ (၂၄-၂-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ ဆေးရုံဆင်းခွင့်သတ်မှတ်ချက်များအရ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် COVID-19 ရောဂါပိုးမတွေ့ရှိရသော်လည်း (၄၈)နာရီဆက်လက်စောင့်ကြပ်ကြည့်ရှုမှုခံယူနေသည့် စောင့်ကြည့်လူနာ (၄) ဦးရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရှိရပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် Coronavirus Disease 2019 (COVID-19) ရောဂါစောင့်ကြည့်လူနာနှင့် သံသယလူနာများတွေ့ရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၅။ ရန်ကုန်မြို့သို့ (၁၃-၂-၂၀၂၀) ရက်နေ့မှ (၁၇-၂-၂၀၂၀)ရက်နေ့အထိ အလည်လာရောက်ခဲ့သည့် အသက်(၃၄)နှစ်အရွယ် ကိုရီးယားနိုင်ငံသူ (၁) ဦးသည် (၂၃-၂-၂၀၂၀)ရက်နေ့တွင် ကိုရီးယားနိုင်ငံ၌ ဓာတ်ခွဲစစ်ဆေးချက်အဖြေအရ COVID-19 ဓာတ်ခွဲအတည်ပြုလူနာအဖြစ် စောင့်ကြပ်ကြည့်ရှုကုသမှုခံယူလျက်ရှိကြောင်း (၂၃-၂-၂၀၂၀) ရက်နေ့တွင် သတင်းရရှိခဲ့ရာ သတင်းရရှိလျှင်ရရှိချင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အဆိုပါ အမျိုးသမီးနှင့် အနီးကပ်ထိတွေ့နေထိုင်ခဲ့သူ (၇)ဦးနှင့် ၎င်းတို့၏ မိသားစုဝင် (၁၅)ဦး၊ စုစုပေါင်း (၂၂)ဦးအား စုံစမ်းရှာဖွေ၍ ကျန်းမာရေးအခြေအနေ စစ်ဆေးမေးမြန်းခဲ့ရာ ၎င်းတို့အားလုံး၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး လတ်တလောအားဖြင့် COVID-19 ရောဂါ သံသယလက္ခဏာများ ဖြစ်ပွားမှုမရှိကြောင်း တွေ့ရှိခဲ့ရပါသည်။ ဓာတ်ခွဲအတည်ပြုလူနာ အမျိုးသမီးနှင့် အနီးကပ်ထိတွေ့သူများ၊ ၎င်းတို့၏ မိသားစုဝင်များအား COVID-19 ရောဂါကူးစက်ဖြစ်ပွားပုံနှင့် ရောဂါလက္ခဏာများနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေး၍ ရောဂါလက္ခဏာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန်နှင့် နေအိမ်တွင် အသွားအလာတားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း(Home Quarantine) နေထိုင်စဉ် လိုက်နာရမည့် အချက်များအား တိကျစွာလိုက်နာရန် အသိပေးပြောကြားခဲ့ပါသည်။ သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ထမ်းများက ၎င်းတို့အား နေအိမ်တွင်သီးခြားထားရှိ၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို လုပ်ငန်းလမ်းညွှန်များနှင့်အညီ နေ့စဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး လူနာနှင့် ၎င်းတို့အသီးသီး နောက်ဆုံးတွေ့ဆုံခဲ့သည့် ရက်မှ (၁၄) ရက်ပြည့်သည်အထိ ဆက်လက်စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

၆။ (၂၄-၂-၂၀၂၀)ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့အပါအဝင် ကမ္ဘာ့နိုင်ငံ (၂၉)နိုင်ငံတွင် COVID-19 ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ဓာတ်ခွဲအတည်ပြုလူနာ/သံသယလူနာနှင့်ထိတွေ့မှုရှိခဲ့ပါက မိမိကိုယ်တိုင် ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပေးပို့ရန်နှင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



## ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုနည်းပါးစေရန် ရှီကျင့်ဖျင် သန္နိဋ္ဌာန်ချ

**ပေကျင်း ဖေဖော်ဝါရီ ၂၄**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအား ကပ်ဆိုက်သောကာလအဖြစ် ထုတ်ဖော်ပြောကြားလိုက်ပြီး စီးပွားရေးနှင့် လူမှုရေးအပေါ် ကိုရိုနာဗိုင်းရပ်စ်၏ အကျိုးသက်ရောက်မှုနည်းနိုင်သမျှနည်းစေရေး ဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်ရန် သန္နိဋ္ဌာန်ချခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းက ဖော်ပြသည်။

ရှီကျင့်ဖျင်သည် ဖေဖော်ဝါရီ ၂၃ ရက်က ကွန်မြူနစ်ပါတီအကြီးအကဲများနှင့်လည်း အွန်လိုင်းအစည်းအဝေးတစ်ရပ်ကျင်းပခဲ့ကြောင်း တရုတ်နိုင်ငံပိုင်ရုပ်သံလွှင့်ဌာန စီစီတီဗွီက သတင်းထုတ်ပြန်ခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအား အဆိုးရွားဆုံးပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများအနက် တစ်ခုဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး မိမိတို့အတွက် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုသည် ဘေးကျပ်နံကျပ်ဖြစ်သောကာလဖြစ်ကြောင်းနှင့် ကြီးမားသည့် အစမ်းသပ်ခံရမှုတစ်ရပ်လည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအများဆုံးခံရသည့် ဟူပေပြည်နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ရေးနှင့် မြို့တော်ပေကျင်းတွင် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ချက်များ လုပ်ဆောင်ရန်လည်း ရှီကျင့်ဖျင်က ညွှန်ကြားခဲ့သည်။

ဗိုင်းရပ်စ်ဖြစ်ပွားမှုသည် စီးပွားရေးနှင့် လူမှုရေးအပေါ် ကြီးမားသည့်အကျိုးသက်ရောက်မှုတစ်ခု အမှန်တကယ်ရှိလိမ့်မည်ဖြစ်ကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း ဒေသတစ်ခုချင်းစီတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအခြေအနေပေါ်မူတည်၍ တဖြည်းဖြည်း ပြန်လည်စတင် လုပ်ဆောင်သင့်ကြောင်း ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

စီးပွားရေးနှင့် လူမှုရေးအပေါ် အကျိုးသက်ရောက်မှုနည်းနိုင်သမျှနည်းစေရန် ပြည်သူများ၏ သဘောထားခံယူချက်များကို တိုးမြှင့်ထိန်းချုပ်ရေးလည်း သမ္မတရှီကျင့်ဖျင်က ညွှန်ကြားခဲ့သည်။

တရုတ်နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉(ကိုရိုနာဗိုင်းရပ်စ်) ကူးစက်ဖြစ်ပွားသူဦးရေသည် ဖေဖော်ဝါရီ ၂၃ ရက်အထိ ၇၇၀၀၀ ဦးနီးပါးရှိခဲ့ပြီး သေဆုံးသူစုစုပေါင်း ၂၄၄၂ ဦးရှိခဲ့ကြောင်းသိရသည်။ ထို့ကြောင့် တရုတ်သမ္မတ ရှီကျင့်ဖျင်က မတ် ၅ ရက်တွင် စတင်ကျင်းပရန် စီစဉ်ထားသည့် အမျိုးသားပြည်သူ့ကွန်ဂရက်ကိုလည်း ရွှေ့ဆိုင်းထားရေးနှင့် စပ်လျဉ်း၍ ဖေဖော်ဝါရီ ၂၄ ရက်တွင် တရားဝင်ဆုံးဖြတ်ချက်ချခဲ့သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

## အိန္ဒိယဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးရန် ဒေါ်နယ်ထရမ့် အိန္ဒိယသို့ ရောက်ရှိ

**နယူးဒေလီ ဖေဖော်ဝါရီ ၂၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီနှင့် တွေ့ဆုံရန် အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်သို့ နှစ်ရက်ကြာခရီးစဉ်အဖြစ် ယနေ့ နံနက်ပိုင်းတွင် ရောက်ရှိခဲ့သည်။

ဒေါ်နယ်ထရမ့်သည် ဇနီးသည်မယ်လနီယာထရမ့်နှင့်အတူ ဂူဂျာရတ်ပြည်နယ်၏ မြို့တော် အာမက်ဒါဘတ်မြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ယင်းမြို့ရှိ ဒေသခံပြည်သူများက ခမ်းနားစွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

ထရမ့်နှင့် ဇနီးသည်တို့ အာမက်ဒါဘတ်မြို့ရှိ ဆာဒါဗော်လက်ဘဇဟိုင်းပါတယ်လ် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်စဉ် အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီက သွားရောက်ကြိုဆိုခဲ့ကြောင်း သိရသည်။ ဂူဂျာရတ်ပြည်နယ်သည် အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီ၏ မွေးရပ်မြေဖြစ်သည်။

ထရမ့်နှင့် ဇနီးသည်တို့သည် ကမ္ဘာ့အမွေအနှစ် နေရာတစ်ခုဖြစ်သည့် တာ့ချ်မဟာ၏ ညနေဆည်းဆာ ရှုခင်းအလှကို ကြည့်ရှုလေ့လာရန် ဥတ္တာပရာဒေ့ရှ်ပြည်နယ် အက်ဂရာမြို့သို့ မထွက်ခွာမီ အာမက်ဒါဘတ်မြို့တွင် လေးနာရီနီးပါးကြာ နေထိုင်ခဲ့ကြောင်း သိရသည်။

ထရမ့်သည် အာမက်ဒါဘတ်မြို့ ဆင်ခြေဖုံးရပ်ကွက်ရှိ မဟတ္တမဂန္ဒီ၏ တရားကျင့်သည့်နေရာသို့ သွားရောက်လည်ပတ်ခဲ့ပြီးနောက် ဖျော်ဖြေပွဲတစ်ခုသို့ မိုဒီနှင့်အတူ တက်ရောက်ခဲ့ကြပြီး ခရစ်ကက်အားကစားရုံ၌ ပရိသတ် ၁၀၀၀၀၀ ကျော်တို့၏ ရှေ့မှောက်တွင် မိန့်ခွန်းပြောကြားခဲ့ကြကြောင်း သိရသည်။

"အမေရိကန်အနေနဲ့ အိန္ဒိယနိုင်ငံကိုချစ်တယ်၊အမေရိကန်က အိန္ဒိယကိုလေးစားတယ်၊ အမေရိကန်အနေနဲ့ အိန္ဒိယကို အမြဲတမ်းသစ္စာရှိ မိတ်ဆွေအဖြစ်ရပ်တည်သွားမယ်"ဟု ထရမ့်က အိန္ဒိယပြည်သူများအား ပြောကြားသည်။ မိုဒီကလည်း သမ္မတထရမ့်အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးတွင် စာမျက်နှာသစ်တစ်ရပ်ကို ဖွင့်လှစ်ခဲ့သည်ဟု ပြောကြားခဲ့သည်။ "ဒီစာမျက်နှာသစ်ဟာ အမေရိကန်၊ အိန္ဒိယ နှစ်နိုင်ငံပြည်သူတွေရဲ့အကြားမှာ စည်ပင်ဝပြောမှုနဲ့ ဆက်ဆံရေးတိုးတက်မှုတို့ကို ယူဆောင်လာမယ်"ဟု ပြောကြားသည်။

ယခု ထရမ့်နှင့် မိုဒီတို့၏ တွေ့ဆုံပွဲသည် လွန်ခဲ့သည့် ရှစ်လအတွင်း ပဉ္စမအကြိမ်မြောက်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဟာ့ရှ်ရှရင်ဂလာ၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ၊ အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျော်တီ**




## ဟမ်းဘတ်ဒေသဆိုင်ရာရွေးကောက်ပွဲတွင် အစိမ်းရောင်ပါတီအနိုင်ရ

**ဟမ်းဘတ် ဖေဖော်ဝါရီ ၂၄**

ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်၏ ကွန်ဆာဗေးတစ်ပါတီသည် ဟမ်းဘတ် ဒေသဆိုင်ရာရွေးကောက်ပွဲတွင် ပြိုင်ဘက် အစိမ်းရောင်ပါတီကို အရေးနိမ့်ခဲ့သည်။

"ယနေ့ဟာ မာကယ်ရဲ့ ခရစ်စတင်းကွန်ဆာဗေးတစ်ပါတီဝင်များအတွက် အမျက်ဒေါသထွက်စရာနေ့တစ်နေ့ဖြစ်ပါတယ်"ဟု ပါတီရဲ့ အတွင်းရေးမှူးချုပ် ပေါလ်ဇီမက်စ်က ပြောကြားသည်။ ပါတီတွင် မာကယ်က ခေါင်းဆောင်အဖြစ်ရွေးချယ်ရန်လျာထားသူမှာ အရှေ့ဖျားဒေသတွင် လက်ယာစွန်းရောက်များအား ပူးပေါင်းမှု အရှုပ်တော်ပုံဖြင့် ရာထူးမှ နုတ်ထွက်သွားခဲ့သည်။ တနင်္ဂနွေနေ့က ကျင်းပခဲ့သောရွေးကောက်ပွဲတွင် မဲအများစု ရရှိသည့်ပါတီမှာ အစိမ်းရောင်ပါတီဖြစ်သည်။

ဟမ်းဘတ်ဒေသဆိုင်ရာ ရွေးကောက်ပွဲ၏ ရလဒ်မှာ ကြီးကျယ်သောအောင်ပွဲတစ်ရပ်ဖြစ်ခဲ့သည်ဟု အစိမ်းရောင်ပါတီ၏ လက်ထောက်ခေါင်းဆောင် ရောဘတ်ဟေးဘတ်က အေအာဒီ အသံလွှင့်ဌာနသို့ ပြောကြားသည်။

"ဂျာမနီနိုင်ငံရဲ့ ဒီမိုကရေစီအနေအထားဟာ စိန်ခေါ်မှုတွေရှိနေပါတယ်၊ ခရစ်စတင်းကွန်ဆာဗေးတစ်ပါတီအနေနဲ့ ပြဿနာတွေရှိနေပါတယ်၊ ဒီ အချက်က ကျွန်တော်တို့ အတွက် လမ်းမှန်ကို သွားနိုင်ဖို့နဲ့ ယုံကြည်မှုရရှိဖို့ အထောက်အကူပြုပါတယ်" ဟု ၎င်းက ပြောကြားသည်။

ယခုကဲ့သို့ ကွန်ဆာဗေးတစ်ပါတီ အရေးနိမ့်ခြင်းသည် လက်ဝဲစွန်းရောက် ဆိုရှယ်ဒီမိုကရက်များအတွက် ခေါင်းဆောင်ပိုင်းနေရာကို ရရှိနိုင်မည့် သတင်းကောင်းတစ်ရပ်ဖြစ်ခဲ့သော်လည်း မဲအများစုကို အစိမ်းရောင်ပါတီကသာရရှိခဲ့သည်။

အရှေ့ဖျားဒေသတွင်လက်ယာစွန်းရောက်များအား ပူးပေါင်းမှုအရှုပ်တော်ပုံဖြင့် မာကယ်က ပါတီခေါင်းဆောင်ဆက်ခံရန် ရွေးချယ်ထားသော ခရန့်ကယ်ရင်ဘာ နုတ်ထွက်ခဲ့သည်။ **ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

## မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက် ရာထူးမှနုတ်ထွက်

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၄**

မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်သည် ယနေ့ မလေးရှားဘုရင်မင်းမြတ်ထံ နုတ်ထွက်စာတင်ခဲ့ရာ တိုင်းပြည်အား နိုင်ငံရေး အကျပ်အတည်းတစ်ရပ် ဖြစ်စေနိုင်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးက ကြေညာခဲ့သည်။

အသက် ၉၄ နှစ်အရွယ် မဟာသီယာက ၎င်း၏နေရာဆက်ခံသူ အန်ဝါအီဘရာဟင်ကို ချန်လှပ်ထားမည့် ညွန့်ပေါင်းအစိုးရတစ်ရပ် ဖွဲ့စည်းရန်ကြိုးပမ်းနေကြောင်း ထင်မြင်ယူဆချက်ထွက်ပေါ်နေစဉ် ယခုကဲ့သို့ ရုတ်တရက်ကြေညာချက် ထွက်လာခြင်းဖြစ်သည်။ ဝန်ကြီးချုပ်ကို ထောက်ခံသောအားဖြင့် အာဏာရညွန့်ပေါင်းအစိုးရမှ နုတ်ထွက်မည်ဟု မဟာသီယာ၏ပါတီ Malaysian United Indigenous (Bersatu) ပါတီက ယနေ့ ကြေညာခဲ့သည်။

"ပါတီရဲ့ အောက်လွှတ်တော်အဖွဲ့ဝင်အားလုံးလည်း ညွန့်ပေါင်းအစိုးရကနေ နုတ်ထွက်ပါပြီ။ မလေးရှားနိုင်ငံရဲ့ ဝန်ကြီးချုပ်အဖြစ် ဒေါက်တာမဟာသီယာမိုဟာမက်ကို ဆက်လက်ထောက်ခံဖို့နဲ့ ယုံကြည်ဖို့သူတို့အားလုံး ကျမ်းသစ္စာမှာ လက်မှတ်ရေးထိုးခဲ့ပါတယ်" ဟု Bersatu ပါတီဥက္ကဋ္ဌ မူယက်ဒင်မေ့ဒ်ယာဆင်း၏ ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။



၂၀၁၈ ခုနှစ် မေလအတွင်း ရွေးကောက်ပွဲ၌ အနိုင်ရရှိမှုနှင့်အတူ လေ့လာသူများကို အံ့အားသင့်စေခဲ့သည့် ကမ္ဘာ့အသက်အကြီးဆုံး ခေါင်းဆောင် မဟာသီယာက နာဂျစ်ရာဇတ် ဦးဆောင်သော အာဏာရ UMNO လွှမ်းမိုးထားသည့် Barisan Nasional ညွန့်ပေါင်းအစိုးရ၏ ဆယ်စုနှစ်ခြောက်ခုကြာ လွှမ်းမိုးမှုကို အဆုံးသတ်စေခဲ့သည်။ ၁၉၈၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့ပြီး ဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ် ပြန်လည်တာဝန်ယူခဲ့သည့်မဟာသီယာအား အရှေ့တောင်အာရှဒေသတွင် မလေးရှားနိုင်ငံကို အရေးပါသော ကုန်သွယ်ရေးနှင့် စီးပွားရေးအင်အားကြီး တိုင်းပြည်တစ်ခုအဖြစ် ပြောင်းလဲစေခဲ့သူအဖြစ် အသိအမှတ်ပြုခဲ့သည်။

နာဂျစ်ကို ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီးနောက် မဟာသီယာက သူကိုယ်တိုင်တစ်ချိန်က အကျဉ်းချခဲ့ဖူးသည့် ဒုတိယဝန်ကြီးချုပ်ဟောင်း အန်ဝါအီဘရာဟင်ထံ အာဏာလွှဲပြောင်းပေးရန် ကတိပြုခဲ့သည်။

**ကိုးကား-စီအင်န်အင်န်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုကို စိုးရိမ်သဖြင့် ပါကစ္စတန်က အီရန်နယ်စပ်တွင် လူ ၂၀၀ ကို သီးသန့်ခွဲခြားထားရှိ

**ကွတ်တာ ဖေဖော်ဝါရီ ၂၄**

အီရန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက်ကို ဖုံးကွယ်ထားသည်ဟု စွပ်စွဲချက်များရှိနေသည့်အပြင် ဒေသတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာသဖြင့် ပါကစ္စတန်နိုင်ငံသည် အီရန်နယ်စပ်အနီးတွင် အနည်းဆုံး လူ ၂၀၀ ခန့်ကို သီးသန့်ခွဲခြားထားရှိသည်ဟု တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံက အီရန်နိုင်ငံနှင့် ထိစပ်နေသည့် ကုန်းမြေနယ်စပ်ဒေသတွင် အဝင်အထွက် ပိတ်ပြီးနောက် ယင်းသို့ လူ ၂၀၀ ခန့်ကို သီးသန့်ခွဲခြားထားရှိသည့် ကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံကလည်း ၎င်းနိုင်ငံတွင် ပထမဆုံး ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကို တွေ့ရှိသည်ဟု ပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် ထိုလူအားလုံးကို ၁၅ ရက် စောင့်ကြည့်စစ်ဆေးရန် ဆုံးဖြတ်ခဲ့ကြောင်း၊ လူ ၂၅၀ ခန့်ကို သီးသန့်ခွဲခြားထားကြောင်း လက်ထောက်မင်းကြီး နာဂျီဘူလာ ကွမ်ဘရာနီက တာ့ဖ်တန်နယ်စပ်ဂိတ်တွင် အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ ဘလိုချီစတန်ပြည်နယ်ကျန်းမာရေးဝန်ကြီး မူဒက်စ်ဆာ မာလစ်ခ်က ယင်းကိစ္စကို အတည်ပြုသည်။ သီးသန့်ခွဲခြားထားရှိသည့် လူအရေအတွက်သည် ၂၀၀ မှ ၂၅၀ ကြားရှိမည်ဟု ၎င်းက ခန့်မှန်းသည်။ ယခုလ တစ်လတည်းတွင်ပင် အီရန်နိုင်ငံမှ ပါကစ္စတန်နိုင်ငံသို့ ဝတ်ပြုခရီးမှ ပြန်လာသူ ၇၀၀၀ ခန့်ရှိသည်ဟု ၎င်းက ဆက်ပြောသည်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့သည် အီရန်နိုင်ငံနှင့် ရှည်လျားပြီး လူအဝင်အထွက် ပြုလုပ်နိုင်သည့် နယ်စပ်ချင်း ထိစပ်နေသည်။ ယင်းနယ်စပ်ကို မှောင်ခိုကုန်ကူးသူများ၊ လူကုန်ကူးသူများက အသုံးပြုနေသည့်အပြင် လောလောဆယ်တွင် အီရန်နိုင်ငံ၌ နေထိုင်သည့် သန်းချီရှိသည့် အာဖဂန် ဒုက္ခသည်များကြောင့် ယင်းနယ်စပ်မှ ဗိုင်းရပ်စ်ပိုး အလွယ်တကူ ပျံ့နှံ့နိုင်သည်ဟု စိုးရိမ်မှုများ ပေါ်ပေါက်လျက်ရှိသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ



ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် နေအိမ်တိုက်ခန်းမီးလောင်သွားခဲ့သော ဝန်ထမ်းမိသားစုအား ဖေဖော်ဝါရီ ၂၁ ရက်က ဗောဓိဟိတကာရီသာသနာပြုအဖွဲ့မှ ငွေကျပ်သိန်း ၂၀ နှင့် လိုအပ်သော အဝတ်အထည်၊ လူသုံးကုန်များ လှူဒါန်းစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၅၃၅ စီး၊ သွင်းကုန် ၂၀၁၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၆ သန်း) စုစုပေါင်း တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂ ဒသမ ၆ သန်း) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်တစ်စီးပေါ်တွင် တရားမဝင်သယ်ဆောင်လာသော Ammonium Nitrate ဟုယူဆရသော Diamond တံဆိပ် 40 Kg စာတန်းပါ ငုံစာအိတ် ၄၈ အိတ်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ် (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂ သန်း)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုံရွာမြို့၌ အုပ်စုဖွဲ့လုယက်သူများကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းမိ



**မုံရွာ ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲပိုင်းက အုပ်စုဖွဲ့လုယက်သူများကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သောင်းညွန့်ဦးစီး၍ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့မရဲစခန်းမှူး ပါဝင်သောနယ်ထိန်း ရဲတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးဆောင်ရွက်နေစဉ် မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက် ကမ်းနားလမ်း၌ ကန်သာယာရပ်ကွက် ချောင်းဦးမြို့နေ ကျော်မျိုးနိုင်(ခ) ဖိုးလပြည့်နှင့် နေရပ်တူ ဖြိုးဝင်း၊ ဇော်မင်းဦးနှင့် ကျော်မင်းလှိုင်တို့ လေးဦးအား ဖုန်းတစ်လုံး၊ ဆိုင်ကယ် နှစ်စီးတို့နှင့်အတူတွေ့ရှိ၍ စစ်ဆေးရာ လုယက်မှုကျူးလွန်စဉ်က ရရှိသော သက်သေခံပစ္စည်းများ ဖြစ်သည့် ပိုက်ဆံအိတ်တစ်လုံးနှင့် ဖုန်းခုနစ်လုံးကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်မျိုးနိုင်(ခ) ဖိုးလပြည့်ပါ လေးဦးကို မုံရွာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# ဘုရားဖူးယာဉ်တစ်စီးတိမ်းမှောက် သံဃာတော်များနှင့် ခရီးသည်များ ဒဏ်ရာရ

**မြို့သစ် ဖေဖော်ဝါရီ ၂၄**

မကွေးခရိုင် မြို့သစ်မြို့နယ် ယင်းချောင်းတံတားအနီး ယနေ့နံနက် ၁၁ နာရီခန့်က နေပြည်တော်-မြို့သစ်-ကံပြား သွားကားလမ်း မိုင်တိုင် (၅၁/၃) နှင့်(၅၁/၄)အကြားတွင် ဘုရားဖူးယာဉ်တစ်စီး တိမ်းမှောက်ကာ ရဟန်းသံဃာတော်များနှင့် ဘုရားဖူးခရီးသည်များ ပြင်းထန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်-မြို့သစ်-ကံပြားလမ်းအတိုင်း ဇော်မင်းထက်ဘူတာတောင်(၁၉) လမ်း ဖြူးမြို့နေ ထိုင်သူမောင်းနှင်လာသည့် ခရီးသည်ယာဉ်သည် အခင်းဖြစ်နေရာအရောက် တိမ်းမှောက်ရာ ဇေယျာဝတီမြို့ နေသူများဖြစ်ကြသည့် ဆရာတော်ခြောက်ပါးအနက် ဦးသုမင်္ဂလ၊ ဦးဥတ္တမ၊ ဦးမေဓိရ၊ ဦးကုသလတို့နှင့် ဦးညီညီလွင်ပါ ခရီးသည် ၁၀ ဦးအနက် ကိုးဦးမှာ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဇော်မင်းထက်အား မြို့သစ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# ကောလင်းမြို့နယ်မှ လုပ်သေနတ်နှစ်လက်နှင့် ဘိန်းမည်း ဂရမ် ၁၀၂၀ သိမ်းဆည်းရမိ



**ကောလင်း ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကျွန်းတောကျေးရွာမှ မူးယစ်ဆေးဝါးနှင့် တရားမဝင်လုပ်သေနတ်နှစ်လက်ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်သောင်း အနီးကပ်ကြီးကြပ်၍ ကောလင်းမြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးသူ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ကောလင်းမြို့နယ် ကျွန်းတောကျေးရွာနေ ညွန့်အောင်၏နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ဘိန်းမည်း ဂရမ် ၁၀၂၀၊ ဘိန်းမည်းဖြင့်ပြုလုပ်ထားသော ခတ်ပုံ ခုနစ်ဂရမ်၊ စိတ်ကြွဆေးပြား ၅၇ ပြားနှင့် တရားမဝင်လက်လုပ်သေနတ်နှစ်လက်တို့အား ရှာဖွေဖမ်းဆီးရမိသဖြင့် ကောလင်းမြို့နယ် ကျွန်းတောကျေးရွာနေ ညွန့်အောင်အား ကောလင်းမြို့မရဲစခန်းက ဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

## ပင်လည်ဘူး၌ သစ်ပင်ပိ၍ တစ်ဦးသေ

**ပင်လည်ဘူး ဖေဖော်ဝါရီ ၂၄**

ပင်လည်ဘူးမြို့နယ် မူလဲကျေးရွာတွင် ဖေဖော်ဝါရီ ၂၃ ရက်က လူတစ်ဦး ထင်းခုတ်ရာမှ သစ်ပင်ပိ၍ သေဆုံးကြောင်း သတင်းအရ ဒုရဲမှူး ဉာဏ်ဝင်းအဖွဲ့က သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဝင်းနိုင်ဦး မူလဲကျေးရွာ ပင်လည်ဘူးမြို့နယ်နေသူဖြစ်ကြောင်း သိရသည်။

**အေးမြသက်ထား**

# ကားဘရိတ်ပေါက်ကာ လူတစ်ဦးအား ဝင်တိုက်

**မိုင်းဆတ် ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်အတွင်းရှိ မိုင်းတုံ-တာဆန်းသွားကားလမ်းတွင် ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းတုံမှတောင်ကြီးသို့ မောင်ခိုင် မောင်းနှင်လာသော ယာဉ်သည် မိုင်းတုံ-တာဆန်းကားလမ်း မိုင်တိုင်(၁၉၅/၁၉၆)ကြား လမ်းကွေ့အရောက်တွင် ကားဘရိတ်ပေါက်၍ လမ်း၏ဘယ်ဘက်တွင်ရပ်နေသော ဦးကျော်ဇေယျ လမ်းလုပ်သားအား ဝင်တိုက်မိပြီး ဦးကျော်ဇေယျမှာ နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မောင်ခိုင်အား မိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်မောင်(ပြန်/ဆက်)**

# ပေါင်းတည်မြို့ တမံမြောင်းဖျား၌ အမျိုးသားတစ်ဦး ရေနစ်သေ

**ပေါင်းတည် ဖေဖော်ဝါရီ ၂၄**

ပေါင်းတည်မြို့ ကွေ့မကျေးရွာအနီး ခေမံတမံမြောင်းဖျား၌ ယနေ့ နံနက် ၉ နာရီခွဲခန့်က လူတစ်ဦး ရေနစ်သေဆုံးကြောင်း သိရသည်။

သတင်းအရ မှတ်တိုင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဦးသန်းအောင် မြောက်ကုန်းကြီးကျေးရွာ ပေါင်းတည်မြို့နယ်နေထိုင်သူဖြစ်ပြီး ရေဆင်းခပ်ရာမှ ရေနစ်သေဆုံးကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မှတ်တိုင်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**



တပ်ကုန်းမြို့နယ် ကင်းသာပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဖေဖော်ဝါရီ ၂၃ ရက် ညက တပ်ကုန်းမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ကျော်ထွေး ဦးစီးအဖွဲ့သည် ပင်လောင်းမှ နေပြည်တော်သို့ မောင်းနှင်လာသည့် ယာဉ်များ၊ ဆိုင်ကယ်များကို ပိတ်ဆို့ရှာဖွေစစ်ဆေးဆောင်ရွက်စဉ်။ တင်ထွန်းတာ(တပ်ကုန်း)

# မြို့နယ်အချို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့နယ် မြို့သစ်မြို့၏အရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာမှ တရားမဝင်ကျွန်းသစ် ၉ ဒသမ ၅၉၇၀ တန်၊ ကသာမြို့နယ် ဆင်စင်းရွာ၏ အောက်ဘက် ရွှေလီမြစ်အတွင်းမှ တရားမဝင်ကျွန်းသစ်/ကျွန်းခွဲသား(သုံးပေတို)၊ လုံးပတ် သုံးပေအောက် ကျွန်းသစ် ၂၆ ဒသမ ၄၁၀၄ တန်၊ ကနီမြို့နယ် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်းမှ တရားမဝင် ပိတောက်ခွဲသား ၅ ဒသမ ၉၈၈၂ တန်၊ ကလေးဝမြို့နယ် ဆင်ခေါင်းရွာတောင်ဘက် ချင်းတွင်းမြစ်ကမ်းဘေးမှ တရားမဝင်အင်ခွဲသား ၁၂ ဒသမ ၆၉၇၆ တန်၊ ပဲခူးမြို့နယ် ရန်ကုန်-မော်လမြိုင် ကားလမ်း ယာဉ်နှစ်စီးပေါ်မှ တရားမဝင် တောင်သရက်ခွဲသား ၁၄ ဒသမ ၃၇၃၂ တန်၊ ကြို့ပင်ကောက်မြို့နယ် ဘော်ဘင်ကြိုးဝိုင်းအကွက် အမှတ်(၂၂၊၂၃)နေရာများမှ တရားမဝင် ပျဉ်းကတိုး/ ဇင်ပြွန်း/ မျောက်ငို/ လယ်ဇ/ နဘဲ/ ဘင်္ဂသစ်/ ခြမ်း ၁၃ ဒသမ ၁၆၄၀ တန်၊ အုတ်တွင်းမြို့နယ် ဖြူးကွန်းကြိုးဝိုင်းနှင့် ခပေါင်းကြိုးဝိုင်းနေရာများတွင် ယာဉ်ပေါ်မှ တရားမဝင် ပျဉ်းကတိုး/ကျွန်းသစ်/ခွဲသား ၁၂ ဒသမ ၁၉၅၂ တန်၊ ကျွန်းပါကေး ၃၈၈ ချပ် (သုည ဒသမ ၄၄၇၈ တန်)၊ ရေတာရှည်မြို့နယ် အနောက်ဆွာကြိုးဝိုင်း အကွက်အမှတ်(၈၈၊ ၉၄) အတွင်းမှ တရားမဝင်ကျွန်း/ပျဉ်းကတိုးသစ်/ခွဲသား ၂၀ ဒသမ ၃၄၃၆ တန်၊ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်(၃၆၁/၂)နေရာတွင် ယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၁ ဒသမ ၄၅၂၀ တန်တို့အား သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

**ထီးချိုင့်**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ဟသ်ာကြိုးဝိုင်းအတွင်းမှ တရားမဝင်သစ်လုံးများနှင့် သစ်ခွဲသားများသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ကသာခရိုင်သစ်တောဦးစီးဌာနမှ လ/ထညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦး ဦးစီးသောအဖွဲ့နှင့် ထီးချိုင့်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးစိုးမင်းအောင် ဦးစီးသောအဖွဲ့တို့သည် ထီးချိုင့်မြို့နယ် မြတောင်ဘိနယ် ဟသ်ာကြိုးဝိုင်းအတွင်း ကွင်းဆင်းစစ်ဆေးရာ တရားမဝင်သစ်လုံးနှင့် ခွဲသား ၁၁၈ လုံး/ချောင်း(၉ ဒသမ ၆၀၇၄ တန်)နှင့် သစ်ခွဲစက်တစ်လုံး စစ်ဆေးတွေ့ရှိသဖြင့် **(အပေါ်ဝဲပုံ)** ပိုင်ရှင်အား စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှအောင်(ကသာ)**

## ကျိုတိုမှပေးစာများ – ၁၇

# မြန်မာတန်း (သို့မဟုတ်) တာကာဒါနိုဘာဘာသို့ အလည်တစ်ခေါက်

■ **အောင်အောင် IR**

ဂျပန်နိုင်ငံသွားမည်ဆိုတော့ မြန်မာနိုင်ငံတွင် ရှိနေစဉ် ဂျပန်တွင် အနေကြာသူများကို မေးမြန်းစုံစမ်းခဲ့ရာ တာကာဒါနိုဘာဘာ ဆိုသော စကားလုံးနှင့် ရင်းနှီးခဲ့သည်။ အမှန်တော့ လွန်ခဲ့သော ၁၅ နှစ် နာဂိုယာမြို့တွင် ကျောင်းတက်စဉ် တိုကျိုမြို့သို့ တစ်ပတ်ကြာ သွားရောက်လည်ပတ်ခဲ့ရာ တာကာဒါနိုဘာဘာဆိုသည့်နေရာဆီ ရောက်ခဲ့ဖူးသည်။ ဒိုင်ယာရီ ပြန်ဖတ်မှ သတိရသည်။ ဒိုင်ယာရီတွင် "၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့က တာကာဒါနိုဘာဘာမှာရှိတဲ့ မြန်မာဆိုင်မှာ ဘူဖေးဝင်စားတယ်၊ ယန်း ၉၀၀ ပေးရတယ်၊ မီးဖိုချောင်က အမျိုးသမီးက လစ္စလမ်းကလို့ ဆိုတယ်၊ ဆိုင်မှာ အလုပ်သမား ဂျပန်တစ်ယောက်ရှိတယ်"ဟု ရေးမှတ်ထားခဲ့သည်။ သို့သော် လွန်ခဲ့သော ၁၅ နှစ်ကဆိုတော့ ကြာခဲ့ပြီ။ သည်နောက်ပိုင်း ဂျပန်တစ်ခေါက်မှ ပြန်မရောက်တော့ပေ။ ဒိုင်ယာရီ ဖတ်မှသာ အကြောင်းအရာအချို့ ရေးရေးပြန်ပေါ်လာသည်။ အင်တာနက်တွင် လေ့လာကြည့်ရာ မြန်မာအချို့က တာကာဒါနိုဘာဘာကို မြန်မာမြို့ဟု ဖော်ပြကြသည်။ အချို့က မြန်မာရွာဟု သုံးနှုန်းသည်။ ဂျပန်မီဒီယာများတွင် တာကာဒါနိုဘာဘာကို မြန်မာအသေးစားလေး (Little Myanmar)၊ ရန်ကုန်အသေးစားလေး (Little Yangon) ဟု ဖော်ပြကြသည်။ စာရေးသူကတော့ ရန်ကုန်မြို့ တရုတ်တန်းကို မကြာခဏ ရောက်သူဖြစ်သဖြင့် တာကာဒါနိုဘာဘာကို တိုကျိုမြို့မှ မြန်မာတန်းဟုသာ ယခုဆောင်းပါးတွင် ရေးသားဖော်ပြလိုက်ပါသည်။

**တာကာဒါနိုဘာဘာ (Takadanobaba)**

စာရေးသူအတွေ့အကြုံအရ မြန်မာအချင်းချင်း တိုကျိုတွင် ဘယ်မှာတည်းတာလဲ၊ ဘယ်မှာနေတာလဲဟု နေရာတစ်နေရာကို ညွှန်းဆိုရာတွင် မြို့ဟု သုံးနှုန်းတတ်ကြသည်။ စာရေးသူတို့ ရန်ကုန်မှာတော့ ဘယ်မြို့နယ်မှာ နေတာလဲဟု မေးတတ်ကြပါသည်။ တာကာဒါနိုဘာဘာသည် တိုကျိုမြို့တော်၏ အထူးရပ်ကွက်ကြီး ၂၃ ခုတွင် အပါအဝင်ဖြစ်သော ရှင်ဂျူကုရပ်ကွက် (Shinjuku) တွင် ပါဝင်ပါသည်။ ဂျပန်ဝက်ဘ်ဆိုက်များတွင် တာကာဒါနိုဘာဘာသည် ဝါဆဲဒတက္ကသိုလ်(Waseda University) နှင့် ဂေါ် (ခု) ရှူးတက္ကသိုလ် (Gakushuin University) တို့အနီးတွင် တည်ရှိသဖြင့် တက္ကသိုလ်နယ်မြေ၊ တက္ကသိုလ်ကျောင်းသားများ အသွားအလာများသည့် နယ်မြေအဖြစ် ညွှန်းဆိုသည်။ တာကာဒါနိုဘာဘာကို အတိုကောက် 'ဘာဘာ' (Baba) ဟုလည်း လူသိများသည်။ ဘာဘာတွင် ကျောင်းသားများ ဘတ်ဂျက်နှင့် သွားလာအသုံးပြုနိုင်သော ဂျပန်ရိုးရာ အီဇာခါယာဘားဆိုင်များ (Izakaya)နှင့် ဈေးသက်သာသော ကော်ဖီဆိုင်များ၊ စားသောက်ဆိုင်များ၊ ကာရာအိုကေခန်းများ၊ အဝတ်အထည်ဆိုင်များ၊ ဖိနပ်ဆိုင်များ အများအပြားတည်ရှိသည်။ တာကာဒါနိုဘာဘာ ဘူတာရုံသည်လည်း တိုကျို၏ လူအစည်ကားဆုံး ဘူတာရုံများထဲတွင် ပါဝင်ပြီး တာကာဒါနိုဘာဘာ လမ်းညွှန်ဝက်ဘ်ဆိုက်များတွင် ဘူတာရုံအနီးမှ Big Box အမည်ရှိ ဈေးဝယ်စင်တာကြီးအား တာကာဒါနိုဘာဘာ၏ အထင်ကရ ဈေးဝယ်စင်တာအဖြစ် ထည့်သွင်းဖော်ပြကြသည်။ အဆိုပါ ဈေးဝယ်စင်တာတွင် ကျောင်းသားအသုံးအဆောင်ပစ္စည်းများ၊ အားကစားပစ္စည်းများ၊ ကိုယ်ကာယလေ့ကျင့်ခန်းများ၊ ကာရာအိုကေခန်းများ၊ စားသောက်ဆိုင်များ၊ ဈေးရုံဆိုင်တန်းများ၊ နာမည်ကြီး ကုန်ပစ္စည်းအရောင်းဆိုင်များ တည်ရှိသည်။ ဂျပန်လမ်းညွှန် ဝက်ဘ်ဆိုက်တစ်ခုတွင် တာကာဒါနိုဘာဘာဧရိယာတွင် စားသုံးမှုများသော အစားအစာအဖြစ် ဂျပန်ရိုးရာ ခေါက်ဆွဲတစ်မျိုးဖြစ်သော အဘူယဆိုးဘ (Abura Soba) ကို ညွှန်းဆိုထားပြီး တက္ကသိုလ်ကျောင်းသားများ နေ့လယ်စာအဖြစ် စားသုံးလေ့ရှိသည်ဟု ဆိုပါသည်။


တိုကျိုမြို့ရှိ မြန်မာတန်း (သို့မဟုတ်) တာကာဒါနိုဘာဘာမှ Tak 11 building အား မြင်တွေ့ရစဉ်။

တာကာဒါနိုဘာဘာ တည်ရှိရာနေရာသည် အဲဒိုခေတ်ကာလ (၁၆၀၃– ၁၈၆၈) က မြင်းပြိုင်ကွင်းများ၊ မြင်းလေ့ကျင့်ရေးကွင်းများ တည်ရှိရာနေရာဖြစ်ခဲ့ပြီး ယနေ့တိုင် ထိုအစဉ်အလာများကို ထိန်းသိမ်းသည့်အနေဖြင့် တာကာဒါနိုဘာဘာ၌ နှစ်စဉ် အောက်တိုဘာလများတွင် ဂျပန်ရိုးရာ ကိုယ်ခံပညာတစ်ရပ်ဖြစ်သော မြင်းစီးရင်း မြင်းပေါ်မှနောက်ပြန်လှည့် လေးပစ်သည့် သရုပ်ပြသပွဲ (yabusame–horseback archery) ကို ပြုလုပ်သည်ဟု သိရသည်။

**မြန်မာတန်း**

တာကာဒါနိုဘာဘာသည် ကျောင်းသားများ နယ်မြေ၊ ဈေးသက်သာသည့် နေရာစသဖြင့် လူသိများသည်သာမက မြန်မာ၊ ဗီယက်နမ် စသည့်အရှေ့တောင်အာရှဒေသသားများနေထိုင်ရာ၊ အရှေ့တောင်အာရှ စားသောက်ဆိုင်များ အများအပြား စုဝေးတည်ရှိရာအဖြစ်လည်း လူသိများပါသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ ရက်စွဲပါ The Japan Times သတင်းစာပါ ဆောင်းပါးတွင် တာကာဒါနိုဘာဘာတည်ရှိသည့် ရှင်ဂျူကုရပ်ကွက် အုပ်ချုပ်ရေးရုံး အချက်အလက်များအရ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့ စာရင်းအရ တာကာဒါနိုဘာဘာတွင် မြန်မာလူမျိုး ၁၆၆၃ ဦး နေထိုင်သည်ဟု ဖော်ပြထားသည်။ လွန်ခဲ့သော သုံးနှစ်က တာကာဒါနိုဘာဘာတွင် မြန်မာလူဦးရေ ၁၀၄၂ ဦး ရှိခဲ့သည်ဖြစ်ရာ မြန်မာလူဦးရေ လျင်မြန်စွာ တိုးတက်လာသည်ဟု ဖော်ပြထားသည်။ ယခု ၂၀၂၀ ပြည့်နှစ်အထိ မြန်မာမည်မျှရှိသလဲ မသိရသော်လည်း မြန်မာအချို့ကမူ တာကာဒါနိုဘာဘာဧရိယာတွင် နေထိုင်သူ မြန်မာဦးရေ သောင်းဂဏန်းရှိသည်ဟု ခန့်မှန်းကြသည်။ သို့သော် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ၂၀၁၉ ခုနှစ် မတ်လအထိ မြန်မာနိုင်ငံတွင် နေထိုင်သော ဂျပန်နိုင်ငံသားဦးရေကို ၂၈၂၁ ဦးဟု ဖော်ပြထားပြီး ၂၀၁၈ ခုနှစ် ဇွန်လအထိ ဂျပန်နိုင်ငံတွင်နေထိုင်သော မြန်မာနိုင်ငံသား ဦးရေကို ၂၄၄၇၁ ဦးဟု ဖော်ပြထားသည်။ စိတ်ဝင်စားသဖြင့် အခြားမြန်မာ့အိမ်နီးချင်း နေထိုင်သူဦးရေကို လေ့လာရာ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေထိုင်သော ဂျပန်နိုင်ငံသားဦးရေ ၉၈၅ ဦး၊ ၂၀၁၆ ခုနှစ် ဇွန်လအထိ ဂျပန်နိုင်ငံတွင် နေထိုင်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဦးရေ ၁၁၄၇၀၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလအထိ ထိုင်းနိုင်ငံတွင်နေထိုင်သော ဂျပန်နိုင်ငံသားဦးရေ ၇၂၇၅၄ ဦး၊ ၂၀၁၈ ခုနှစ် ဇွန်လအထိ ဂျပန်နိုင်ငံတွင်နေထိုင်သော ထိုင်းနိုင်ငံသားဦးရေကို ၅၁၀၀၃ ဦးဟု ဖော်ပြထားသည်။

ဂျပန်သတင်းစာကြီး တစ်စောင်ဖြစ်သော မာအိနိချီရှင်းဘွန်း၏ ၂၀၁၉ ခုနှစ် ဩဂုတ်လ သတင်းဆောင်းပါးတစ်ပုဒ်တွင် ဂျပန်နိုင်ငံရှိ မြန်မာဦးရေသည် ၁၉၉၀ ပြည့်နှစ်များတွင် အလျင်အမြန် ကြီးထွားလာခဲ့သည်၊ ၂၀၁၈ အကုန်အထိ ဂျပန်နိုင်ငံတွင်နေထိုင်သော မြန်မာနိုင်ငံသားဦးရေ ၂၆၄၅၆ ဦး ရှိသည်၊ ၎င်းတို့အထဲမှ ၄၀ ရာခိုင်နှုန်းနီးပါးမှာ တိုကျိုမြို့တွင်နေထိုင်ကြပြီး တာကာဒါနိုဘာဘာ တည်ရှိသည့် ရှင်ဂျူကုရပ်ကွက်တွင် မြန်မာ ၂၀၃၃ ဦး နေထိုင်သည်။ အဆိုပါ ဦးရေသည်


မြန်မာတန်း (သို့မဟုတ်) တာကာဒါနိုဘာဘာရှိ ဆွေမြန်မာစားသောက်ဆိုင်အား တွေ့ရစဉ်။

တိုကျိုတွင်နေထိုင်သော မြန်မာဦးရေ၏ ၂၁ ရာခိုင်နှုန်းဖြစ်သည်ဟု ဖော်ပြထားသည်။ ထိုဆောင်းပါးတွင်ပင် တာကာဒါနိုဘာဘာရှိ ဂျပန်–မြန်မာ ယဉ်ကျေးမှုစင်တာအကြောင်း ဖော်ပြရာတွင် အဆိုပါစင်တာကို ၂၀၀၂ ခုနှစ်တွင် တည်ထောင်သည်၊ ဂျပန်ရောက်မြန်မာများအတွက် ဂျပန်ဘာသာစကားသင်ပေးသည်၊ တစ်ပတ်လျှင် လူ ၄၀ ခန့် တက်ရောက်သည်၊ မြန်မာကို စိတ်ဝင်စားသော ဂျပန်များအတွက်လည်း အတန်းများဖွင့်လှစ်သည်၊ လက်ရှိ ဂျပန်လူမျိုး ၂၀ ခန့် မြန်မာစာနှင့် ယဉ်ကျေးမှုသင်ကြားနေသည်၊ ဂျပန်ရောက် မြန်မာမိသားစုများ၏ ကလေးငယ်များအတွက်လည်း မြန်မာဘာသာစကားများ ပို့ချပေးသည် စသဖြင့် ရေးသားထားသည်။ သတင်းစာတွင် တာကာဒါနိုဘာဘာတွင် မြန်မာတို့၏ အဓိကစုရပ်၊ စုဝေးရာနေရာမှာ တာကာဒါနိုဘာဘာဘူတာအနီးရှိ Tak 11 Building ဟု ခေါ်သော အဆောက်အဦဖြစ်သည်။ ထိုအဆောက်အဦတွင်မြန်မာဆိုင်များ၊ မြန်မာသင်းဖွဲ့ လုပ်ဆောင်မှုများ အများဆုံးတည်ရှိသည်ဟု ဖော်ပြထားသည်။

**ကိုယ်တွေ့ မြန်မာတန်း**

တိုကျိုရောက်ပြီး နောက်တစ်နေ့တွင် တာကာဒါနိုဘာဘာသို့ သွားရောက်လည်ပတ်ဖြစ်သည်။ စာရေးသူစီးသည့် ရထား တာကာဒါနိုဘာဘာဘူတာရုံသို့ အဝင်တွင် အမည်းရောင် အဆောက်အဦတစ်လုံးကို မီးရထားပေါ်မှ လှမ်းမြင်ရသည်။ အတူပါလာသော မြန်မာမိတ်ဆွေက ထိုအဆောက်အဦတွင် မြန်မာဆိုင်အများအပြားရှိသည်ဟု ဆိုသည်။ ဘူတာရုံရောက်တော့ အပြင်ထွက် တစ်ဖက်လမ်းကူးလိုက်သည်နှင့် အဆိုပါ အမည်းရောင် ၁၁ ထပ် အဆောက်အဦကို တွေ့ရသည်။ ထိုအဆောက်အဦသည် တာကာဒါနိုဘာဘာ မြန်မာတန်း၏ အဓိကနေရာ၊ မြန်မာဆိုင်အများစုတည်ရှိရာဟု ဆိုကြသော Tak 11 အဆောက်အဦ ဖြစ်ပါသည်။

Tak 11 အဆောက်အဦ၏ ဘေးလမ်းကြားလေးမှ အဆောက်အဦအပေါ်သို့ ဓာတ်လှေကားဖြင့် တက်ရသည်။ လမ်းကြားလေးမှာ ကျဉ်းမြောင်းပြီး လမ်းအတွင်း၌ ဆာကူရာ မြန်မာစားသောက်ဆိုင်၊ ရန်ကုန်စားသောက်ဆိုင် စသဖြင့်မြန်မာဆိုင်အချို့ကို တွေ့ရသည်။ Tak 11 အဆောက်အဦ ဓာတ်လှေကားခွင်အတွင်း ငါးထပ်မှ ၁၁ ထပ်အထိ ဆိုင်ခန်းတည်နေရာများ ရေးသားထားရာ ခြောက်ထပ်မှ ၁၁ ထပ်အထိ မြန်မာဆိုင်တစ်ဆိုင်စီရှိပြီး ရှစ်ထပ်တွင်မူ မြန်မာဆိုင် လေးဆိုင်အထိ ရှိသည်ကို တွေ့ရသည်။ ခြောက်ထပ်တွင် 'ခါးနာ၊ ဒူးနာ၊ အကြောလွဲ၊ အကြောတက်ခြင်းများကို ကုသပေးပါသည်'ဆိုသော ကြော်ငြာတစ်ခုကို တွေ့ရပြီး ၁၀ ထပ်တွင် '၁၀ထပ်တွင် အာလူးရှိသည်'ဟု ဂျပန်မျက်စိလည်အောင် လက်ရေးဖြင့် ရေးထားသောကြော်ငြာတစ်ခုကို တွေ့ရသည်။ Tak 11 အဆောက်အဦ မြေညီထပ်တွင် 'နောင်အင်းလေး' ရှမ်းစားသောက်ဆိုင်ရှိပြီး ဒုတိယထပ်တွင် ကာရာအိုကေ ပူးတွဲထားသော 'မြမြင့်မိုရ်' မြန်မာစားသောက်ဆိုင် တစ်ဆိုင် ရှိပါသည်။ အဆိုပါ ဓာတ်လှေကားခွင်အတွင်းမှာပင် အဆောက်အဦ၏ တာဝန်ခံဆိုသော Nihhon Housing Co., Ltd မှ မြန်မာဘာသာဖြင့် 'အိမ်ရှင်နှင့် အိမ်ငှားများသို့ အခန်းငှားခြင်းနှင့် ပတ်သက်သောကိစ္စ'ခေါင်းစဉ်ဖြင့် စာတစ်စောင်ကပ်ထားရာ 'ယခုတစ်လော ငါးထပ်နှင့် အထက်အခန်းများတွင် အဆောက်အဦ တာဝန်ခံ အဖွဲ့အစည်းမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များကို မလိုက်နာမှုများ တွေ့ရှိရကြောင်း၊ စည်းကမ်းအရ အထပ် ငါးထပ်မှ ၁၁ ထပ်အထိကို လူနေထိုင်ရန်နှင့် ရုံးခန်းကိစ္စမှ လွဲ၍ ဆိုင်ခန်းများ ဖွင့်လှစ်ခြင်းကို ခွင့်မပြုကြောင်း၊ အဆောက်အဦတွင် လူမျိုးပေါင်းစုံနေထိုင်သောကြောင့် စည်းကမ်းချက်ကို လိုက်နာပေးပါရန် တောင်းဆိုကြောင်း' စသဖြင့် ဖော်ပြထားသည်။

စာရေးသူ အထပ်အများစုသို့ သွားရောက်လေ့လာရာ မြန်မာဆိုင်အများစုမှာ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ ရောင်းချသည့် ဆိုင်များဖြစ်ပြီး လက်ဖက်၊ မုန့်ဟင်းခါးခြောက်၊ ငါးပိထောင်း၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးရံ့ခြောက်၊ ဆတ်သားခြောက်၊ ပဲလှော်မှုန့်၊ ဆန်၊ ဆီ၊ ဆား၊ အချိုမှုန့်၊ ငံပြာရည်၊ ငရုတ်သီးမှုန့်၊ မျှစ်ချဉ်၊ ဆီတို့ဟူး၊ မြန်မာဆေး၊ မြန်မာအဝတ်အထည်စသဖြင့် တွေ့ရသည်။ Tak 11တွင် မြန်မာစတိုးဆိုင်များအပြင် မြန်မာများဖွင့်လှစ်ထားသော အိမ်ငှားဝန်ဆောင်မှု၊ မိုဘိုင်းဖုန်းပြုပြင်မှု၊ ဆံသဆိုင် တစ်ဆိုင်လည်းရှိသည်ဟု ကြားသိခဲ့ရသည်။

အဆောက်အဦအတွင်းပိုင်းကို လေ့လာပြီးနောက် မြေညီထပ်ရှိ နောင်အင်းလေး စားသောက်ဆိုင်တွင် ညစာဝင်ရောက်စားသုံးရာ ဆိုင်တွင် ဝက်သားဆီပြန်၊ ဝက်ပေါင်ခြောက်ကြော်၊ ဝက်သားတုတ်ထိုး၊ ဝက်အရိုးနုကြံမဆိုင်၊ ဝက်အူစုံသုပ်၊ ဝက်သားချဉ်၊ ဝက်သားမျှစ်ချဉ်၊ ဝက်ခေါက်ကြော်၊ အမဲသားဆီပြန်၊ အမဲချဉ်၊ အမဲအူပြုတ်၊ ဆိတ်သားဆီပြန်၊ ဆိတ်ပဲဟင်း၊ ကြက်သားချဉ်စော်ကားသီး၊ ကြက်ဆီဖူး၊ ပုစွန်ဆီပြန်ဟင်း၊ ငါးခူဟင်း၊ ငါးဖယ်ဟင်း၊ ပိုးဆာပိုးကြော်၊ ဖားပေါင်အစပ်ကြော်၊ ပုရစ်ကြော်၊ ဝါးပိုးကြော်၊ ပုစဉ်းကြော် စသဖြင့် စုံလင်စွာမှာယူရရှိနိုင်သည်ကို တွေ့ရသည်။ ထို့အပြင် လက်ဖက်သုပ်၊ အီကြာကွေး၊ ကောက်ညှင်းပေါင်း၊ ဖာလူဒါ၊ ဒံပေါက်၊ ရှမ်းခေါက်ဆွဲ၊ တို့ဟူးကြော်၊ အဖျော်ယမကာများလည်း မှာယူစားသုံးနိုင်သည်။ စာရေးသူ ထမင်းနှင့် ဝက်သားမျှစ်ချဉ်မှာယူရာ အရည်သောက်၊ ဗာလချောင်ကြော် အရံဟင်း အဖြစ်ပါရှိပြီး စုစုပေါင်း ယန်း ၁၂၀၀ ကျသင့်ပါသည်။ စားသောက်ဆိုင်တွင် လူများပြည့်နေပြီး စာရေးသူ ဝင်ရောက်စားသုံးသောအခန်းတွင် ဂျပန်လူမျိုး ငါးဦးခန့်လည်း ဝင်ရောက်စားသုံးနေသည်ကို သတိပြုမိသည်။

Tak 11 အဆောက်အဦနှင့် ၎င်းအဆောက်အဦတည်ရှိရာ လမ်းကြားကို မြန်မာတန်း၏ ဗဟိုချက်ဟုဆိုပါလျှင် အနီးဝန်းကျင် လမ်းများတွင် မြန်မာဆိုင်များ ရှိ၊ မရှိ သွားရောက်လေ့လာဖြစ်သည်။ အနီးဝန်းကျင် လမ်းတစ်လမ်းတွင် 'မင်္ဂလာပါ' အမည်ဖြင့် မြန်မာစားသောက်ဆိုင်အားတွေ့ရပြီး နောက်တစ်လမ်းတွင်လည်း 'ဆွေမြန်မာစားသောက်ဆိုင်' ဆိုသည်ကို တွေ့ရသည်။ Tak 11 အဆောက်အဦအနီး မီးရထားခုံးတံတားအကျော်တွင် ကျောင်းသားများ အသွားအလာများသော တာကာဒါနိုဘာဘာ၏ Sakae Dohri လမ်းတည်ရှိပြီး အဆိုပါလမ်းအတွင်းနှင်းဆီမိသားစု မြန်မာစတိုးဆိုင် ဆိုသည်ကိုလည်း တွေ့ခဲ့ရသည်။ တာကာဒါနိုဘာဘာတွင် မြန်မာဆိုင်ပေါင်း မည်မျှရှိသည်ကို မသိခဲ့ပါ။ ဂျပန်သတင်းစာတစ်စောင်တွင်မူ မြန်မာဆိုင်ရှင်တစ်ဦးအား ကိုးကားလျက် တာကာဒါနိုဘာဘာတွင် မြန်မာဆိုင်ပေါင်း အနည်းဆုံး ၃၀ အထက်ရှိမည်ဟု ဆိုပြီး ဆိုင်အချို့မှလွဲပြီး မြန်မာဆိုင်အများစု၏ ဖောက်သည်များမှာ မြန်မာလူမျိုးများသာ ဖြစ်သည်ဟု သိရသည်။

မြန်မာဆိုင်အများအပြားတည်ရှိသည့် တာကာဒါနိုဘာဘာရှိ Tak 11 Building ဆီ သွားရောက်လိုပါက လိပ်စာမှာ Tak 11 Building, Takadanobaba 2–19–7, Shinjuku–ku, Tokyo ဖြစ်ပြီး အနီးဆုံး ရောက်ရှိနိုင်သော ဘူတာရုံမှာ Takadanobaba Station (Yamanote, Tozai, Seibu Shinjuku lines) ဖြစ်ပါသည်။ ။

# လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

( ခ ) လုပ်ငန်းက သုံးစွဲနေသော သို့မဟုတ် လုပ်ငန်း၏ လက်ဝယ်တွင်ရှိသောပစ္စည်းကို တစ်ဦးဦးက ပိုင်ဆိုင်လျှင်ဖြစ်စေ၊ တစ်ဦးဦးထံမှ ငှားရမ်းထားလျှင်ဖြစ်စေ ကယ်ဆယ်ခြင်းအဆင့်တွင် တရားရုံး၏ အမိန့်အရမဟုတ်လျှင် သို့မဟုတ် ပြန်လည်ထူထောင်ရေး အကြံပေး၏စာဖြင့် ရေးသားသဘောတူညီချက်အရမဟုတ်လျှင် ထိုသူထံ လွှဲပြောင်းပေးအပ်ခြင်းမပြုရ၊

( ဂ ) ပုဒ်မခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ ကယ်ဆယ်ခြင်းအဆင့်တွင် ပုံမှန်လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရန်အလို့ငှာ ဒါရိုက်တာများ၊ ပိုင်ရှင်များ သို့မဟုတ် အစုဝင်များသည် ၎င်းတို့၏ သက်ဆိုင်ရာ လုပ်ပိုင်ခွင့်များကို သုံးစွဲခွင့်ရှိသည်၊

(ဃ) ကယ်ဆယ်ခြင်းအဆင့်တွင် ဒါရိုက်တာများ၊ ပိုင်ရှင်များ သို့မဟုတ် အစုဝင်များသည် အောက်ပါကိစ္စရပ်များတွင် ၎င်းတို့၏ သက်ဆိုင်ရာ လုပ်ပိုင်ခွင့်များကို သုံးစွဲခွင့်ရှိသည်-

(၁) ပုံမှန်လုပ်ဆောင်မြဲမဟုတ်သည့် လုပ်ငန်းများဆောင်ရွက်ခြင်း သို့မဟုတ် ပိုင်ဆိုင်မှုများ စီမံခန့်ခွဲခြင်းတို့ကို ပြန်လည်ထူထောင်ရေးအကြံပေး၏ စာဖြင့် ရေးသားသဘောတူညီချက်အရ သို့မဟုတ် တရားရုံး၏ခွင့်ပြုချက်အရ ဆောင်ရွက်နိုင်ခြင်း၊

(၂) အပိုင်း (၆) လုပ်ငန်းစဉ်မစတင်မီက လုပ်ငန်း၏ တွဲဖက်လုပ်ကိုင်နေသူနှင့် ပတ်သက်သည့် မြီရှင်များ၏ တင်ရှိသည့် ကြွေးမြီများကို တရားရုံး၏ ခွင့်ပြုချက်အရ ပေးချေနိုင်ခြင်း၊

(၃) အပိုင်း (၆) လုပ်ငန်းစဉ်မစတင်မီက လုပ်ငန်း၏တွဲဖက်လုပ်ကိုင်နေသူနှင့် ပတ်သက်မှုမရှိသည့်မြီရှင်များ၏ တင်ရှိနေသည့် ကြွေးမြီများကို ပြန်လည်ထူထောင်ရေးအကြံပေး၏ စာဖြင့် ရေးသားသဘောတူညီချက်အရ သို့မဟုတ် တရားရုံး၏ခွင့်ပြုချက်အရ ပေးချေနိုင်ခြင်း။

( င ) ပုဒ်မခွဲ (ဃ) ပါ သဘောတူညီချက် သို့မဟုတ် ခွင့်ပြုချက်ကို ပြန်လည်ထူထောင်ရေးအစီအစဉ်ဆောင်ရွက်ရန် ဖြစ်တန်ရာများပြီး ထိုကြွေးမြီကို ပေးချေခြင်းသည် ဤအပိုင်းပါ ရည်ရွယ်ချက်များ ပြည့်မီရေးအတွက် လိုအပ်သည်ဟုယူဆသည့် ထူးခြားသော အခြေအနေများတွင်သာ ခွင့်ပြုနိုင်သည်။

**လုပ်ငန်းကို ကာကွယ်ပေးခြင်း**

၁၀၆။ ကယ်ဆယ်ခြင်းအဆင့်တွင် အာမခံထားရှိသော ပိုင်ဆိုင်မှုများအား အတည်ပြုခြင်း၊ ဆက်လက် အတည်ပြုဆောင်ရွက်ခြင်းတို့ကို ပြန်လည်ထူထောင်ရေးအကြံပေး၏ စာဖြင့် ရေးသားသဘောတူညီချက် သို့မဟုတ် တရားရုံး၏ ခွင့်ပြုချက်မှတစ်ပါး ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

**အာမခံသူများကို ကာကွယ်ခြင်း**

၁၀၇။ ကယ်ဆယ်ခြင်းအဆင့်တွင် လုပ်ငန်း၏ ကြွေးမြီများ သို့မဟုတ် တာဝန်များနှင့်စပ်လျဉ်း၍ အာမခံသူများကို တရားရုံး၏ခွင့်ပြုချက်ဖြင့် မှတစ်ပါး ဥပဒေကြောင်းအရ အရေးယူခြင်း သို့မဟုတ် အရေးယူထားသည်ကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

**တရားရုံးက ခွင့်ပြုချက်ပေးခြင်း**

၁၀၈။ တရားရုံးသည် ဤအခန်းအရ ခွင့်ပြုချက်များကို မိမိသင့်သည်ထင်မြင်သည့်အတိုင်း စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်များမထားဘဲဖြစ်စေ ပေးနိုင်သည်။

**အပြောင်းအလဲရှိသော ကြွေးမြီတာဝန်ရှိသည့်ပစ္စည်း**

၁၀၉။ (က) အပိုင်း (၆) လုပ်ငန်းသည် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်ဖြစ်ဖွယ်ရှိသည့်ပစ္စည်းများကို အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ရောင်းချနိုင်သည် သို့မဟုတ် အခြားနည်းစီမံခန့်ခွဲနိုင်သည်-

(၁) အပိုင်း (၆) လုပ်ငန်း၏ ပုံမှန်လုပ်ငန်းဆောင်ရွက်မှုအရ ပြုလုပ်သည့် နည်းလမ်း၊

(၂) အာမခံအကျိုးခံစားခွင့်ရ မြီရှင်၏ စာဖြင့် ရေးသားသဘောတူညီချက်အရ ပြုလုပ်သည့်နည်းလမ်း၊

(၃) တရားရုံး၏ခွင့်ပြုချက်အရ ပြုလုပ်သည့်နည်းလမ်း။

( ခ ) တရားရုံးသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) အရ ခွင့်ပြုရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း ကျေနပ်မှသာလျှင် ခွင့်ပြုနိုင်သည်-

(၁) အာမခံအကျိုးခံစားခွင့်ရ မြီရှင်၏ အကျိုးစီးပွားကို လုံလောက်စွာ ကာကွယ်နိုင်ခြင်း၊

(၂) ပုဒ်မ ၉၄ ပါ ရည်ရွယ်ချက်များ ပြည့်မီရေးကို အထောက်အကူပြုနိုင်ခြင်း။

( ဂ ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) ပါ ရည်ရွယ်ချက်များအလို့ငှာ အကြောင်းကြားစာ သို့မဟုတ် တောင်းခံစာထုတ်နိုင်သည့်အချက် သို့တည်းမဟုတ် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်မှ ပုံသေကြွေးမြီတာဝန်အဖြစ် ပြောင်းလဲသည့်အချက် ဖြစ်သည်ဆိုရုံမျှဖြင့် အပိုင်း (၆) လုပ်ငန်း၏ ပုံမှန်လုပ်ငန်းဆောင်ရွက်ရာတွင် ရောင်းချခြင်းကို တားဆီးခြင်းမရှိစေရ၊

(ဃ) အပိုင်း (၆) လုပ်ငန်းတွင် အာမခံအကျိုးခံစားခွင့်ရှိသောပစ္စည်းကို ရောင်းချရာ၌ ဒါရိုက်တာ၊ ပိုင်ရှင် သို့မဟုတ် အစုဝင်သည် ၎င်း၏ သက်ဆိုင်ရာလုပ်ပိုင်ခွင့်များကို ကျိုးကြောင်းဆီလျော်စွာ အသုံးပြုရမည်။

**ပုံသေကြွေးမြီတာဝန်ရှိသည့်ပစ္စည်း**

၁၁၀။ (က) အပိုင်း (၆) လုပ်ငန်းသည် ပုံသေကြွေးမြီတာဝန်ဖြစ်ဖွယ်ရှိသည့် ပစ္စည်းများကို အောက်ပါနည်းလမ်းများဖြင့် ရောင်းချနိုင်သည် သို့မဟုတ် အခြားနည်း စီမံခန့်ခွဲနိုင်သည်-

(၁) အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ စာဖြင့် ရေးသားသဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(၂) တရားရုံး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း။

( ခ ) တရားရုံးသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ခွင့်ပြုရာတွင် အောက်ပါအချက်များနှင့်ညီညွတ်ကြောင်း ကျေနပ်မှသာလျှင် ခွင့်ပြုနိုင်သည်-

(၁) အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ အကျိုးကို လုံလောက်စွာ ကာကွယ်သော အစီအစဉ်များရှိခြင်း၊

(၂) ပုဒ်မ ၉၄ ပါ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် အထောက်အကူပြုနိုင်ခြင်း။

**အခြားကိစ္စရပ်များတွင် အာမခံအကျိုးခံစားခွင့်ရမြီရှင်များကို အကာအကွယ်ပေးခြင်း**

၁၁၁။ ပုဒ်မ ၁၀၉ နှင့် ၁၁၀ တို့တွင် ခွင့်ပြုထားသည်မှအပ အပိုင်း (၆) လုပ်ငန်းသည် အာမခံအကျိုးခံစားခွင့်ရ မြီရှင်များ၏ပစ္စည်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်ကို ထိခိုက်စေနိုင်ပါက စီမံခန့်ခွဲခြင်းမပြုရ။

**အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ**

**ကြွေးမြီများအတွက်တာဝန်**

၁၁၂။ (က) ပြန်လည်ထူထောင်ရေးအကြံပေးသည် အပိုင်း (၆) လုပ်ငန်း၏ ကြွေးမြီများနှင့် တာဝန်ရှိမှုအပေါ်တွင် ပုဂ္ဂိုလ်ရေးတာဝန် မရှိစေရ။

( ခ ) အပိုင်း (၅) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်၏ ပုဒ်မ ၆၂ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့တွင် ပြဋ္ဌာန်းထားသည့် ကြွေးမြီများသည် အပိုင်း (၅) ပြန်လည်ထူထောင်ရေး မန်နေဂျာတွင် တာဝန်ရှိသော်လည်း အပိုင်း (၆) လုပ်ငန်းစဉ်တွင်မူ လုပ်ငန်း၌တာဝန်ရှိပြီး လုပ်ငန်း၏ ပုံမှန်ဆောင်ရွက်မှုမှ ပေးချေရမည်။

( ဂ ) ပုဒ်မခွဲ (ခ) မှအပ အပိုင်း (၆) လုပ်ငန်း၏ကြွေးမြီများနှင့် တာဝန်များသည် ပုဒ်မ ၁၀၅ ပုဒ်မခွဲ (က) နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ အပိုင်း (၆) ပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုအတိုင်း ဖြေရှင်းရမည်။

(ဃ) အပိုင်း (၆) လုပ်ငန်းသည် ပုဒ်မခွဲ (ခ) ပါ နည်းလမ်းအတိုင်း ကြွေးမြီနှင့် တာဝန်များကို ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ပြန်လည်ထူထောင်ရေးအကြံပေးက သိရှိရလျှင် ပုဒ်မ ၁၃၉ ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အပိုင်း (၆) လုပ်ငန်းကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းစေရမည်။

( င ) ပြန်လည်ထူထောင်ရေးအကြံပေးသည် ၎င်းကိုခန့်အပ်ထားသည့် အပိုင်း (၆) လုပ်ငန်း၏ ပိုင်ဆိုင်မှုအနက်မှ အောက်ပါပြန်လည်ထူထောင်ရေးဆိုင်ရာ တောင်းဆိုခွင့်များအတွက် ပြန်လည်တောင်းခံပိုင်ခွင့်ရှိသည်-

(၁) ပြန်လည်ထူထောင်ရေးအကြံပေးသည် ၎င်း၏တာဝန်များကို ပေါ့ဆမှုမရှိဘဲ ရိုးဖြောင့်စွာဖြင့် ထမ်းဆောင်စဉ် ဖြစ်ပွားခဲ့သော တာဝန်ရှိမှုများနှင့် ကုန်ကျစရိတ်များ၊

(၂) ဤဥပဒေအရ သတ်မှတ်ထားသည့် ပြန်လည်ထူထောင်ရေးအကြံပေး၏ အခကြေးငွေ။

( စ ) ပုဒ်မခွဲ (င) တွင် ပြဋ္ဌာန်းထားသော ပြန်လည်ထူထောင်ရေးအကြံပေး၏ ပြန်လည်တောင်းခံပိုင်ခွင့်များသည် အပိုင်း (၆) လုပ်ငန်းတွင် တင်ရှိနေသော အာမခံအကျိုးခံစားခွင့်မရှိသည့် ကြွေးမြီများထက် ဦးစားပေးရမည်။ ထို့ပြင် ၎င်း၏ ပြန်လည်တောင်းခံပိုင်ခွင့်အတွက် အပိုင်း (၆) လုပ်ငန်း၏ ပစ္စည်းများအပေါ်တွင်လည်း အာမခံအကျိုးခံစားခွင့်ရှိသည်။

(ဆ) အောက်ပါ ဦးစားပေးအစီအစဉ်များ၏ နောက်တွင် ပုဒ်မခွဲ (စ)ပါ ပြန်လည်ထူထောင်ရေးအကြံပေး၏ အာမခံအကျိုးခံစားခွင့်ကို ထည့်သွင်းရမည်-

(၁) ပြန်လည်ထူထောင်ရေးအကြံပေးကို ခန့်အပ်စဉ်အချိန်က တည်ရှိနေသော အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ ပုံသေကြွေးမြီတာဝန်၊

(၂) အာမခံအကျိုးခံစားခွင့်ရမြီရှင်က ဥပဒေနှင့်အညီ ခန့်ထားသည့် ပစ္စည်းထိန်း၏ အကျိုးခံစားခွင့်များ၊ သို့ရာတွင် ထိုပစ္စည်းထိန်းခန့်အပ်ခြင်းမပြုမီ ပြန်လည်ထူထောင်ရေးအကြံပေးက ကျခံခဲ့ရသော ပြန်လည်ထူထောင်ရေးဆိုင်ရာ တောင်းခံပိုင်ခွင့်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**လုပ်ငန်းသည် ပြန်လည်ထူထောင်ရေးလုပ်ဆောင်နေကြောင်း အသိပေးကြေညာခြင်း**

၁၁၃။ (က) ကယ်ဆယ်ခြင်းအဆင့်တွင် အပိုင်း (၆) လုပ်ငန်းသည် အောက်ပါတို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်း လုပ်ဆောင်နေကြောင်း ဖော်ပြပါရှိရမည်-

(၁) အပိုင်း(၆)လုပ်ငန်း သို့မဟုတ် လုပ်ငန်းကိုယ်စား သို့မဟုတ် ပြန်လည်ထူထောင်ရေးအကြံပေး၏ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာပေးပို့စာများ သို့မဟုတ် အမှာစာများ၊

(၂) အပိုင်း(၆)လုပ်ငန်း၏ ဝက်ဘ်ဆိုက်များ။

( ခ ) ပုဒ်မခွဲ (က) အရ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများဆိုသည်မှာ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့်ပုံစံများကို ဆိုသည်။

( ဂ ) အပိုင်း (၆) လုပ်ငန်း၏ အရာရှိ သို့မဟုတ် ပြန်လည်ထူထောင်ရေးအကြံပေးသည် ဤပုဒ်မပါ ဆောင်ရွက်ရန်အချက်များကို လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် ပျက်ကွက်မှုကို သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုလျှင် မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

**အပိုင်း(၆) လုပ်ငန်း၏ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်**

၁၁၄။ (က) အပိုင်း (၆) လုပ်ငန်းစဉ် စတင်သည်နှင့်တစ်ပြိုင်နက် လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို နည်းဥပဒေများတွင် သတ်မှတ်ထားသည့်ပုံစံအတိုင်း ပြုစု၍ လုပ်ငန်းသည် ပြန်လည်ထူထောင်ရေးအကြံပေးထံ တတ်နိုင်သမျှ ဆောလျင်စွာ တင်သွင်းရမည်။

( ခ ) ပြန်လည်ထူထောင်ရေးအကြံပေးသည် အပိုင်း (၆) လုပ်ငန်းကိစ္စများနှင့်ဆက်နွှယ်သည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူတို့အား လုပ်ငန်း၏ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို ပြုစုလျက် ၎င်းထံပေးပို့ရန် အကြောင်းကြားစာ ရေးသားပေးပို့နိုင်သည်။

( ဂ ) ပုဒ်မခွဲ (ခ) နှင့်စပ်လျဉ်း၍ နည်းဥပဒေတွင် အောက်ပါတို့ကို အထူးပြုဖော်ပြစေရမည်-

(၁) စာဖြင့် ရေးသားသော အကြောင်းကြားစာ၏ ပုံစံ၊

(၂) ဆက်နွှယ်သည့်ပုဂ္ဂိုလ်များ၊

(၃) အပိုင်း(၆)လုပ်ငန်း၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ပုံစံနှင့် ယင်းပုံစံတွင် ပါရှိရမည့်အချက်များ။

(ဃ) ဤပုဒ်မအရ အပိုင်း (၆) လုပ်ငန်း၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို ပြန်လည်ထူထောင်ရေးအကြံပေးထံသို့ တင်ပြရန် တာဝန်ရှိသူသည် စာဖြင့် ရေးသားပေးပို့သည့်အကြောင်းကြားစာကို ရရှိသည့်နေ့မှ ၇ ရက်အတွင်း ထိုထုတ်ဖော်ကြေညာချက်ကို ပေးပို့ရမည်။

( င ) မည်သူမဆို ဤပုဒ်မပါ တာဝန်များကို ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ် ငါးသိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

**လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို အားကိုးအားထားပြုနိုင်ခြင်း**

၁၁၅။ (က) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပုဒ်မ ၁၁၄ ပုဒ်မခွဲ (က) အရ ၎င်းထံ တင်သွင်းသည့် လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်သည် မှန်ကန်ခြင်းမရှိဟု သံသယဖြစ်ရန် အကြောင်းမရှိလျှင် ယင်းကြေညာချက်ကို အားကိုးအားထားပြုနိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာခင်ခင်ဝင်း ပါမောက္ခ(ဌာနမှူး) ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၀ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် ရူပဗေဒဘာသာရပ်ဖြေဆိုရာတွင် မှတ်သားသင့် သတိထားသင့်သည့်အချက်များ၊ သိမှတ်ဖွယ်ရာများနှင့် လိုအပ်ရာအချက်များကို အသိပေးပြောကြားမှာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ရူပဗေဒဘာသာရပ်တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံသည် ၂၀၁၉ ခုနှစ် မေးခွန်းပုံစံနှင့် အတူတူဖြစ်ပါတယ်။

ပထမဆုံး မေးခွန်းပုံစံနှင့် ပတ်သက်ပြီး ကြည့်မယ်ဆိုရင် ရူပဗေဒ မေးခွန်းပုံစံမှာ–

- SECTION (A)နဲ့ SECTION(B) အပိုင်းနှစ်ပိုင်းရှိပါတယ်။
- SECTION (A)အပိုင်းမှာ (၄)မှတ်တန် မေးခွန်း(၉)ပုဒ်ရှိပြီး မေးခွန်းအားလုံးဖြေဆိုရပါမယ်။
- SECTION(B)မှာတော့ နံပါတ်(၁၀)ကနေပြီး နံပါတ်(၁၅)ထိ(၁၆)မှတ်တန်များဖြစ်ပြီး နှစ်သက်ရာ (၄)ပုဒ်ကိုပဲ ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ နောက်ဆုံးနံပါတ်(၁၅)မှာတော့ "(OR)"ခံပြီး မေးထားတဲ့အတွက် နှစ်သက်ရာ(၁) ပုဒ်ကိုပဲ ရွေးချယ်ဖြေဆိုရပါမယ်။ SECTION(B)မှာတော့ မေးခွန်း(၁)ပုဒ်ကို (၁၆)မှတ်ပေးထားပြီး မေးခွန်းတိုင်းမှာ (a) နဲ့(b) နှစ်ပိုင်းခွဲထားတဲ့အတွက် (၈)မှတ်တန် (၂)ပုဒ်စီမေးထားခြင်း ဖြစ်ပါတယ်။
- မေးခွန်းအစအဆုံး (၁၄၈) မှတ်ဖိုးမေးပြီး အမှတ်(၁၀၀)ဖိုး ဖြေရမှာဖြစ်ပါတယ်။
- SECTION(B)ရဲ့ မေးခွန်းတိုင်းမှာ (a) နဲ့(b)ဟာ ပြဋ္ဌာန်းစာအုပ်၏ အခန်း(chapter)တစ်ခုထဲမှ မေးခြင်းမျိုးမဟုတ်ပါ။
- ပြဋ္ဌာန်းစာအုပ်မှ Chapter 1 to 13 တွင်ပါရှိသော သင်ခန်းစာများအားလုံးမှ အခန်းအလိုက် အချိုးညီမျှတစွာ ပါဝင်အောင် အခန်းတိုင်းမှ Physical quantities များ၊ ယူနစ်များ၊ ပုံစံတွက်များ (examples)၊ လေ့ကျင့်ရန်ပုစ္ဆာများ (exercises)၊ ပုံသေနည်းတွက်ထုတ်ပုံများ (formula derivation), figures, diagrams, graphical representations, symbols များ၊ ရူပဗေဒဆိုင်ရာ သီအိုရီများ၊ သီအိုရီပေါ်အခြေခံပြီး စဉ်းစားရသော concept များ စသည်တို့အပေါ် အခြေခံပြီး မေးထားခြင်းဖြစ်ပါတယ်။

ရူပဗေဒဘာသာရပ်မေးခွန်းရဲ့ **မေးခွန်းနံပါတ်(၁)နှင့်(၂)ကိုကြည့်လျှင် Multiple Choice, Matching အတွက် မေးခွန်း** ငယ်(၄)ပုဒ်သည်–

**(1) ပြဋ္ဌာန်းစာအုပ်၏ အခန်း(၁)ခန်းထဲမှ မေးခြင်းမျိုးမဟုတ်ပါ။**

**(2) Formula, Definition, Unit, Concept, Symbols, theory စသည်တို့နှင့် သက်ဆိုင်ရာများကို မေးခြင်း ဖြစ်ပါသည်။**

**(3) စာလုံး(၁)လုံးထက်ပို၍ မေးခြင်းမျိုးလည်း ရှိနိုင်ပါသည်။**

ဥပမာ–၁ *(i) Image formed by a concave lens is always virtual and ……. the object.*

*(A. smaller than B. same size as C. larger than)*

အထက်ဖော်ပြပါ မေးခွန်းကိုဖြေဆိုရာတွင်– **မေးခွန်းမှ စာသားများအားလုံးကို ကူးယူဖော်ပြရန် မလိုအပ်ပါ။** ပေးထားသော ***A, B, C*** (၃)ခုမှ အဖြေမှန်သောတစ်ခုကိုသာ ရေးပေးရန်လိုပါသည်။ အဖြေတွင် **1*(i)A*** ဟု ဖြေလျှင် ပြည့်စုံမှန်ကန်ပါသည်။

**(4) မေးခွန်းနံပါတ်စဉ်များ မှန်ကန်စွာတပ်ရန် အထူးလိုအပ်ပါသည်။**

တက္ကသိုလ်ဝင်တန်း ရူပဗေဒဘာသာရပ်၏ မေးခွန်းများသည်–

၁. အလွတ်ကျက်မှတ်ရုံနဲ့မရဘဲ ရူပဗေဒနိယာမတွေနဲ့သီအိုရီသဘောတရားများ၊ concepts များကို အချိတ်အဆက်မိမိ ရှင်းလင်းကျေညက်စွာ နားလည်ထားရင် မေးခွန်းတွေကို ဖြေဆိုရာမှာ အခက်အခဲမရှိ ပြည့်စုံမှန်ကန်စွာ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

၂. မေးခွန်းတွေရဲ့ပုံစံတွေကို ကြည့်ရင်–

- (၄)မှတ်တန်မေးခွန်း အများစုပါဝင်တဲ့ Section (A)ရဲ့မေးခွန်းနံပါတ်(၁)မှာ multiple choice၊ မေးခွန်းနံပါတ်(၂)မှာ Matching၊ မေးခွန်းနံပါတ် (၃)မှ(၉)အထိမှာ short questions များဖြစ်တဲ့အတွက် ပေးမှတ်(၁)မှတ်မှ(၄)မှတ်အတွင်း ဖြေရတဲ့မေးခွန်းအတိုလေးများကို ဖြေဆိုကြရပါမယ်။
- (၈)မှတ်တန် (a) နှင့် (b)ခွဲပြီး (၂)ပုဒ်မေးလေ့ရှိတဲ့ Section (B) မှာ မေးခွန်းနံပါတ်(၁၀)မှ (၁၅)အထိကိုတော့ Theory, Law, Principles, Definition များ၊ ပုစ္ဆာများ၊ ပုံသေနည်း တွက်ထုတ်ပုံများ၊ diagram များ၊ graphs များနှင့် ဉာဏ်စမ်းမေးခွန်းများနှင့် ဖွဲ့စည်းထားပါတယ်။

ဥပမာ မေးခွန်း(၁)– ဉာဏ်စမ်းမေးခွန်းနှင့် ပုစ္ဆာတွဲမေးထားခြင်း

Why is a compass needle placed near a current–carrying wire deflected?

A 150V voltmeter has a resistance of 2 X $10^4$ Ω. When it is connected in series with a resistor across a 120V main line it reads 6V. What is the resistance of the resistor? (4 marks)

ဒီမေးခွန်းကိုဖြေဆိုရာမှာ ပထမမေးခွန်းကို conceptual point of view မှဖြေဆိုပြီး ဒုတိယမေးခွန်းကို ပုစ္ဆာတွက်နည်းများအတိုင်း တွက်ပေးရပါမယ်။

conceptual point of view မှ ဖြေဆိုရာမှာလည်း ပေးမှတ်(၂)မှတ်အတွင်းဖြစ်လို့ လိုရင်းကိုတိကျစွာ အတိုဆုံး ဖြေဆိုတတ်ဖို့ လိုပါတယ်။

ပုစ္ဆာတွက်လျှင် **မည်သည့်နည်းနဲ့တွက်တွက် ပုံသေနည်းမှန်၊ တွက်နည်းမှန်၊ အဖြေမှန်**လျှင် အမှတ်ပြည့်ရပါတယ်။ **ပုစ္ဆာတွက်ရင် ဒသမ (၂) နေရာထိ အဖြေထုတ်ပေးဖို့ လိုပါတယ်။**

State the properties of an image formed by a concave lens. လို့မေးတာမျိုးကိုတော့–

- The image formed by a concave lens is always virtual and smaller than the object.
- The virtual image formed by the concave lens is the same side as the object only when the object is in contact with the lens.

ဥပမာမေးခွန်း(၂)– ပုစ္ဆာတွက်ပြီးမှ အဖြေပေါ်မှ diagram ဆွဲဖြေဆိုရသောမေးခွန်း

An object 3 cm tall is 30 cm from a convex lens of focal length 20 cm. (i) Find the size of the image and the image distance. Draw a ray diagram to show the formation of the image. (ii) If the object is moved 5 cm closer to the lens how far does the image move? (8 marks)

ဒီမေးခွန်းကို ဖြေဆိုရာမှာ ပထမမေးခွန်း (i) Find the size of the image and the image distance အတွက်–

$u = +30\,cm,\ OO' = 3cm,\ f = +20\,cm$

By the lens equation: $\frac{1}{u} + \frac{1}{v} = \frac{1}{f} \Longrightarrow \frac{1}{30} + \frac{1}{v} = \frac{1}{20}$

$\frac{1}{v} = \frac{3-2}{60} = \frac{1}{60} \quad \therefore v = 60\,cm$

$m = \frac{II'}{OO'} = -\frac{v}{u} = -\frac{60}{30} = -2$

$\frac{II'}{OO'} = -2 \Rightarrow II' = -2 \times 3 = -6\,cm$

∴ Size of the image is 6 cm tall and its distance is 60 $cm$ from the lens.

**(ထို့ကြောင့် ပုံဆွဲလျှင် ပုံရိပ်အရွယ်အစားသည် ဝတ္ထုအရွယ်အစားထက်(၂)ဆကြီးရန် လိုပါသည်။)**

တွက်ထုတ်ထားသောအဖြေများသုံးပြီး အောက်ပါအတိုင်းစကေးကိုက် ray diagram ဆွဲဖြေဆိုရပါတယ်။ **မေးခွန်းမှာဆွဲခိုင်းတဲ့ပုံက ပုံရိပ်အကွာအဝေး *v*၊ မှန်ဘီလူးဆုံတာ *f*၊ ပုံရိပ်အရွယ်အစားများတွက်ပြီး အဖြေသိမှဆွဲခိုင်းတာဖြစ်လို့ (u, v, f )တန်ဖိုးများအားလုံးကို ပုံမှာထည့်ပေးဖို့လိုပါတယ်။**



ဒုတိယမေးခွန်း (ii) If the object is moved 5 cm closer to the lens ဖြေဆိုရန်–

$u' = 30 - 5 = 25cm, f = +20cm\ (same\ lens)$

By the lens equation $\frac{1}{f} = \frac{1}{u'} + \frac{1}{v'} \Rightarrow \frac{1}{20} = \frac{1}{25} + \frac{1}{v'}$

$\frac{1}{v'} = \frac{5-4}{100} = \frac{1}{100} \Rightarrow v' = 100\ cm$

how far does the image move လို့ မေးထားတဲ့အတွက်

$\therefore distance\ moved\ by\ image = v' - v = 100 - 60 = 40\ cm$

**(ဒုတိယမေးခွန်းအတွက် ပုံထပ်မံဆွဲပေးဖို့မလိုပါ။)**

ဥပမာမေးခွန်း(၂)ကိုပဲ ဒုတိယပိုင်းပုစ္ဆာတွက်ပြီးမှ အဖြေပေါ်မှ diagram ဆွဲဖြေဆိုရသောမေးခွန်း

An object 3 cm tall is 30 cm from a convex lens of focal length 20 cm. (i) Find the size of the image and the image distance. (ii) If the object is moved 5 cm closer to the lens how far does the image move? Draw a ray diagram to show **the formation of the new image.** (8 marks)

ဒီမေးခွန်းကိုဖြေဆိုရာမှာ ပထမနဲ့ဒုတိယမေးခွန်း(၂)မျိုးလုံးအတွက် **ပုံရိပ်အကွာအဝေး *v*၊ ပုံရိပ်အရွယ်အစား *(II')* တို့ကို အပေါ်မှာဖော်ပြထားတဲ့အတိုင်း တွက်ရပါမယ်။**

$u' = 25cm, f = +20cm\ (same\ lens), v' = 100\ cm$

$m = \frac{II'}{OO'} = -\frac{v}{u} = -\frac{100}{25} = -4$

$\frac{II'}{OO'} = -4 \quad \Rightarrow \quad \therefore II' = -4\,OO'$

**ပုံရိပ်အရွယ်အစားကို မမေးသော်လည်း ဝတ္ထုအကွာအဝေး၊ ပုံရိပ်အကွာအဝေးတို့ ပြောင်းလဲသောကြောင့် ပုံရိပ်အရွယ်အစားလည်း ပြောင်းလဲသွားတာဖြစ်တဲ့အတွက် အဖြေအရပုံဆွဲလျှင် ပုံရိပ်အရွယ်အစားသည် ဝတ္ထုအရွယ်အစားထက်(၄)ဆကြီးဆွဲရန် လိုပါသည်။**



ဥပမာမေးခွန်း (၃)– (၈)မှတ်တန် (a) နှင့် (b)ခွဲပြီး ၂ပုဒ်မေးလေ့ရှိတဲ့ Section (B) မှမေးခွန်းပုံစံ–

(a) Why is uranium said to be a radioactive material? Name two radioactive materials. How many rays are emitted from radioactive materials and what are they? State the properties of any one of these rays. (8 marks)

(b) Draw the fire alarm system, using logic gates and give its truth table. Which gates are called universal gates and why? What is a rectifier? How can diodes be used as rectifiers? (8 marks)

ဒီမေးခွန်းကိုဖြေဆိုရာမှာ Electronics နဲ့ Nuclear Physics ကို ရောထွေးမေးထားတဲ့ မေးခွန်းဖြစ်နေတဲ့အတွက် မေးထားတဲ့ မေးခွန်းတစ်ခုစီကို အောက်ဖော်ပြပါအတိုင်း တစ်ချက်ချင်း ရှင်းလင်းဖြေဆိုပေးရပါမယ်။

**(a)** Uranium said to be a radioactive material because uranium salts emitted radiations which affected photographic plates and caused ionizations.

Two radioactive materials: polonium and radium.

There are three types of rays emitted from radioactive materials: namely alpha rays, beta rays and gamma rays.

**Properties of Alpha rays**

Alpha rays consist of positively charged particles and thus can be deflected by electric and magnetic fields. They have the most strongly ionizing power of the three rays. But they are the least penetrating and can be stopped by a thick sheet of paper.

**Properties of Beta rays**

Beta rays consist of electrons with varying speeds. They carry negative charge and can be deflected by electric and magnetic fields. They are much less ionizing than alpha rays but have more penetrating power. It needs a few millimeters of aluminium to stop them.

**Properties of Gamma rays**

Gamma rays are electromagnetic waves like light and X–rays but have much shorter wavelength. Gamma rays are the least ionizing but most penetrating of three rays. Their intensity is greatly reduced by several centimeters of lead but they are never completely stopped.

စာမျက်နှာ ၁၈ သို့ ❍

❍ စာမျက်နှာ ၁၇ မှ

(c) Fire alarm system and Its Truth table

Fire alarm system




A -Smoke detector

B - heat detector

P - alarm

Q - extinguisher

Truth table

| A | B | P | Q |
|---|---|---|---|
| 0 | 0 | 0 | 0 |
| 0 | 1 | 1 | 0 |
| 1 | 0 | 1 | 0 |
| 1 | 1 | 1 | 1 |

**Universal Gates:** NAND gates and NOR gates are called universal gates because they alone can be used to build up all other types of gates.

**Rectifier:** A rectifier is a device which converts an alternating current (ac or AC) into a unidirectional current or a direct current (dc or DC).

Diodes can be used as rectifiers because the current flows in one direction only from anode (A) to cathode (K).

နိယာမတွေနဲ့ပတ်သက်ရင်–

ဥပမာ– State Hooke's law in words as well as in symbols. လို့မေးရင် စာသားနဲ့ရော သင်္ချာညီမျှခြင်းနဲ့ပါမေးတာဖြစ်လို့ အောက်ဖော်ပြပါအတိုင်းဖြေဆိုပါ။

**Hooke's law:** As long as the elastic limit of a body is not exceeded, the strain produced is proportional to the stress causing it.

**In symbols**: $F \propto x \ (or) F = kx$

where F = the applied force (or) stress , x= the elongation (or) strain, k=constant

➢ သင်္ချာညီမျှခြင်းကိုမေးရင်လည်း ညီမျှခြင်းမှာပါတဲ့ သင်္ကေတတစ်ခုချင်းစီအတွက် ဖွင့်ဆိုရှင်းလင်းချက်များ ဖော်ပြရပါမယ်။

ဥပမာ– Write down an equation of Stephan–Boltzmann's law. လို့မေးရင်–

Equation of Stephan–Boltzmann's law: $\varepsilon_0 = \sigma T^4$

where $\varepsilon_0$= total emissive power of a black body , $\sigma$ =Stephan's constant

$T$ = Absolute temperature

➢ Law, Definition တွေကိုဖြေတဲ့အခါ တိတိကျကျနဲ့ ပြည့်ပြည့်စုံစုံ ဖြေဖို့လိုပါတယ်။ ပြဋ္ဌာန်းစာအုပ်(Text book)ကို ကျေညက်စွာ လေ့လာထားရင် အခက်အခဲမရှိ ဖြေနိုင်မှာပါ။

➢ **Definition** တွေဖြေရင် ဘယ်အဓိပ္ပာယ်ဖွင့်ဆိုချက်က ပိုမိုပြည့်စုံရှင်းလင်းမှုရှိတယ်ဆိုတာ သင်ကြားသူ ဆရာ ဆရာမများက လေ့လာဆန်းစစ်ပြီးမှ တပည့်များကို လမ်းညွှန်မှုပေးသင့်ပါတယ်။ definition များသည် Summary/ Chapter ဘယ်ကဖြေရမယ်ဆိုတာမျိုး ပုံသေစွဲမှတ်မထားသင့်ပါဘူး။ **ဖြေဆိုရမည့်အကြောင်းအရာနှင့် ပတ်သက်သောအဓိပ္ပာယ်များ ပြည့်စုံစွာပါရှိသော အဓိပ္ပာယ်ဖွင့်ဆိုချက် definition များကိုသာ ဖြေသင့်ပါတယ်။** အဖြေလွှာစစ်ဆေးသော ဆရာ ဆရာမများနှင့် ရူပဗေဒဘာသာရပ် သင်ကြားနေသောဆရာ ဆရာမများက မိမိတို့တပည့်များကို မှန်ကန်စွာ လမ်းညွှန်မှုပေးရန် လိုအပ်ပါတယ်။

ဥပမာ – Give a short note of a capacitor. (OR) Discuss briefly about a capacitor လို့မေးထားရင်–

A capacitor is an electrical device that stores electrical energy in the form of an electric field. A capacitor consists of two conductors separated by a small distance. An insulator is inserted between its conductors. Its conductors have charges of equal magnitude opposite signs; if one conductor of a capacitor has a charge + Q the other has a charge –Q. လို့ ဖြေဆိုရာတွင် ပြည့်စုံစွာဖြေဆိုရန်လိုအပ်သည်။

Define capacitor လို့မေးရင်–

A capacitor is an electrical device that stores electrical energy in the form of an electric field. လို့ဖြေဆိုရပါမယ်။

ဥပမာ–What is Flemming's Left–hand Rule? Give your answer with an illustration. လို့မေးလာရင် Flemming's Left–hand Rule ကို စာသားနှင့် ဖြေဆိုရုံသာမက text book မှ Flemming's Left–hand Rule ပုံပါဆွဲပေးဖို့ လိုပါတယ်။

ဥပမာ– Draw organ pipes closed at one end and open organ pipes for the first two harmonics.

ဒီမေးခွန်းမှာ organ pipes ပုံများကို first two harmonics အတွက် မေးတာဖြစ်တဲ့အတွက်

❖ organ pipes closed at one end အတွက် first harmonic နှင့် third harmonic ကိုဆွဲပြီး

❖ open organ pipes အတွက် first harmonic နှင့် second harmonic ကိုဆွဲပေးရပါမယ်။

❖ အောက်ဖော်ပြပါအတိုင်း လိုအပ်သောသင်္ကေတသတ်မှတ်ချက်များကို ဖော်ပြပေးရပါမယ်။




where

$A$ = Antinode

$N$ = Node

$\lambda$ = Wavelength

$l$ = length of the pipe

$v$ = wave velocity

အချို့သော Formula တွေဟာ ဆင်တူယိုးမှားဖြစ်တတ်တဲ့အတွက် ဆိုင်ရာ Definition များကို ကွဲပြားစွာနားလည်သိရှိထားရန် လိုအပ်ပါတယ်။

❖ ဥပမာ – Electricity အပိုင်းမှာ Electric Force, Electric Field Intensity, Electric Potential တို့ရဲ့ ဆက်စပ်မှုနဲ့ formula များကို ကြည့်ရင်

| Quantity | Formula | Unit |
|---|---|---|
| Electric Force (F) | $F = \frac{1}{4\pi\varepsilon_o}\frac{Q_1Q_2}{r^2}$ | $N$ |
| Electric Field Intensity (E) | $E = \frac{1}{4\pi\varepsilon_o}\frac{Q}{r^2}$ | $NC^{-1}\,(or) Vm^{-1}$ |
| Electric Potential (V) | $V = \frac{1}{4\pi\varepsilon_o}\frac{Q}{r}$ | $V$ |

ဒ့ါအပြင် Electric force နဲ့ Electric Field Intensity က vector quantity ဖြစ်လို့ ယေဘုယျအားဖြင့် ပုစ္ဆာတွက်ပြီး အဖြေထုတ်ရင် direction ပါရပါမယ်။

ဥပမာ – Two charges of +2 μC and –5 μC are 6 m apart.

$Q_1 = 2\mu C = +2 \times 10^{-6}\,C, Q_2 = -5\mu C = -5 \times 10^{-6}\,C, r = r_1 = r_2 = 3\,m$

If $E_1$ = the magnitude of the electric field intensity of P due to $Q_1$

$$E_1 = \frac{1}{4\pi\varepsilon_0}\frac{Q_1}{r^2} = 9 \times 10^9 \times \frac{2 \times 10^{-6}}{3^2} = 2 \times 10^3\,NC^{-1}$$

The direction of $\vec{E}_1$ is to the right (toward - 5 μC (or) $Q_2$)

If $E_2$ is the magnitude of the electric field intensity at P due to $Q_2$

$$E_2 = \frac{1}{4\pi\varepsilon_0}\frac{Q_2}{r^2} = 9 \times 10^9 \times \frac{5 \times 10^{-6}}{3^2} = 5 \times 10^3\,NC^{-1}$$

The direction of $\vec{E}_2$ is to the right (toward $-5\,\mu C$ )

$\vec{E}_1$ and $\vec{E}_2$ are in the same direction. Therefore $\vec{E} = \vec{E}_1 + \vec{E}_2$

The magnitude of the resultant electric field at $P$ is $E = E_1 + E_2$

$$E = (2 + 5) \times 10^3 = 7 \times 10^3\,NC^{-1}$$

The direction of $\vec{E}$ is to the right (toward $-5\,\mu C$). (မေးခွန်းမှာ direction တိုက်ရိုက်မမေးသော်လည်း Electric field $\vec{E}$ အဖြေထုတ်ရင် direction ပါရပါမယ်။)

ဥပမာ - A small sphere carrying a charge of $+2 \times 10^{-4} C$ is 0.1 m from another small sphere carrying a charge of $-5 \times 10^{-4} C$. Find the magnitude of the force exerted **by** the $-5 \times 10^{-4} C$ charge **on** the $+2 \times 10^{-4} C$ charge.

$Q_1 = +2 \times 10^{-4} C, Q_2 = -5 \times 10^{-4} C,$

$r = 0.1\,m$

By Coulomb's law,

$$F = \frac{1}{4\pi\varepsilon_0}\frac{Q_1Q_2}{r^2} = K\frac{Q_1Q_2}{r^2}$$

$$F = 9 \times 10^9 \frac{2 \times 10^{-4} \times 5 \times 10^{-4}}{(0.1)^2}$$

$$F = \frac{9 \times 10^2}{0.01} = 9 \times 10^4\,N$$

(မေးခွန်းမှာ magnitude တိုက်ရိုက်မေးထားလို့ Electric force အဖြေထုတ်တာ direction မပါခြင်း ဖြစ်ပါတယ်။)

Electric Potential V ကတော့ scalar ဖြစ်လို့ အဖြေထုတ်ရင် direction မပါဘူး။ ဒါပေမယ့် ပုစ္ဆာတွက်ရင် charge Q တန်ဖိုးတွေမှာ လျှပ်စစ်ဖိုဆိုရင် (+)၊ လျှပ်စစ်မဆိုရင် (–) ထည့်တွက်ရမယ်ဆိုတာကို သတိချပ်ရပါမယ်။

ရူပဗေဒဘာသာရပ်မှာ Definitionရဲ့ concept တွေကိုသိဖို့လိုပါတယ်။ ဥပမာ–

(1) Power နဲ့ပတ်သက်ပြီးပြောရရင်– A machine of high power should be used if a lot of work has to be done quickly. $P = \frac{W}{t}$ ညီမျှခြင်းအရ အချိန်တိုအတွင်း အလုပ်များများပြီးရန် စွမ်းအားမြင့်စက် (High Power Machine) သုံးသင့်တယ်။

(2) Heat current equation (or) rate of heat flow ကို $H = \kappa A\frac{\Delta T}{l}\ (or)\ H = \kappa A\frac{T_2 - T_1}{l}$ လို့ သိရပါမယ်။ rate of heat flow (H) နဲ့ temperature gradient $(\frac{\Delta T}{l})$ တို့ ပြောင်းလဲဆက်စပ်မှုကိုလည်း သိရပါမယ်။ rate of heat flow(H) သည် temperature difference $(\Delta T)\ or\ (T_2 - T_1)$ နဲ့ တိုက်ရိုက်အချိုးကျပြီး length (l)နဲ့ ပြောင်းပြန်အချိုးကျပြောင်းလဲကြောင်း သိရပါမယ်။

Heat နဲ့ဆိုင်တဲ့ မေးခွန်းတစ်ခုမှာ – In a warm room, an animal's body has a skin temperature of 33°C . If the room temperature is 29° C and the surface area of the body is 1.5 $m^2$, what is the rate of heat loss? What type of heat transfer involved in this process?

(Assume q = $1.7 \times 10^{-3}\,Wm^{-2}\,K^{-1}$.)

Using q = $1.7 \times 10^{-3}\,Wm^{-2}\,K^{-1}$

We have H = q A ΔT

= $1.7 \times 10^{-3} \times 1.5 \times (33-29)$

= 0.01 W

The animal at rest in this situation, heat loss is due to heat convection process.

(3) Capacitance နဲ့ပတ်သက်ပြီးပြောရရင် သင်္ချာညီမျှခြင်းအရ $C = \frac{Q}{V}$

❖ Charge of a capacitor (Q) က potential difference (V) နဲ့တိုက်ရိုက်အချိုးကျတယ်ဆိုတဲ့ concept ကိုသိရမယ်။

❖ Capacitor တစ်ခုရဲ့ capacitance သည် size and shape of the capacitor, conductors (၂)ခုကြားမှာရှိတဲ့ insulator ရဲ့သဘာဝများပေါ်မူတည်ပြီး ပြောင်းလဲနိုင်ကြောင်း သိရပါမယ်။

ဒီလို concept တွေကိုသိထားရင် ဉာဏ်စမ်းမေးခွန်းတွေကို အခက်အခဲမရှိ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

မေးခွန်းတစ်ခုမှာ– If two capacitors having the capacitances of 4 μF and 12 μF are connected in series. If the potential difference of the combination is 200 V, find the charge of each capacitor.

စာမျက်နှာ ၁၉ သို့ ❃

❋ စာမျက်နှာ ၁၈ မှ

**ဒီဥပမာမှာ ပထမဆုံး equivalent capacitance ကိုအရင်ရှာပြီး charge Q ကိုရှာတဲ့အခါ–**

$$Q = CV$$
$$= 3 \times 10^{-6} \times 200$$
$$= 600 \times 10^{-6} C = 600\ \mu C$$

Since the capacitors are connected in series, the charge across each capacitor is same.

(or)

In series combination of capacitors, the magnitude of charge is received by the individual capacitors.

**ဒီအပေါ်က underline တားထားတဲ့စာသားက အရေးကြီးဆုံးရေးပေးသင့်တဲ့အချက်ပါ။ မကျန်ခဲ့ပါစေနဲ့။**

(4) Resistance (ခုခံမှု)ကိုလည်း နည်းအမျိုးမျိုးနဲ့ သိထားသင့်ပါတယ်။

- ❖ အရွယ်အစားနဲ့ပတ်သက်လာရင် $R = \frac{\rho l}{A}$၊
- ❖ Current, O'mhs Law နဲ့ပတ်သက်ရင် $R = \frac{V}{I}$ ဆိုတာကို သိထားရပါမယ်။
- ❖ Resistance ရဲ့ unit က SI system မှာ Ω ဖြစ်ပြီး $\Omega = VA^{-1}$ လို့လည်း မြင်ရပါမယ်။
- ❖ Circuit equation; $I = \frac{E}{R+r}$ မှာလည်း internal resistance(r) & external resistance (R) ပါဝင်တာကို သတိပြုရပါမယ်။
- ❖ $R_t = R_0(1 + \alpha t)$ အရ Resistance (R) သည် အပူချိန်နဲ့လိုက်ပြီး ပြောင်းလဲမှုရှိတာကို သိထားရပါမယ်။
- ❖ resistivity of a conductor နဲ့ resistance, length, area တို့ရဲ့ ဆက်စပ်မှုများ၊ Temperature coefficient of resistance တွေရဲ့ ဆက်စပ်မှုများကိုလည်း သိထားရပါမယ်။

ဒ့ါအပြင် Resistors တွေကို တန်းဆက်နဲ့ပြိုင်ဆက် ဆက်တဲ့အခါမှာ Capacitors တွေဆက်တာနဲ့ ပြောင်းပြန်ဆိုတာကိုလည်း နှိုင်းယှဉ်ပြီး လေ့လာသင့်ပါတယ်။

**ဒ့ါကြောင့် အချို့ပုစ္ဆာတွေဖြေဆိုရာမှာ ပြည့်စုံစွာဖြေဆိုနိုင်ရန် ပုစ္ဆာသဘော နားလည်ဖို့လိုပါတယ်။**

ဥပမာ – Find the equivalent resistance when three 6Ω resistors are connected (a) in series and (b) in parallel. Draw your answer with an appropriate diagram.

**ဒီပုစ္ဆာမှာ** 6Ω resistors (၃)လုံးကို series နဲ့ parallel အတွက် တန်ဖိုးတွေရှာပေးပြီး ပုံပါဆွဲပေးရမှာ ဖြစ်ပါတယ်။

$R_1 = R_2 = R_3 = 6\Omega$

(a) When they are in series, $R_S = R_1 + R_2 + R_3$

$R_S = 6 + 6 + 6 = 18\Omega$




(b) When they are in parallel, $\frac{1}{R_P} = \frac{1}{R_1} + \frac{1}{R_2} + \frac{1}{R_3}$

$\frac{1}{R_P} = \frac{1}{6} + \frac{1}{6} + \frac{1}{6} = \frac{3}{6} = \frac{1}{2}$

$\therefore R_P = 2\Omega$




ဥပမာ– Draw diagrams to show that resistances of 30 Ω and 22.5 Ω can be obtained by using one 20 Ω resistor and two 5 Ω resistors.

**ဒီပုစ္ဆာမှာ** Draw diagrams **လို့မေးထားပေမယ့်** 30 Ω and 22.5 Ω **ခုခံမှုတွေရရှိကြောင်း သက်သေပြပေးရမှာဖြစ်လို့ ပုံဆွဲပြရုံသာမက တွက်ပြပေးဖို့လည်းလိုပါတယ်။**

$R_1 = 20\Omega$, $R_2 = R_3 = 5\Omega$,

When $R_1$, $R_2$, $R_3$ are in series, $R_S = R_1 + R_2 + R_3$

$R_S = 20 + 5 + 5 = 30\Omega$




When $R_2$ & $R_3$ are in parallel, $\frac{1}{R_p} = \frac{1}{R_2} + \frac{1}{R_3}$

$\frac{1}{R_p} = \frac{1}{5} + \frac{1}{5} = \frac{2}{5}$

$\therefore R_p = 2.5\Omega$

When $R_p$ & $R_1$ are in series, $R = R_p + R_1$

$R = 2.5 + 20 = 22.5\Omega$




Current နဲ့ voltage တိုင်းတာမှုတွေအတွက် တိုင်းတာတဲ့ကိရိယာတွေရဲ့ ပတ်လမ်းဆက်သွယ်ပုံ (circuit connection)၊ အသုံးပြုပုံများကိုလေ့လာရာမှာ–

- ➢ Current တိုင်းဖို့ Ammeter ကိုသုံးပြီး Voltage တိုင်းဖို့အတွက် voltmeter ကိုသုံးတယ်ဆိုတာ သိထားရပါမယ်။
- ➢ Ammeter နဲ့voltmeter ပတ်လမ်းဆက်သွယ်ပုံများကို နှိုင်းယှဉ်လေ့လာထားရပါမယ်။
- ➢ Galvanometer ကိုအခြေခံပြီး Ammeter နဲ့Voltmeter ကိုတည်ဆောက်တဲ့အခါ Ammeter မှာ ခုခံမှုတန်ဖိုးငယ်တဲ့ wire(shunt) ကို galvanometer နဲ့ ပြိုင်ဆက်ဆက်သုံးပြီး voltmeter မှာ ခုခံမှုတန်ဖိုးကြီးတဲ့ wire ကို တန်းဆက်ဆက်ပြီးသုံးတယ်ဆိုတာ သိထားရပါမယ်။
  - ❖ Ammeter အတွက်ဆိုရင် $r = R_G \frac{i}{(I-i)}$ ဖြစ်ပြီး
  - ❖ Voltmeter အတွက်ဆိုရင် $R = \frac{V}{i} - R_G$ ဖြစ်ပါတယ်။

**Modern Physics** မှာ **Electronics** နဲ့ **Nuclear Physics** ဆိုပြီး အပိုင်းနှစ်ပိုင်းပါရှိပါတယ်။

**Electronics** အပိုင်းမှာ–

- ■ Diode, Triode, Transistor, Semiconductor အမျိုးအစားတွေအကြောင်းကို အသေးစိတ်ပုံနှင့်တကွ သိထားရပါမယ်။
- ■ junction diode, transistor တွေကို p–type, n–type semiconductor တွေနဲ့ပြုလုပ်တယ်။ Junction diode Biasing, Full wave and half wave rectifier များနဲ့တည်ဆောက်ပုံတွေ၊ Rectifier input & output waveforms တွေကိုလည်း သိထားရပါမယ်။
- ■ Transistor နဲ့ပတ်သက်ပြီး types, symbol, Biasing Circuit diagram, applications တွေကို ပုံနှင့်တကွ လေ့လာထားရပါမယ်။
- ■ Semiconductors နဲ့ transistor တို့ရဲ့ အားသာချက်များကို သိထားရပါမယ်။
- ■ နောက်တစ်ခုကတော့ IC, Electronic logic gate များရဲ့ symbol, truth table တွေကိုသိထားရမယ့်အပြင် Logic Gates တွေရဲ့ပေါင်းစပ်မှုနဲ့ လက်တွေ့အသုံးပြုပုံများကို သရုပ်ဖော်ပုံများနှင့်တကွ သေသေချာချာ နားလည်ထားရပါမယ်။

**Nuclear Physics** အပိုင်းမှာတော့–

- ■ atomic models, atomic structure တွေနဲ့ပတ်သက်သော အယူအဆများကို သရုပ်ဖော်ပုံများနှင့်တကွ သိထားရပါမယ်။
- ■ cathode rays, alpha rays, beta rays, gamma rays, x–rays တို့ရဲ့ ဂုဏ်သတ္တိ (properties), ထုတ်ဖော်ပုံများ (production) နှင့် အသုံးပြုပုံများ (applications) ကို သရုပ်ဖော်ပုံများနှင့်တကွ သိဖို့လိုအပ်ပါတယ်။
- ■ Radioactivity, radioisotopes and half–life တွေကိုလည်း နားလည်အောင် လေ့လာထားရပါမယ်။
- ■ nuclear reaction, nuclear energy, chain reaction, fission တွေရဲ့ fundamental concepts များနဲ့ nuclear energy ကိုထုတ်လုပ်ပေးတဲ့ nuclear reactor များကိုလည်း လေ့လာထားသင့်ပါတယ်။

အားလုံးကို ခြုံပြီးပြောရရင်–

၁. ရူပဗေဒ ပြဋ္ဌာန်းစာအုပ်မှာပါဝင်သော သီအိုရီ၊ ပုံသေနည်း၊ အသိသညာများကို ပိုင်နိုင်စွာလေ့လာထားရန်နှင့် ပြဋ္ဌာန်းစာအုပ်နှင့်မေးခွန်းဟောင်းများကို နားလည်သဘောပေါက်သည်အထိ အကြိမ်ကြိမ် လေ့လာလေ့ကျင့်ထားရန် လိုအပ်ပါတယ်။

၂. ပုစ္ဆာမှာ တန်ဖိုးတွေယူနစ်စနစ်တွေ ပြောင်းထားတာ ဖတ်စာအုပ်မှာပါတဲ့ မေးခွန်းပုံစံကို ရှေ့နောက်ပြောင်းမေးထားတာများကို ဂရုစိုက်ပါ။

၃. ဖြေဆိုထားသော အဖြေအသီးသီးမှာ မေးခွန်းနံပါတ်များ မှန်ကန်ပြည့်စုံစွာတပ်ရန် အထူးသတိပြုကြရပါမယ်။

၄. ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအားလုံး ကျန်းမာရွှင်လန်းစွာနှင့် ဘာသာရပ်အသီးသီးကို ထူးထူးချွန်ချွန် ဖြေဆိုအောင်မြင်နိုင်ကြပါစေ။ ။

# (ဝက်ထီးကန်)၌ မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်

**ဝက်ထီးကန် ဖေဖော်ဝါရီ ၂၄**

စခန်းအခြေပြု မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၀)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဝက်ထီးကန်၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၂) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီးနေမျိုးက အဖွင့်အမှာစကားပြောကြားပြီး ပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်)မှ ဦးစီးအရာရှိ ဦးသိန်းဝင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းခြင်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)မှ တိုင်းအတွင်းရေးမှူး ဦးရဲထွဋ်က အသင်းလုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အမှတ်(၂) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ ရဲမှူးကြီးနေမျိုးနှင့် တပ်ခွဲမှူး မူးယစ်တပ်ဖွဲ့စု(၃၇)၊ ပြည်မြို့မှ ရဲမှူးစိုးလှိုင်၊ ပြည်မြို့နယ်သတင်းတပ်ဖွဲ့ ရဲမှူးခင်မောင်လှ (MANA)အသင်း တိုင်းဒေသကြီးအတွင်းရေးမှူး ဦးရဲထွဋ်နှင့် အမှုဆောင်များ၊ ဝက်ထီးကန်တိုက်နယ်ဆေးရုံမှ ဒေါက်တာတင်ဌေးဌေးအိ၊ မိခင်နှင့်ကလေးဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အမှုဆောင်များ၊ ဝက်ထီးကန်တိုက်နယ် အုပ်ချုပ်ရေးမှူး၊ ကြီးမြတ်သူပရဟိတအသင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကုသရေး၊ ပြန်လည်ထူထောင်ရေး၊ စိုက်ပျိုးရေး၊ တိမွေးကုဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ မိဘပြည်သူများ၊ သင်တန်းသားများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၃၀ ဖြင့် ဖေဖော်ဝါရီ ၁၇ ရက်မှ မေ ၁၆ ရက်အထိ ရက် ၉၀ ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**



# မင်းတပ်မြို့၌ ဦးဝမ္မသူးမောင်းကြေးရုပ်နှင့် ပန်းခြံဖွင့်ပွဲ ကျင်းပ

**မင်းတပ် ဖေဖော်ဝါရီ ၂၄**

ချင်းပြည်နယ် မင်းတပ်မြို့ အရှေ့ပြင်ရပ်ကွက်၌ ယနေ့ နံနက် ၇ နာရီတွင် ဦးဝမ္မသူးမောင်းကြေးရုပ်နှင့် ပန်းခြံဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၊ မင်းတပ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ ဦးဝမ္မသူးမောင်းကြေးရုပ်နှင့် ပန်းခြံဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကီးရှိန်းနှင့် ဦးဝမ္မသူးမောင်းကြေးရုပ်တု အလှူရှင် ဦးရှိန်းမာန်တို့က ရုပ်တုကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဦးဝမ္မသူးမောင်းကြေးရုပ်နှင့် ပန်းခြံဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကီးရှိန်းက ဦးဝမ္မသူးမောင်း၏ သမိုင်းအကျဉ်းကို ဖတ်ကြားခဲ့ကြောင်း သိရသည်။ **ခွီရှိန်းမောင်း(ခရိုင်ပြန်/ဆက်)**

# စတုတ္ထတန်းနှင့် အဌမတန်းစာမေးပွဲ စတင်ဖြေဆို



**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

သန်လျင်မြို့နယ်တွင် စတုတ္ထတန်းနှင့် အဌမတန်းစာမေးပွဲများကို သက်ဆိုင်ရာ ကျောင်းများတွင် ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်ကျင်းပရာ ကျောင်းသားကျောင်းသူများ ပျော်ရွှင်စွာ ဖြေဆိုလျက်ရှိသည်။

သန်လျင်မြို့နယ်တွင် စတုတ္ထတန်း ၄၉၅ ဦးနှင့် အဌမတန်း ၃၄၀၅ ဦး ဝင်ရောက် ဖြေဆိုလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**သန်းဝင်း(သန်လျင်)**

**ဝါးခယ်မ**

၂၀၁၉–၂၀၂၀ ပညာသင်နှစ် စတုတ္ထတန်းနှင့် အဌမတန်းတို့၏ စာမေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်ကျင်းပလျက်ရှိရာ ဝါးခယ်မမြို့နယ်တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုလျက်ရှိသည်။

ဝါးခယ်မမြို့နယ်အတွင်း စတုတ္ထတန်းစာမေးပွဲတွင် ကျောင်းသားကျောင်းသူ ၆၅၀၀၊ အဌမတန်းစာမေးပွဲတွင် ၃၈၁၄ ဦး ဖြေဆိုလျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



ဖေဖော်ဝါရီ ၂၀ ရက်တွင် ဗိုလ်တထောင်မြို့နယ် အမှတ် (၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့မရဲစခန်းမှ ခေတ္တနယ်ထိန်းအရာရှိ ရဲအုပ်ကျော်မိုးငြိမ်းက ရပ်မိရပ်ဖများနှင့် ပြည်သူများအား မူခင်းအသိပညာပေး ဟောပြောစဉ်။

မီးမီး(လှိုင်)

# မြန်မာကလပ်များ ယှဉ်ပြိုင်နေသည့် AFC Cup အုပ်စု ဒုတိယပွဲကို ဖေဖော်ဝါရီ ၂၅၊ ၂၆ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

၂၀၂၀ AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်ကို ဖေဖော်ဝါရီ ၂၅၊ ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲရရန် ကြိုးပမ်းရမည်ဖြစ်သည်။

အုပ်စုဒုတိယပွဲအဖြစ် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် လာအိုကလပ် လာအိုတိုယိုတာအသင်း၊ ဖေဖော်ဝါရီ ၂၆ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စုအဖွင့်ပွဲတွင် မြန်မာကလပ်အသင်း နှစ်သင်းစလုံး နိုင်ပွဲပျောက်ဆုံးခဲ့သောကြောင့် ရလဒ်ကောင်းရရန် ကြိုးပမ်းရမည်ဖြစ်ပြီး အနိုင်ရရှိမှသာ နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အတွက် ပိုမိုအားကောင်းမည်ဖြစ်သည်။ နှစ်သင်းစလုံး နိုင်ပွဲရယူနိုင်ရန် မဖြစ်မနေ ကြိုးပမ်းရမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် မာကာဆာအသင်းနှင့် အဝေးကွင်းပွဲယှဉ်ပြိုင်ရန် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

ရန်ကုန်အသင်းသည် အိမ်ကွင်းကစားရမည်ဖြစ်သောကြောင့် အခွင့်အရေးအသုံးချနိုင်ရန် လိုအပ်နေသည်။ ရန်ကုန်အသင်းပါဝင်သည့် အုပ်စု (F) တွင် ဟောင်အန်ယူနိုက်တက် (စင်ကာပူ)က သုံးမှတ်၊ ဟိုချီမင်းစီးတီး (ဗီယက်နမ်)နှင့် ရန်ကုန် (မြန်မာ)က တစ်မှတ်စီ၊ လာအိုတိုယိုတာ(လာအို)က အမှတ်မရသေးပေ။ ရန်ကုန်အသင်းနှင့် ကစားမည့် လာအိုတိုယိုတာအသင်းသည် အဖွင့်ပွဲတွင် စင်ကာပူကလပ် ဟောင်အန်အသင်းကို အိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

**ရှိုင်းထက်ဇော်**

# တိုက်စစ်မှူးကာဗာနီ ပီအက်စ်ဂျီအသင်းနဲ့အတူ ဂိုး ၂၀၀ ပြည့် သွင်းယူနိုင်ခဲ့



တိုက်စစ်မှူးကာဗာနီဟာ ပီအက်စ်ဂျီအသင်းက ဘော်ဒိုးအသင်းကို လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ပြင်သစ်ပထမတန်းပြိုင်ပွဲမှာ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် လက်ရှိမှာ ပီအက်စ်ဂျီအသင်းနဲ့အတူ ဂိုး ၂၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။

တိုက်စစ်မှူးကာဗာနီဟာ ပီအက်စ်ဂျီအသင်းနဲ့ ဘော်ဒိုးအသင်းတို့ရဲ့ ပွဲစဉ်မှာ ပွဲကစားချိန် ၂၅ မိနစ်တွင် တစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး ပီအက်စ်ဂျီအသင်းအတွက် ကျန်သွင်းဂိုးတွေကိုတော့ မာကွင်ဟိုက နှစ်ဂိုးနဲ့ အမ်ဘတ်ပီက တစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ တိုက်စစ်မှူးကာဗာနီဟာ ၂၀၁၃ ခုနှစ်က နာပိုလီအသင်းကနေ ပြင်သစ်အင်အားကြီး ပီအက်စ်ဂျီအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အဲဒီအချိန်ကစလို့ လက်ရှိအချိန်အထိ ၂၉၈ ပွဲ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၂၀၀ ပြည့်မြောက်ခဲ့တာလည်း ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ပြင်သစ်ပထမတန်းပွဲစဉ် ၂၆ အပြီးမှာ ရမှတ် ၆၅ မှတ် စုဆောင်းနိုင်ခဲ့ပြီး ဒုတိယနေရာက မာဆေးလ်အသင်းကို ၁၃ မှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရှိခဲ့ပေမယ့် ဘော်ဒိုးအသင်းနဲ့ပွဲစဉ်မှာ အသင်းခေါင်းဆောင် သီယာဂိုဆေးလ်ဗာကိုတော့ ဒဏ်ရာရရှိခဲ့လို့ နစ်နာခဲ့ရတဲ့အပြင် တိုက်စစ်မှူးနေမာလည်းအနီကတ်ပြ ထုတ်ပယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

# နှစ်ပေါင်း ၆၁ နှစ်အတွင်း အီတလီစီးရီးအေ ၂၅ ပွဲမှာ ၂၇ ဂိုးသွင်းယူနိုင်တဲ့ ပထမဆုံးကစားသမား အင်မိုဘိုင်းလ်



လာဇီယိုတိုက်စစ်မှူး အင်မိုဘိုင်းလ်ဟာ လာဇီယိုအသင်းက ဂျီနိုအာအသင်းကို အနိုင်ရရှိခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ် ၂၅ မှာ တစ်ဂိုးသွင်းယူပေးနိုင်ခဲ့တာကြောင့် နှစ်ပေါင်း ၆၁ နှစ်အတွင်းမှာ အီတလီစီးရီးအေ ၂၅ ပွဲမှာ ၂၇ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

ဂျီနိုအာအသင်းနဲ့ လာဇီယိုအသင်းတို့ရဲ့ပွဲစဉ်မှာ လာဇီယိုအသင်းက ဂျီနိုအာအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီနိုင်ပွဲကြောင့် အမှတ်ပေးဇယားထိပ်ဆုံးက ဂျူဗင်တပ်အသင်းကို တစ်မှတ်အကွာအနေအထားနဲ့ ဆက်လက်ဖိအားပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အီတလီစီးရီးအေပွဲစဉ် ၂၅ ပွဲမှာ သွင်းဂိုး ၂၇ ဂိုးအထက် သွင်းယူနိုင်ခဲ့တဲ့ နောက်ဆုံး ကစားသမားကတော့ အိန်ဂျယ်လီလိုဖြစ်ပြီး အိန်ဂျယ်လီလိုဟာ ၁၉၅၈-၅၉ ဘောလုံးရာသီမှာ အင်တာမီလန်အသင်းနဲ့အတူ အီတလီစီးရီးအေ ၃၃ ပွဲမှာ ၃၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

